# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၁၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

၂၀၁၄ ခုနှစ်၊ မေ ၉ ရက်၊ သောကြာနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**



# သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာကိစ္စရပ်များ လူသားချင်းစာနာမှု အကူအညီပေးရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စ ဆာရက်ဆီးဝေါလ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ ဦးတင်ဦးလွင်နှင့် ဦးအောင်သိမ်းတို့ တက်ရောက်ကြပြီး အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ် တက်ရောက်သည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံရာတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်များ ထိတွေ့ဆက်ဆံမှုဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်ဆီးဝေါလ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)


တောင်ကိုရီးယားနိုင်ငံ၏ ပညာရေးစနစ် အာရှတွင် အကောင်းဆုံးဟုဆို စာမျက်နှာ » ၄

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပတ်သက်၍ လေ့လာရာတွင် (ဆောင်းပါး) စာမျက်နှာ » ၆

ရေတာရှည်၌ မိုးများရွာသွန်း၍ အပူချိန်များ လျော့ကျ စာမျက်နှာ » ၁၁

ဂုဏ်ယူစရာ မန္တလေးက ပညာအလှူပြ စာမျက်နှာ » ၁၅



ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။


# ပြည်တွင်းဈေးကွက်သို့ ဈေးသက်သာစွာဝင်ရောက်လာသည့် တရားမဝင်ပုစွန်များ

ရန်ကုန် ဈေးကွက်အတွင်းသို့ တရားမဝင် ပုစွန်တင်သွင်းမှုများ များပြားလာသဖြင့် ပုစွန်ဈေးကွက် ဈေးနှုန်းများ ကျဆင်းလာသော်လည်း အရည်အသွေးမပြည့်မီမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဗဟိုစံပြငါးဈေးအတွင်းရှိ ပုစွန်အရောင်းဒိုင်များထံမှ သိရသည်။ ဗဟိုစံပြငါးဈေးအတွင်း ပြည်တွင်းရှိ ငါး၊ ပုစွန်လုပ်ငန်းရှင်များက ကုန်စည်ရောင်းချနိုင်မှုနှင့် ဝယ်လက်အနေအထားအရ ဈေးနှုန်းများကို ညှိနှိုင်းရောင်းချလျက်ရှိကြသော်လည်း နယ်စပ်မှ တရားမဝင် တင်သွင်းလာခဲ့သည့် ရေခဲရိုက်ပုစွန်များကြောင့် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမငြိမ်သက်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။ "ကျွန်တော်တို့အနေနဲ့ စံပြငါးဈေးကြီးအတွင်းမှာ တရားမဝင်ရောင်းချတာမျိုး ခွင့်မပြုပါဘူး။ ဈေးမှာရောင်းချတဲ့ ငါးအားလုံးနဲ့ ရေထွက်ကုန်တွေအကုန်လုံးက မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ တရားဝင် ဖွင့်လှစ်ရောင်းချနေတဲ့ လုပ်ငန်းရှင်တွေသာ ဖြစ်ပါတယ်။ နယ်စပ်ကနေပို့လာတဲ့ ပုစွန်တွေကတော့ ဈေးပတ်ဝန်းကျင်မှာရောင်းချနေတာဖြစ်ပါတယ်။ ဈေးနှုန်းက ပြည်တွင်းဈေးနဲ့ယှဉ်ရင် တစ်ဝက်နီးပါးသက်သာလို့ အဝယ်များကြတာဖြစ်ပါတယ်။ သို့သော် အရည်အသွေးပိုင်းနဲ့ယှဉ်ရင်တော့ အများကြီးကွာခြားတယ်။ သက်ဆိုင်ရာ အဆင့်ဆင့်ကိုလည်းတင်ပြထားပြီး တရားမဝင် ပုစွန်တင်ပို့ရောင်းချမှုကို တားဆီးဖို့စီစဉ်လျက်ရှိပါတယ်"ဟု ဗဟိုစံပြငါးဈေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သတင်း-သွန်းဝသန်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


*စာမျက်နှာ ၃ ကော်လံ ၁* ❊







ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်ဆီးဝေါလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

**နေပြည်တော် မေ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်ဆီးဝေါလ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးရာတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နေမှု၊ တပ်မတော်က နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေမှုများ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်းများ မရှိစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်နေမှုများ၊ ကျင့်သုံးဆောင်ရွက်နေသည့် စစ်ဘက်ဥပဒေကျင့်ဝတ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်အား စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဖေဇင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စွမ်းအင်စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ဒေါက်တာမြတ်လွင် | ပါမောက္ခချုပ်<br>မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်<br>ပို့ဆောင်ရေးဝန်ကြီးဌာန |

## ထရန်စဖော်မာချွတ်ယွင်းမှုအတွက် အသစ်တပ်ဆင်ပေး

**ရန်ကုန် မေ ၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် မေ ၂ ရက်တွင် (က) ရပ်ကွက်၌ ၅၀၀ ကေဗွီအေထရန်စဖော်မာချွတ်ယွင်းမှုအတွက် ထရန်စဖော်မာအသစ်တစ်လုံး အစားထိုးတပ်ဆင်နိုင်ခဲ့သဖြင့် ရပ်ကွက်နေပြည်သူများ ဓာတ်အားပုံမှန် ရရှိခဲ့ကြောင်း သိရသည်။

**မွေးမွေး(သဃ်န်းကျွန်း)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်နေ




**ရန်ကုန် မေ ၈**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့တော်တွင် မေ ၂ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော (၄၇) ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးနှင့် (၁၇) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက်တွင် အက်စ်တာနာမြို့ ယာမာဒါဟိုတယ်၌ ကျင်းပသော (၁၇)ကြိမ်မြောက် အာဆီယံ ၁၀ နိုင်ငံနှင့်ဆွေးနွေးဖက် (၃) နိုင်ငံဖြစ်ကြသည့် ဂျပန်၊ တရုတ်နှင့် ကိုရီးယားနိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာတာရိုအာဆိုနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် အာဆီယံ+၃ နိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံများ၏ မက်ခရိုစီးပွားရေးအခြေအနေ၊ အာဆီယံနှင့်ဆွေးနွေးဖက် (၃)နိုင်ငံတို့၏ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် မှုတိုးမြှင့်ရေး၊ အာဆီယံ မက်ခရိုစီးပွားရေး သုတေသနအဖွဲ့၏ လုပ်ငန်းဆိုင်ရာ တိုးတက်မှုအခြေအနေ၊ ဘဏ္ဍာရေးလုပ်ငန်းတွင် နိုင်ငံအများပါဝင် ဆောင်ရွက်ရေးဆိုင်ရာ ဇင်းမယ်ဦးဆောင်သဘောတူညီချက်၊ အာဆီယံငွေချေးစာချုပ်၊ ဈေးကွက်အခြေအနေ၊ အာဆီယံ သုတေသနအဖွဲ့နှင့် အနာဂတ်ဦးစားပေး ကဏ္ဍဆိုင်ရာများကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြသည်။ ယင်း ကိစ္စရပ်များနှင့် စပ်လျဉ်းသော အာဆီယံနှင့်ဆွေးနွေးဖက် (၃) နိုင်ငံတို့၏ ပူးတွဲသဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး ပူးတွဲသဘာပတိ နှစ်ဦးဦးဆောင်၍ သတင်းစာရှင်းလင်းပွဲ တစ်ရပ် ကျင်းပခဲ့သည်။

မေ ၄ ရက်နှင့် ၅ ရက်တွင် အက်စ်တာနာမြို့တော် လွတ်လပ်ရေး နန်းတော်၌ ကျင်းပသော (၄၇) ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၃ ခုနှစ် နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် (၄၆)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးမှ ယနေ့ကာလအထိ မြန်မာနိုင်ငံသည် အခြား အာဆီယံနိုင်ငံများနည်းတူ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် တိုးတက်မှုနှင့်စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ မြန်မာအစိုးရအနေဖြင့် နိုင်ငံရေး၊ စီမံအုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးနှင့်ပုဂ္ဂလိက ကဏ္ဍစသည့် နယ်ပယ်အသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နေပါကြောင်း။ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှု အခြေအနေကိုလည်း သတိပြုဆောင်ရွက်နေကြောင်း။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးတို့ကိုလည်း ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်နေကြောင်း။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် အာဆီယံအခြေခံ အဆောက်အအုံဆိုင်ရာ ရန်ပုံငွေမှတစ်ဆင့် ဒေသဆိုင်ရာ ဆက်သွယ်မှုရရှိရေးအတွက် ဝိုင်းဝန်းကူညီစေလိုကြောင်း။ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌတာဝန်ယူစဉ် ဘဏ္ဍာရေးဝန်ကြီးဌာနက အာဆီယံဒေသတွင်း ဘဏ္ဍာရေးကဏ္ဍတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးဟူသော အကြောင်းအရာခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်ဖြစ်ရာ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

(၄၇)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံပေါင်း (၆၇)နိုင်ငံမှ ကိုယ်စားလှယ် ၃၀၀၀ ခန့်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကျင်းပစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ နာကာအိုနှင့်လည်းကောင်း၊ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး မစ္စတာတာရိုအာဆိုနှင့် လည်းကောင်း၊ ဖင်လန်နိုင်ငံ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ အဆင့်မြင့်အရာရှိကြီးများနှင့်လည်းကောင်း တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သော ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းသည် မေ ၂ရက်တွင် အာဆီယံ +၃ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးတွင် ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖူရူဆာယာနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးဆောင်ကျင်းပသည့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် ဖွဲ့စည်းထူထောင်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည် အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❋ ရှေ့ဖုံးမှ**

ပြည်တွင်းရှိ ပုစွန်လုပ်ငန်းရှင်များမှ တရားဝင်ရောင်းချခြင်းများတွင် ပုစွန်တုပ်ဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ မှ ၁၈၀၀၀ နှုန်း ဝန်းကျင်အထိ အရည်အသွေးအရ ဈေးနှုန်းကွာခြားမှုရှိပြီး ထိုင်းနိုင်ငံမဲဆောက်မှ မြဝတီလမ်းကြောင်းအတိုင်း ဆင်းလာခဲ့သည့် ရေခဲရိုက်တရားမဝင် ပုစွန်များမှာမူ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၈၀၀၀ ကြားသာရှိကြောင်း သိရသည်။ နယ်စပ်မှရောက်ရှိလာသည့် တရားမဝင်ပုစွန်များမှာ ဈေးကွက်အတွင်း တစ်ပတ်လျှင် သုံးရက်ခန့်တွေ့ရှိရပြီး ဈေးနှုန်းများမှာ ပြည်တွင်းဈေးနှုန်းထက် သက်သာမှုကြောင့် အဝယ်လိုက်နေသော်လည်း တရားမဝင်ကုန်စည်များဖြစ်သဖြင့် နေ့စဉ်မရရှိနိုင်ကြောင်း၊ ကုန်စည်အရည်အသွေးမှာလည်း ပြည်တွင်းပုစွန်များနှင့် ကွာခြားသဖြင့် အဆိုပါ တင်သွင်းသူများမှာ အခွန်အခများပေးဆောင်ကာ တင်သွင်းရောင်းချပါက ဈေးနှုန်းအနည်းငယ်မြင့်တတ်သွားနိုင်သော်လည်း အရည်အသွေးပိုင်းတွင် စားသုံးသူများအတွက် ပိုပိုကောင်းမွန်လာနိုင်ကြောင်း ထိုင်းမှတင်သွင်းသည့် တရားမဝင်ပုစွန်များအား တစ်ဆင့်ပြန်လည်ရောင်းချသူတစ်ဦးက ပြောကြားသည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းမှုအပေါ် အရေးယူဆောင်ရွက်ပေးနိုင်ရန်အတွက် ငါးလုပ်ငန်းအဖွဲ့ချုပ်က စီးပွား/ကူးသန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပြည်နယ်အစိုးရများထံသို့ အကြောင်းကြားစာများ ပေးပို့ထားခဲ့ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

# ဗီယက်နမ်နှင့်တရုတ်သင်္ဘောများတိုက်မှု အမေရိကန်က စိုးရိမ်မိကြောင်းပြောကြား

**ဝါရှင်တန် မေ ၈**

ဗီယက်နမ်နှင့် တရုတ်တို့မှ သင်္ဘောများ အငြင်းပွားရေပိုင်နက်အတွင်း တိုက်မိခဲ့ပြီးနောက် တောင်တရုတ်ပင်လယ်၌ အန္တရာယ်တစ်ခုခုဖြစ်ပွားလာမည်ကို စိုးရိမ်မိကြောင်း အမေရိကန်က ပြောကြားလိုက်သည်။

အဆိုပါ သင်္ဘောတိုက်မှုဖြစ်ပွားရခြင်းမှာ ဗီယက်နမ်သင်္ဘောများက ပါရာဆဲလ်ကျွန်းစုအနီး တရုတ်တို့က ရေနံတူးစင်တစ်ခု ထူထောင်နေမှုကို တားဆီးရန် ကြိုးစားခဲ့ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်သည် နှစ်များစွာအတွင်း နှစ်နိုင်ငံအကြား အဆိုးရွားဆုံးဖြစ်ကြောင်း၊ အဆိုပါ အငြင်းပွားရေပိုင်နက်အတွင်း ဒါဇင်နှင့်ချီသော ရေယာဉ်များ ရောက်ရှိနေကြောင်း သတင်းတွင် ဖော်ပြသည်။

ပေကျင်းက အငြင်းပွားဒေသတွင် ရေနံတူးစင်ထူထောင်ရန် ကြိုးပမ်းမှုသည် ပြဿနာဖြစ်လာအောင် လုပ်နေခြင်းဖြစ်ကြောင်း အမေရိကန်က ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား အငြင်းပွားဒေသ၌ သင်္ဘောများ မောင်းနှင် သွားလာနေမှုအပေါ် အလွန်ပင်စိုးရိမ်မိကြောင်း အမေရိကန် ပြောရေးဆိုခွင့်ရှိသူ ဂျင်းပီဆာကီ၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါ အငြင်းပွားရေပိုင်နက်၌ သင်္ဘောများသွားလာရာတွင် နိုင်ငံတကာဥပဒေနှင့်အညီ လုပ်ဆောင်သင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ပါရာဆဲလ်ကျွန်းစုသည် တရုတ်က ထိန်းချုပ်ထားသော ကျွန်းစုဖြစ်သည်။ သို့သော်လည်း ဗီယက်နမ်တို့ကလည်း ၎င်းတို့ပိုင်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။ လွန်ခဲ့သော သီတင်းပတ်က ယင်းဒေသတွင် ရေနံတူးဖော်မည်ဟု တရုတ်ကကြေညာခဲ့သည်။ ဗီယက်နမ်ကလည်း ယင်းဒေသသို့ ရဲတပ်ဖွဲ့နှင့် ငါးဖမ်းသင်္ဘောများ စေလွှတ်ခဲ့သည်။ **(ဘီဘီစီ)**



# တောင်ကိုရီးယားနိုင်ငံ၏ ပညာရေးစနစ် အာရှတွင်အကောင်းဆုံးဟုဆို

**လန်ဒန် မေ ၈**

ဗြိတိန်နိုင်ငံသည် ဥရောပနိုင်ငံများတွင် ဒုတိယအကောင်းဆုံးပညာရေးဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ပညာရေးအဖွဲ့ချုပ်ဇယားတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ ပညာရေးစနစ်သည် အာရှသုံးနိုင်ငံတွင် အကောင်းဆုံးနိုင်ငံဖြစ်ပြီး ဖင်လန်နိုင်ငံက နံပါတ် ၅ အဆင့်ရှိကြောင်း ပီယာဆင်(Pearson) ပညာရေးနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းမှ ထုတ်ပြန်ထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါပညာရေးအဆင့်အတန်းသတ်မှတ်မှုသည် ဗြိတိန်နိုင်ငံက မြင့်တင်ဆောင်ရွက်နေသော နိုင်ငံတကာကျောင်းများ၏ စမ်းသပ်စစ်ဆေးမှုကဲ့သို့သော အဆင့်မြင့်ပညာရေးလည်း ပါဝင်သည်ဟု ဆိုသည်။

ပညာရေးတိုးတက်မှုနှင့် ကျွမ်းကျင်မှုသည် စီးပွားရေးတွင် အရေးကြီးကြောင်း ပီယာဆင်အမှုဆောင်အရာရှိချုပ် ဂျွန်ဖော်လွန်က ထောက်ပြထားသည်။

တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ဟောင်ကောင်တို့သည် အာရှတွင် ပညာရေးစနစ် အကောင်းဆုံးနိုင်ငံများဖြစ်သည်ဟု ဆိုသည်။ သို့သော် ဗြိတိန်နိုင်ငံသည် ဥရောပနိုင်ငံတွင် ဒုတိယအဆင့်သာ လိုက်ခဲ့သည်။ ဂျာမနီ၊ ပြင်သစ်နှင့်အမေရိကန်တို့က အကောင်းဆုံးနိုင်ငံများဖြစ်ကြသည်။

အဆိုပါ ပညာရေးစနစ်အဆင့်သတ်မှတ်ရာတွင် နိုင်ငံတကာစမ်းသပ်စစ်ဆေးမှုများနှင့် ပညာရေးဆိုင်ရာ အချက်အလက်များပေါ်တွင် အခြေခံထားသည်။ **(ဘီဘီစီ)**



# မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ်သုံးစင်း တောင်ကိုရီးယားတွေ့ရှိ

**ဆိုးလ် မေ ၈**

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (DPRK-မြောက်ကိုရီးယား) က စေလွှတ်သော မောင်းသူမဲ့လေယာဉ်သုံးစင်းကို နှစ်နိုင်ငံနယ်စပ်၌တွေ့ရကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။ အမေရိကန်-တောင်ကိုရီးယား ပူးပေါင်းစုံစမ်းရေးအဖွဲ့က ဧပြီ ၁၁ ရက်တွင် ကြားဖြတ်အာကာသယာဉ်အစီအစဉ်ကြေညာပြီးနောက် သိပ္ပံဆိုင်ရာအာကာသယာဉ်က မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ်များကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်မင်ဆောက်က ပြောသည်။

ပထမဆုံးသော မောင်းသူမဲ့လေယာဉ်ကို တောင်ကိုရီးယားနိုင်ငံအရှေ့မြောက်ပိုင်း ပါဂျူးမြို့အနီး နယ်စပ်ကုန်းမြေပေါ်တွင် မတ်လအတွင်းက တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ဒုတိယတစ်ခုကို မတ် ၃၁ ရက်က အနောက်ပိုင်းအငြင်းပွားဒေသ ရေပြင်တောင်ဘက် ဘီယွန်းကျွန်းပေါ်၌ တွေ့ရှိခဲ့သည်။ နောက်ဆုံးတစ်ခုကို နှစ်နိုင်ငံကြား စစ်မဲ့ဇုန်တောင်ဘက် ကီလိုမီတာ ၁၃၀ အကွာ ဆမ်ချောက်အရပ်၌ ဧပြီ ၆ ရက်က တွေ့ခဲ့သည်။ **(ဆင်ဟွာ)**

# အိန္ဒိယနိုင်ငံက မလေးရှားအဲအာရှ ပူးတွဲလေကြောင်းလိုင်း ပြေးဆွဲခွင့်ပြု

**နယူးဒေလီ မေ ၈**

အိန္ဒိယနိုင်ငံသည် မလေးရှားအခြေစိုက် အဲအာရှလေကြောင်း၏ ကုန်ကျစရိတ်အနည်းဆုံး အိန္ဒိယပူးတွဲလေကြောင်းလိုင်း ပြေးဆွဲရန်အတွက် နှစ်ဦးနှစ်ဖက်ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ခွင့်ပြုခဲ့သည်ဟု အိန္ဒိယအဲအာရှလေကြောင်းလိုင်းက ပြောသည်။

အိန္ဒိယလေကြောင်းအဖွဲ့ အဖွဲ့အစည်း (DGCA)က မလေးရှားအဲအာရှနှင့် အိန္ဒိယအဲအာရှလေကြောင်းလိုင်းအကြား ပူးတွဲလုပ်ငန်းလုပ်ဆောင်ရန် သဘောတူခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကိုတရားရုံးချုပ်လမ်းညွှန်မှုဖြင့် ဗဟိုတရားရုံးက နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း DGCA အကြီးအကဲက မီဒီယာသို့ ပြောကြားခဲ့သည်။

မျက်မှောက်ကာလများတွင် လေကြောင်းခရီးသွားလာရေးအတွက် လိုအပ်ချက်ရှိနေသေးသော အိန္ဒိယနိုင်ငံသည် ၂၀၁၂ ခုနှစ်က ၎င်း၏လေကြောင်းဈေးကွက်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လမ်းဖွင့်ပေးခဲ့သော်လည်း နိုင်ငံ၏ အဓိကလေကြောင်းလိုင်းခြောက်ခုအနက် လက်ရှိတွင် တစ်ခုသာလျှင် အကျိုးဖြစ်ထွန်းလျက်ရှိသည်ဟု ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ရုရှားတပ်များ ယူကရိန်းနယ်စပ်မှ ရုပ်သိမ်းကြောင်း ပူတင်ပြော

**မော်စကို မေ ၈**

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနယ်စပ်မှ ၎င်း၏တပ်ဖွဲ့ဝင်များ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ဆွစ်ကွန်ဖက်ဒရေးရှင်းဥက္ကဋ္ဌ ဒီဒီယာဘာခါတာနှင့်မော်စကိုမြို့၌ ဗုဒ္ဓဟူးနေ့က တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ သူတို့ကိုပြန်ခေါ်ပြီးပါပြီ။ သူတို့ယူကရိန်းနယ်စပ်မှာ ကြာကြာမနေပါဘူး။ ဒါပေမယ့် သူတို့ရဲ့အခြေစိုက်စခန်းနဲ့လေ့ကျင့်ရေး နေရာတွေတော့ရှိဦးမှာပါ" ဟု ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) သဘာပတိအဖြစ် ဆောင်ရွက်နေသော ဘူခါတာနှင့်တွေ့ဆုံစဉ် ပူတင်က ပြောကြားလိုက်သည်။

ပူတင်က ယူကရိန်းအနီး အဆိုပါနေရာဒေသရှိ စခန်းများနေရာကို အတိအကျထုတ်ဖော်ပြောဆိုခြင်း မရှိပေ။ ထိုအတောအတွင်း ယူကရိန်းနိုင်ငံအတွင်း အကျပ်အတည်းများ အရှိန်မြင့်တက်လာမှုအပေါ် ကိယက်ဗ်အာဏာပိုင်များက အပြစ်ပြောဆိုလိုက်သည်။ **(ဆင်ဟွာ)**

# စစ်ဆင်ရေး၌ ယူကရိန်းစစ်သား ၁၄ ဦး သေဆုံး

**ကိယက်ဗ် မေ ၈**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသများ၌ အစိုးရက အကြမ်းဖက်သမားများကို တိုက်ဖျက်ရေးစစ်ဆင်ရေးစတင်ခဲ့ကတည်းက ယူကရိန်းစစ်သား ၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

ရုရှားလိုလားသူ အကြမ်းဖက်သမားများ သိမ်းပိုက်ထားသော မြို့များကို ပြန်လည်ရယူရန် စစ်ဆင်ရေးပြုလုပ်ရာ ယူကရိန်းစစ်သား ၆၆ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးဗျူရိုက ဖော်ပြခဲ့သည်။ ၎င်းစစ်ဆင်ရေးကို ဧပြီ ၁၃ ရက်ကတည်းက စတင်ခဲ့ရာ ရုရှားလိုလားသူ အကြမ်းဖက်သမားများ၏ သေကျေဒဏ်ရာရသူ အရေအတွက်ကို အာဏာပိုင်များက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

# ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ၊ အမျိုးသားပြတိုက်လေ့လာ



**ရန်ကုန် မေ ၈**

ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ဩစတြီးယားနိုင်ငံပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E.Ms.Doris BURES နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် RBE အထူးရထားဖြင့် ရန်ကုန်-အင်းစိန် မြို့ပတ်ရထားလမ်းပိုင်းကို ကြည့်ရှုလေ့လာကြသည်။

**သွားရောက်တွေ့ဆုံ**

ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး H.E.Ms.Doris BURES သည် ညနေ ၄ နာရီတွင် ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား တက္ကသိုလ်ရိပ်သာလမ်းရှိ ၎င်း၏ နေအိမ်သို့ သွားရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်ဆီးဝေါလ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်ဆီးဝေါလ်နှင့်အဖွဲ့သည် အဆိုပါဝန်ကြီးရုံး၌ ယနေ့ညနေ ၄ နာရီတွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# DVB သတင်းထောက်ဖြစ်ပါက သတင်းထောက်ဗီဇာဖြင့် ဝင်ရောက်ရန်လို ယခုကဲ့သို့ လိမ်လည်လျှောက်ထား၍ စီးပွားရေးလုပ်ငန်းဗီဇာဖြင့် ဝင်ရောက်မှုမှာ မသင့်တော်၊ ရိုးသားမှုမရှိသောလုပ်ရပ်ဖြစ်

**နေပြည်တော် မေ ၈**

မကွေးမြို့၌ မေ ၇ ရက် နံနက်ပိုင်းကခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခဲ့သည့် စီတန်းလှည့်လည်ဆန္ဒပြမှုတွင် နိုင်ငံခြားသားတစ်ဦး လိုက်ပါဆန္ဒပြခဲ့သည်ကို တာဝန်ရှိသူများက စိစစ်တွေ့ရှိခဲ့ကြသည်။ ၎င်းသည် ခွင့်ပြုချက်မရဘဲ စီတန်းလှည့်လည်ဆန္ဒပြရာတွင် ပါဝင်ခဲ့သည့်အတွက် ဗီဇာစည်းကမ်းဖောက်ဖျက်သောကြောင့် လဝကအက်ဥပဒေဖြင့် အရေးယူ၍ မေ ၈ ရက်တွင် ပြည်နှင်ဆောင်ရွက်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။

၎င်းနိုင်ငံခြားသားသည် ဩစတြေးလျနိုင်ငံသား Mr.WATSON ANGUS ROBERZS ဆိုသူဖြစ်ပြီး ၎င်း၏ပတ်စ်ပို့နံပါတ်မှာ ၈၉၉၃၆၈ ဖြစ်ကာVisa No; 08986/Business ဖြင့် ဝင်ရောက်လာသူဖြစ်ကြောင်း၊ ဧပြီ ၂၇ ရက်တွင် ရန်ကုန်လေဆိပ်မှ ဝင်ရောက်ခဲ့ပြီး ရန်ကုန်မြို့မှတစ်ဆင့် မကွေးမြို့သို့ မေ ၇ ရက် နံနက် ၄ နာရီခွဲက ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဩစတြေးလျနိုင်ငံသား အဖမ်းခံရမှုနှင့်ပတ်သက်၍ ပြင်ပသတင်းမီဒီယာအချို့က ၎င်းသည် DVB သတင်းထောက်တစ်ဦးဖြစ်ကြောင်း၊ ယခုကဲ့သို့ နှင်ထုတ်ခြင်းဖြင့် သတင်းလွတ်လပ်ခွင့်ကို ထိခိုက်စေကြောင်း စသည်ဖြင့် ပုံဖော်နေကြသည်ကို တွေ့ရှိရသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်အား မေးမြန်းရာ "Mr. WATSON ANGUS ROBERZS ဆိုသည့် အမည်ဖြင့် DVB သတင်းထောက်အဖြစ် ဗီဇာထောက်ခံချက်ပေးထားသူမရှိကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံအတွင်း DVB သတင်းထောက်အဖြစ် ဗီဇာထောက်ခံချက်ပေးထားသူ လေးဦးရှိပြီး ယင်းဩစတြေးလျနိုင်ငံသား ပါဝင်ခြင်းမရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း DVB သတင်းဌာနအတွက် ဗီဇာထောက်ခံပေးမှု(၈)ကြိမ် ပြုလုပ်ပေးခဲ့ပြီး ဗီဇာ ထောက်ခံပေးရန် ငြင်းဆန်မှုလုံးဝမရှိခဲ့ကြောင်း၊ အဆိုပါနိုင်ငံခြားသားမှာ DVB သတင်းထောက်ဖြစ်ပါက သတင်းထောက်ဗီဇာဖြင့် ဝင်ရောက်ရမည်ဖြစ်ပြီး ယခုကဲ့သို့ လိမ်လည်လျှောက်ထား၍ စီးပွားရေးလုပ်ငန်းဗီဇာဖြင့် ဝင်ရောက်မှုမှာ မသင့်တော်ကြောင်း၊ ရိုးသားမှုမရှိသော လုပ်ရပ်ဖြစ်ကြောင်း၊ သတင်းထောက်ဗီဇာဖြင့် တရားဝင် ဝင်ရောက်ပြီး သတင်းယူပါက ယခုကဲ့သို့ ပြဿနာမဖြစ်နိုင်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်မှုများကြောင့် တရားဝင်ဗီဇာလျှောက်ထားသည့် အခြားနိုင်ငံတကာသတင်းထောက်များအပေါ် အထင်အမြင်လွဲမှားမှုများဖြစ်နိုင်ကြောင်း" ဖြေကြားခဲ့သည်။

အဆိုပါနိုင်ငံခြားသားအား ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့် လဝကအက်ဥပဒေပုဒ်မ ၄(၂)အရ မေ ၈ ရက်နံနက်ပိုင်းတွင် ရန်ကုန်လေဆိပ်မှ တစ်ဆင့် ပြန်လည်စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**




**မကွေးမြို့၌ ခွင့်ပြုချက်မရဘဲ စီတန်းလှည့်လည်ဆန္ဒပြရာတွင်ပါဝင်ခဲ့သည့် ဩစတြေးလျနိုင်ငံသား Mr. WATSON ANGUS ROBERZS အား တွေ့ရစဉ်။** (ဆိုင်းဘုတ်ကိုင်ထားသည့် ဝဲစွန်လူ) (သတင်းစဉ်)


## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄ခုနှစ် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားအဖြစ် နိုင်ငံတော်သမ္မတ၏ ချီးမြှင့်သော ဂုဏ်ထူးဆောင်လက်မှတ်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တော်လတဲ့ကျေးရွာမှ ညီ/မောင်-ဦးဝင်းမြင့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း-

**အစ်ကိုကြီး-** ဦးအောင်တင်(E/E-ငြိမ်း၊ မြို့တော်စည်ပင်)-ဒေါ်အေးအေးသန်း (ဥက္ကဋ္ဌ)အောင်စကြာဗုဒ္ဓဝေယျာဝစ္စအသင်း-ရွှေတိဂုံစေတီတော်

**အစ်မကြီး-** (ဦးလွန်းကြည်)-ဒေါ်လှမြင့်(ကထိက-ငြိမ်း၊ သဃ်န်းကျွန်း ဆရာအတတ်သင်)

## ဖခင်အမည်မှန်

အထက(၄)၊ အလုံ၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ထက် ၁၂/ကမတ(နိုင်) ၀၈၃၅၈၈၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၁၂/ကမတ(နိုင်)၀၁၇၂၂၅ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးအောင်ရှိန် ၁၀/သဖရ(နိုင်)၀၉၆၈၁၁၏ နိုင်ငံကူးလက်မှတ် အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၆၈၁၉၁**

## ကန့်ကွက်နိုင်ပါသည်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်၃၇၊ ဦးပိုင်အမှတ် (၅၄/စ/၁)နှင့် (၅၄/စ/၂) ဦးပိုင်၂ခု၊ ဧရိယာစုစုပေါင်း ၀ဒသမ၀၅၂ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၆/၁၈-၁၉) ဟုခေါ်တွင်သည့်မြေကွက်နှင့်တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်သီသီမွန် ၁၀/မလမ(နိုင်)၀၆၉၅၃၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B, D.B.L, D.M.L, D.I.L,**
**D.L.P, WIPO(Switzerland)**

**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), H.G.P,**
**R.L, D.B.L**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**


*✻ ကျော့ဖုံးမှ*

**(စလင်းကွင်း)**

| | |
|---|---|
| ချင်းယူနိုက်တက် | -နှစ်ဂိုး |
| | **(ချောင်းယင်ဂင်နှင့်မာတူနာ)** |
| ဒဂုံ AC | -ဂိုးမရှိ |

ယနေ့ မေ ၉ ရက်တွင် ယှဉ်ပြိုင်ကစားရန်ရှိသည့် Horizon နှင့် မြန်မာယူ-၁၉အသင်းတို့ပွဲတွင် ယူ-၁၉ အသင်းမှာနိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ရန်ရှိနေသောကြောင့် နုတ်ထွက်ခဲ့ရာHorizon အသင်းမှာ နောက်တစ်ဆင့်တက်သွားပြီ ဖြစ်သည်။

**ကျင်းပသွားမည်**

ဒုတိယအဆင့် ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ဆောက်သမ်း၊ ဟံသာဝတီ၊ ချင်းယူနိုက်တက်၊ မြဝတီနှင့်Horizon အသင်းတို့မှာ နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်ပြီး တတိယအဆင့်ပွဲစဉ်များကို ဇူလိုင်လတွင် ကျင်းပသွားမည် ဖြစ်သည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့်ပတ်သက်၍လေ့လာရာတွင်

**(Mr.Masahiko TANAKA)**

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နောက်ကျခဲ့သော်လည်း အခြားနိုင်ငံများထံမှ အတွေ့အကြုံများကို လေ့လာနိုင်သည့်အခွင့်အလမ်းကောင်းများရှိနေပါသည်။ အများစုက ထိုင်းနိုင်ငံကို နမူနာယူသင့်သည်ဟု ဆိုကြပါသည်။ ၁၉၈၀ ပြည့်နှစ်များအစောပိုင်းကာလတွင် ထိုင်းနိုင်ငံသည် ပုံမှန်တိုးတက်ခဲ့ရာမှ လျင်မြန်သောအရှိန်ဖြင့်တိုးတက်ခဲ့ပြီး ဝင်ငွေအနေဖြင့်လည်း ယနေ့မြန်မာနိုင်ငံ၏ လက်ရှိဝင်ငွေအခြေအနေနှင့် အတူတူလောက်ပင်ဖြစ်မည်။

ထိုစဉ်က ထိုင်းနိုင်ငံ၏ အောင်မြင်မှုသည် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့်အရှေ့အာရှ၏အခြားထူးခြားအံ့ဖွယ်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများမှပင် ပြောစမှတ်ဖြစ်ခဲ့ရပေသည်။ ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှနေ၍ များစွာလေ့လာစရာရှိပေသည်။ ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး စုဆောင်းမှုကိုအားပေးခဲ့ကာ ပို့ကုန်လုပ်ငန်းကိုလည်းမြှင့်တင်ခဲ့၍ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၌ အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံရေးဆောင်ရွက်ခဲ့ပေသည်။

သို့သော် ယနေ့ထိုင်းနိုင်ငံရင်ဆိုင်နေရသော အလွန်အရေးကြီးသည့်ပြဿနာများကို ရှုမြင်သင့်ပေသည်။ ယင်းနိုင်ငံအနေဖြင့် ဝင်ငွေအဆင့်မြင့်မားလာရေးနှင့် ပုံမှန်တိုးတက်မှုရရှိစေရေးကို ထိန်းသိမ်းရန်ကြိုးပမ်းအားထုတ်နေရပေသည်။ (တစ်ဦးချင်းဝင်ငွေ GDP ဒေါ်လာ ၂၀၀၀၀ ကျော်ရရှိရန်) ထိုင်းနိုင်ငံအနေဖြင့် လက်ရှိတွင် ဝင်ငွေအလယ်အလတ်ထောင်ချောက်အတွင်း၌ သက်ရောက်နေပေသည်။ များမကြာမီကဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးမတည်ငြိမ်မှုများသည်၊ "အပြုံးများမြေ" ဟု ခေါ်ဆိုသည့် ထိုင်းနိုင်ငံ၏ လူမှုစီးပွားရေးကို သိသိသာသာခြိမ်းခြောက်လျက်ရှိနေပေသည်။

ထိုင်းနိုင်ငံ၏ အခြေခံပြဿနာများမှာ ဝင်ငွေတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေးအာဏာကွာဟချက်ကြီးမားလာခြင်း၊ ပညာရေးစနစ်အားနည်းခြင်းနှင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ၌ တီထွင်ကြံဆမှုနှင့်ပြိုင်ဆိုင်မှုတို့ ပြည့်စုံလုံလောက်မှုမရှိခြင်းတို့နှင့်လည်း သက်ဆိုင်နေပေသည်။ ထိုင်းနိုင်ငံ၏ လူမှုစီးပွားရေးစနစ်သည်လည်း အထက်တန်းလွှာလူတန်းစားကို အခြေခံထားသည့်စနစ်ဖြစ်ပေသည်။

မြန်မာနိုင်ငံကချမှတ်ထားသော ပွင့်လင်းမှုရှိသည့်စီးပွားရေးမူဝါဒ၊ ပညာရေးနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့်ရင်းနှီးမြှုပ်နှံမှုအစီအမံများကြောင့် ဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ မကြာမီသေချာရောက်ရှိလာမည်ဖြစ်ပေသည်။ ဤနေရာတွင် မေးခွန်းထုတ်ရမည်မှာ မြန်မာသည် ထိုင်းနိုင်ငံကို အမီလိုက်မည်လား သို့မဟုတ် ထိုင်းနိုင်ငံကိုကျော်တက်သွားမည်လားဆိုခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာအနေဖြင့် ဂျပန်၊ တောင်ကိုရီးယားနှင့်ထိုင်ဝမ်တို့၏ နည်းလမ်းများကို လေ့လာ၍ဆောင်ရွက်သင့်ပေသည်။ ယင်းနိုင်ငံများသည် ဖွံ့ဖြိုးမှု အစပြုခဲ့ချိန်မှစ၍ နှစ်ပေါင်း ၄၀ ခန့်တွင် ဝင်ငွေအလယ်အလတ်အဆင့်ကို လွန်မြောက်ကာ ဝင်ငွေမြင့်မားသည့်အဆင့်ကို ရောက်ရှိခဲ့ပြီး ဖြစ်ပေသည်။ ဖွံ့ဖြိုးမှုစတင်ချိန်၌ ဖြစ်ပေါ်လေ့ရှိသည့်ပြဿနာရပ်များအပေါ် ကိုင်တွယ်ဖြေရှင်းပုံမှာ ထိုင်းနိုင်ငံနှင့်အဆိုပါနိုင်ငံများကြား လွန်စွာခြားနားလှပေသည်။ ထို့ကြောင့် ၎င်းတို့မည်ကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခဲ့သနည်း။ မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့ထံမှ ဘာတွေလေ့လာနိုင်မလဲဆိုသည်မှာ အလွန်အရေးကြီးပေသည်။

ဂျပန်၊ တောင်ကိုရီးယားနှင့်ထိုင်ဝမ်တို့သည် ၎င်းတို့စီးပွားရေးအောင်မြင်မှုကြီးမားစွာရရှိခဲ့သည့် ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၆၀ ပြည့်နှစ်များတွင် အခွင့်ထူးခံများ၏ အထူးစီးပွားရေးအခွင့်အရေးများကိုထိန်းချုပ်ရန် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခဲ့ပါသည်။ အစိုးရမှပေးအပ်သည့် အထူးအခွင့်အရေးနှင့်ရင်းနှီးမှုဖြင့် ပေးအပ်သည့်သဘောတူညီချက်များသည် လုပ်ငန်းအောင်မြင်ရေး၏ အခြေခံသော့ချက်များမဟုတ်တော့ပေ။ ဤကဲ့သို့သော အထူးအခွင့်အရေးများသည် ယခင်မြန်မာအစိုးရလက်ထက်တွင် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှု၏ မောင်းနှင်အားဖြစ်ခဲ့သည်။ လက်ရှိစီးပွားရေးလွတ်လပ်ခွင့်ဆောင်ရွက်ရာ၌ အဆိုပါအထူးအခွင့်အရေးပေးမှုများကို ပြောင်းလဲပစ်ရန်မှာ လွန်စွာအရေးကြီးလှပေသည်။ တန်ဖိုးမြှင့်ကုန်ပစ္စည်းများ အပြိုင်အဆိုင်ထုတ်လုပ်လိုသော စိတ်ဓာတ်သည် အောင်မြင်သည့်စီးပွားရေးအတွက် အဓိကမောင်းနှင်အားပင်ဖြစ်သည်။

ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရခြင်းမှာ အလွန်စွန့်စားရသည့်လုပ်ငန်းဖြစ်သည်။ နည်းပညာသစ်နှင့် ကုန်ပစ္စည်းသစ်များထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း၌ စိန်ခေါ်မှုများရှိနေပေသည်။ ရေရှည်တွင်တိုင်းပြည်အတွက် အကျိုးရှိသော်လည်း အဆိုပါစိန်ခေါ်မှုများကြောင့် ပုဂ္ဂလိကလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကို လျော့နည်းစေမည်ဖြစ်သည်။ ဈေးကွက်အားနည်းချက်ကို ကာမိစေရန်အတွက် အဆိုပါသုံးနိုင်ငံသည် ပြိုင်ဆိုင်မှုရှိသည့်စက်မှုလုပ်ငန်းများကို မြေတောင်မြှောက်ပေးနိုင်ရန် မူဝါဒများချမှတ်ပေးခဲ့သည်။ ဤကဲ့သို့သော စက်မှုကဏ္ဍဆိုင်ရာ မူဝါဒချမှတ်ပေးခြင်းသည် ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးလွတ်လပ်ခွင့်ဆောင်ရွက်ချက်များသည် ပိုမိုရင်းနှီးမြှုပ်နှံစေရန် အထောက်အကူပြုရာရောက်သော်လည်း အထူးသဖြင့်ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ပေးရန်အတွက် စက်မှုကဏ္ဍမူဝါဒတစ်ရပ်ရေးဆွဲရန် လိုအပ်မည်ဖြစ်ပါသည်။ လက်ရှိချမှတ်ထားသော မူဝါဒများသည် နိုင်ငံခြားမှရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားများ ဖြစ်နေဆဲပင်ဖြစ်သည်။ ဥပမာအားဖြင့် မော်တော်ကားထုတ်လုပ်သူတစ်ဦးက မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးနှင့် သွင်းကုန်အခွန်အကောက်တန်ဖိုးမှာ အတူတူဖြစ်နေရာ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရေးမှာ ဆွဲဆောင်မှုအနည်းငယ်သာရှိပေသည်။ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် လွယ်ကူရှင်းလင်းသော မူဝါဒများချမှတ်ပေးရန်လိုအပ်ပေသည်။

ဂျပန်၊ တောင်ကိုရီးယားနှင့်ထိုင်ဝမ်တို့သည် ကနဦးကတည်းက အခြေခံပညာရေးသာမက တက္ကသိုလ်အဆင့်ပညာရေးကို အရည်အချင်းပြည့်မီသူအားလုံးသင်ယူနိုင်စေရန်အတွက် ၎င်းတို့၏ပညာရေးစနစ်များကိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ခဲ့ကြသည်။ ပညာတတ်အလုပ်သမားများဖြင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်ကျယ်ပြန့်လာစေရန် လိုအပ်သော အတတ်ပညာရှင်နှင့်ကျွမ်းကျင်လုပ်သားများကို ဖြည့်ဆည်းပေးခဲ့ပေသည်။ ဤအချက်သည်ပင် တိုင်းပြည်တိုးတက်ရေးအတွက် ကြီးမားစွာအကျိုးပြုခဲ့ပေသည်။ ကောင်းမွန်သော ပညာရေးကို အားလုံးမျှတစွာခံစားရခြင်းသည် အလုံးစုံအကျိုးဝင်သည့် စီးပွားရေး၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ တစ်ချိန်တည်း၌ပင် အဆိုပါပညာတတ်များအားဖြင့် ကောင်းမွန်သင့်လျော်သည့် လူမှုစံနှုန်းများကို ဖြစ်ပေါ်လာစေမည်ဖြစ်ပြီး ဝင်ငွေအလွန်အမင်းမညီမမျှဖြစ်နေခြင်းကိုလည်း ကာကွယ်ရာရောက်ပေသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် အဆိုပါနိုင်ငံများ၌ ဆောင်ရွက်ခဲ့သည့် မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် အဆိုပါစိတ်ကူးစိတ်သန်းကို ရုပ်လုံးပေါ်အောင် အကောင်အထည်ဖော်ပေးလိုက်ခြင်းပင်ဖြစ်ပေသည်။ အများစုသော မိသားစုတို့မှာ ဝင်ငွေအလယ်အလတ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ကြပြီး အချို့သာဆင်းရဲမွဲတေမှုအဆင့်၌ ကျန်ရစ်ခဲ့ပေသည်။ ယနေ့ မြန်မာအနေအထားမှာ မြေယာပြုပြင်ပြောင်းလဲမှုကို ကြီးမားကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းသည် ထိရောက်မှုရှိမည်မဟုတ်ပေ။ သို့သော် မြန်မာခေါင်းဆောင်များနှင့် နိုင်ငံသူနိုင်ငံသားအားလုံးတို့သည် အလွန်အမင်းကြွယ်ဝချမ်းသာခြင်းနှင့် အလွန်အမင်းဆင်းရဲခြင်းအခြေအနေတို့ကို ထိန်းချုပ်နိုင်ရေးအတွက် တစ်နိုင်ငံလုံးတစ်စိတ်တစ်ဝမ်းတည်းရှိရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာအစိုးရအနေဖြင့် အဆိုပါမျှော်မှန်းချက်အကောင်အထည်ပေါ်လာစေရန် မူဝါဒရေးရာလက်နက်များဖြစ်သည့် ဝင်ငွေအပေါ်မူတည်၍ အခွန်တိုးမြှင့်ကောက်ခံခြင်း၊ လူမှုဖူလုံရေးနည်းလမ်းဖြင့် အကာအကွယ်ပေးခြင်း၊ အနိမ့်ဆုံးလုပ်ခသတ်မှတ်ပေးခြင်းများတို့ဖြင့် ဆောင်ရွက်နိုင်ပေသည်။

> **မြန်မာအစိုးရအနေဖြင့် အဆိုပါမျှော်မှန်းချက်အကောင်အထည်ပေါ်လာစေရန် မူဝါဒရေးရာလက်နက်များဖြစ်သည့် ဝင်ငွေအပေါ်မူတည်၍ အခွန်တိုးမြှင့်ကောက်ခံခြင်း၊ လူမှုဖူလုံရေးနည်းလမ်းဖြင့် အကာအကွယ်ပေးခြင်း၊ အနိမ့်ဆုံးလုပ်ခသတ်မှတ်ပေးခြင်းများတို့ဖြင့် ဆောင်ရွက်နိုင်**

အကျိုးဆက်အနေဖြင့် ဂျပန်၊ တောင်ကိုရီးယားနှင့်ထိုင်ဝမ်တို့သည် ပုဂ္ဂလိကကုမ္ပဏီအကြီးအငယ်တို့အတွက် နည်းပညာနှင့်ထုတ်ကုန်အမယ်သစ်များ တီထွင်ထုတ်လုပ်ရန်ကောင်းမွန်သည့်စနစ်တစ်ရပ်ကို ဖန်တီးနိုင်ခဲ့ပေသည်။ ဤသို့ဖြစ်ပေါ်လာစေရန် ဝင်ငွေအလယ်အလတ်တန်းစားဖြစ်လာခဲ့သည့် ပညာတတ်လုပ်သားများက ပံ့ပိုးပေးခဲ့ပေသည်။ အဆိုပါအချက်သည် ထိုင်းနိုင်ငံအခြေအနေနှင့် လုံးဝခြားနားကာ အားလုံးပါဝင်သည့် အင်အားဖြစ်ကြောင်း တွေ့မြင်ရပေသည်။

(နိုင်ငံအများစုသည် ဝင်ငွေအလယ်အလတ်အခြေအနေ၌သာ ရပ်တည်နေရပေသည်။)

နိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်း၏သမိုင်းနောက်ခံအခြေအနေများကြောင့် ၎င်း၏ ဖွံ့ဖြိုးမှုဦးတည်ရာလမ်းကြောင်းမှ ယိမ်းယိုင်သွားနိုင်ပေသည်။ ဤသို့ဖြစ်ပေါ်လာခဲ့ပါက ပြန်လည်တည့်မတ်ရန် ခက်ခဲမည်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနောက်ကျသည့် နိုင်ငံအနေဖြင့် ဤအရေးကြီးသည့်အချိန်ကာလတွင် ဖွံ့ဖြိုးမှုလမ်းကြောင်းကို ရွေးချယ်ရာ၌ အလွန်အရေးကြီးသည့် အခွင့်အရေးအဖြစ် သတိတရားဖြင့် စဉ်းစားဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့် မလိုလားအပ်သော လွယ်ကူသည့်လမ်းကြောင်းကို မရွေးချယ်မိစေရန် ကျွန်ုပ်အကြံပြုလိုပါသည်။ မိမိတို့ရှိရင်းစွဲအကျိုးစီးပွားအခွင့်အရေးများကို သတိနှင့်ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပေသည်။မြန်မာတို့အနေဖြင့် ဝင်ငွေအလယ်အလတ်ထောင်ချောက်သို့ သက်ဆင်းမည့်လမ်းကြောင်းကို မရွေးချယ်ဘဲ အခြားပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးရေးလမ်းကြောင်းကိုရွေးချယ်ပါက ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးမှုကို ကျော်လွန်သွားနိုင်မည်ဖြစ်ပါသည်။

**(စာရေးသူ Mr. Masahiko TANAKA သည် JICA Myanmar Office ၏ အကြီးအကဲဖြစ်ပါသည်။)**

# လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ် မန္တလေး၌ကျင်းပ

**မန္တလေး မေ ၈**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန Myanmar Peace Center မှ စီစဉ်သော လူငယ်နှင့်ငြိမ်းချမ်းရေး ဖိုရမ်ကို မေ ၇ ရက် နံနက် ၉ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း ၆၆ လမ်းထောင့်ရှိ Sedona Hotel ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါဖိုရမ်သည် မြန်မာနိုင်ငံ၏ လက်ရှိဖော်ဆောင်လျက်ရှိသော နိုင်ငံတည်ဆောက်ရေး State Building၊ အမျိုးသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေး Nation Building၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး Peace Building တို့တွင် အဓိကအကျဆုံးဖြစ်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ Myanmar Peace Center ၏ လုပ်ငန်းစဉ်များနှင့်မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြစ်စဉ်ဆိုင်ရာ သတင်းအချက်အလက်ကို ပြည်သူလူထုထံသို့ဖြန့်ဝေပေးရန် မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးဖြစ်စဉ်တွင် လက်ရှိဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၏ အကျိုးသက်ရောက်မှုနှင့် လက်တွေ့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် ဝိုင်းဝန်းစဉ်းစားအဖြေရှာနိုင်ရန်၊ ငြိမ်းချမ်းညီညွတ်သော မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်သို့ ဦးတည်ချီတက်နိုင်ရန် လူငယ်ထုတစ်ရပ်လုံးအနေဖြင့် အခန်းကဏ္ဍအသီးသီးတွင် နည်းလမ်းမျိုးစုံဖြင့် ပူးပေါင်းပါဝင်နိုင်ရန် မေ ၇ ရက်မှ ၉ ရက်အထိ Sedona Hotel တွင်လည်းကောင်း၊ မေ ၈ ရက်မှ ၁၀ ရက်အထိ Hotel Shwe Pyi Thar တွင် ဆွေးနွေးပြီး ရရှိသောအဖြေများကို မေ ၁၁ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီခွဲအထိ မြို့တော်ခန်းမ၌ ပြည်ထောင်စုဝန်ကြီးများက ညှိနှိုင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**



# ကျေးရွာချင်းဆက်လမ်းများ တပ်ကုန်းမြို့နယ်၌ဖွင့်

**တပ်ကုန်း မေ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရန်အတွက် နေပြည်တော်ကောင်စီ၏လမ်းညွှန်ချက်ဖြင့် ဖောက်လုပ်ပြီးစီးခဲ့သော တပ်ကုန်းမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းသုံးလမ်းဖွင့်ပွဲအခမ်းအနားကို တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ၌ မေ ၈ ရက် နံနက် ၈ နာရီက ကျင်းပရာအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်ဦးမြင့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ကျေးလက်နေ ပြည်သူများ တက်ရောက်ခဲ့ပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသုံးလမ်းကို Moon Ray Co.,Ltd. က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစတင်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၀ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ကာ ကံလှကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာကျောက်ချောလမ်း ၀ ဒသမ ၅၁ မိုင်၊ သပြေကုန်းကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာ မွေးမြူရေးဇုန်လမ်း(ရိစာလမ်း) ၂ ဒသမ ၅ မိုင်၊ လယ်ပြင်မ-တွင်းနီကျေးရွာချင်းဆက်လမ်း (ရိစာလမ်း) ၄ ဒသမ ၅ မိုင် စုစုပေါင်းလမ်းမိုင်အရှည် ၇ ဒသမ ၅၁ မိုင် ကုန်ကျစရိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၅ ဒသမ ၁၀၅ သန်းဖြင့် အကုန်ကျခံဖောက်လုပ်ခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ကျေးရွာချင်းဆက်လမ်းများကို ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဖောက်လုပ်ပေးခဲ့သည့်အတွက် ဒေသနေပြည်သူများ၏လူမှုစီးပွားဘဝပညာရေး၊ ကျန်းမာရေး စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

(၄၁၇)

သတင်းဆောင်းပါး

# အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့် အာဆီယံမျှော်မှန်းချက်များကို ဆွေးနွေးမည့် အာဆီယံထိပ်သီးအစည်းအဝေးများ

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး များကို နေပြည်တော်တွင် ၁၀-၅-၂၀၁၄ ရက်နေ့မှ ၁၁-၅-၂၀၁၄ ရက်နေ့အထိ ကျင်းပမည် ဖြစ်သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးများတွင်အာဆီယံနိုင်ငံများမှခေါင်းဆောင်များ ဆွေးနွေးကြမည့် အချက်အလက်များ၊ အာဆီယံမျှော်မှန်းချက်စသည်တို့နှင့်ပတ်သက်ပြီး သိရှိနိုင်ရန် အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်-

**မေး။ မေလ ၁၀ရက်နေ့နဲ့ ၁၁ရက်မှာ ကျင်းပမယ့် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ပတ်သက်ပြီး အစည်းအဝေးကျင်းပမယ့် အနေအထား၊ အစည်းအဝေးမှာ ဆွေးနွေးမယ့် အချက်တွေကို ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ အခုကျင်းပမယ့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်ထိပ်သီးအစည်းအဝေးတွေဟာ ကျွန်တော်တို့နိုင်ငံက ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ အချိန်မှာ ကျင်းပတဲ့ ပထမအကြိမ် ထိပ်သီးအစည်းအဝေး ဖြစ်ပါတယ်။ အာဆီယံ ပဋိညာဉ်စာတမ်းအရ ဥက္ကဋ္ဌတာဝန်ယူတဲ့နိုင်ငံဟာ တစ်နှစ်မှာ ထိပ်သီးအစည်းအဝေးကို နှစ်ကြိမ် ကျင်းပရပါတယ်။

အခု ပထမအကြိမ်အစည်းအဝေးက အာဆီယံနိုင်ငံတွေချည်းပဲ တက်ရောက်တဲ့ ထိပ်သီးအစည်းအဝေးဖြစ်ပြီးတော့ ဒုတိယအကြိမ်အစည်းအဝေးကတော့ အာဆီယံနိုင်ငံတွေအပြင် အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံတွေလည်း တက်တဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ အခုကျင်းပမယ့် ဒီထိပ်သီးအစည်းအဝေးဟာ အာဆီယံအတွက် အရေးကြီးတဲ့ အစည်းအဝေးပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဆီယံကနေ ဆောင်ရွက်မယ့် ကိစ္စတွေထဲမှာ အာဆီယံခေါင်းဆောင်တွေ အရေးကြီး ဆုံးဖြတ်ရမယ့်ကိစ္စတွေကို ဆုံးဖြတ်ပေးနိုင်မယ့် အစည်းအဝေးဖြစ်ပါတယ်။

ဒီထိပ်သီးအစည်းအဝေး မတိုင်ခင် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ ယဉ်ကျေးမှုဝန်ကြီးများ အစည်းအဝေးဆိုပြီးတော့ အာဆီယံမဏ္ဍိုင်ကြီးသုံးခုမှာရှိတဲ့ ဝန်ကြီးများအစည်းအဝေးကို ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီကျင်းပပြုလုပ်တဲ့ အစည်းအဝေးတွေကနေပြီးတော့ ခေါင်းဆောင်တွေဆီကို တင်ပြပေးပြီးတော့ အတည်ပြုချက်ရယူစရာရှိတာကို တင်ပြပြီးတော့ ဒီ အစည်းအဝေးကနေပြီးတော့ ဆုံးဖြတ်ချက်ပေးမှာ ဖြစ်ပါတယ်။ တင်ပြမယ့် ကိစ္စတွေက ဘာတွေလဲဆိုတော့ အာဆီယံမှာ အများသိကြတဲ့အတိုင်းပဲ အခုမဏ္ဍိုင်ကြီးသုံးရပ်ရှိပါတယ်။ နိုင်ငံရေးနဲ့ လုံခြုံ

**မြန်မာ့သတင်းစဉ်သတင်းအဖွဲ့**

ရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ လူမှုရေးနဲ့ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အာဆီယံအသိုက်အဝန်းလို့ခေါ်တဲ့ ASEAN Community အဖြစ် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

**မေး။ အာဆီယံ အသိုက်အဝန်းထူထောင်ဖို့နဲ့ပတ်သက်ပြီး ဆွေးနွေးကြမှာပေါ့နော် ဆရာ။ ဟုတ်ကဲ့ စိတ်ဝင်စားစရာ ကောင်းပါတယ်ခင်ဗျ။ ဆက်ပြီး ပြောပြပါဦး ဆရာ။**

ဖြေ။ ဟုတ်ကဲ့၊ ဒီအာဆီယံအသိုက်အဝန်းကြီး ပေါ်ပေါက်လာဖို့အတွက် မဏ္ဍိုင်ကြီးသုံးခုကနေပြီးတော့ သူတို့ရည်မှန်းချက်ရှိလာမယ်။ ရည်မှန်းချက်တွေကို ဘယ်လောက်ပြည့်မီအောင် ဆောင်ရွက်ပြီးပြီ၊ ဘာတွေကျန်သေးတယ်။ ဘာတွေအရှိန်တိုးမြှင့် ဆောင်ရွက်ရမယ်ဆိုတဲ့ဟာကို အာဆီယံမဏ္ဍိုင် သုံးခုဝန်ကြီးဌာနများရဲ့ အစည်းအဝေးတွေကနေပြီး ဆုံးဖြတ်ချက်ချထားပြီး ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချထားပြီးတော့ ဒီဆုံးဖြတ်ချက်တွေကို အာဆီယံထိပ်သီးအစည်းအဝေးမှာ ခေါင်းဆောင်တွေကိုတင်ပြဖို့ ရှိပါတယ်။ ဒါကတော့ အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနဲ့ပတ်သက်တဲ့အစီအစဉ်ပဲ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အာဆီယံအသိုက်



ဦးအောင်လင်း
ညွှန်ကြားရေးမှူးချုပ်
အာဆီယံရေးရာဦးစီးဌာန

အဝန်းမှာ ဘာတွေဆောင်ရွက်ကြမယ်ဆိုတာကို အာဆီယံခေါင်းဆောင်တွေအနေနဲ့ လွန်ခဲ့တဲ့နှစ် ဘရူနိုင်းထိပ်သီးအစည်းအဝေးမှာ ဆောင်ရွက်မယ့်အချက်တွေကို ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်ဆိုတဲ့ Post 2015 ASEAN Vision ကို မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ယူတဲ့ အချိန်ကနေပြီးတော့ ဘာတွေပါဝင်သင့်တယ်၊ ဘယ်လိုအချက်တွေက အာဆီယံအတွက် အရေးကြီးတယ်ဆိုတာကို စပြီးတော့ ဆွေးနွေးနေကြပြီး ဖြစ်ပါတယ်။ အာဆီယံမဏ္ဍိုင်ကြီးသုံးခုထဲမှာ ဆွေးနွေးခဲ့တဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကိုလည်း အာဆီယံခေါင်းဆောင်တွေကို တင်ပြဖို့ရှိပါတယ်။

ဒါကတော့ အာဆီယံနဲ့ပတ်သက်တဲ့ အဓိကအချက်နှစ်ချက်ပဲ ဖြစ်ပါတယ်။ တစ်ခုကတော့ အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းမှာ ဘာတွေဆောင်ရွက်နေတယ်။ နောက်တစ်ခုကတော့ အသိုက်အဝန်းကြီး ပေါ်ပေါက်ပြီးနောက်ပိုင်းမှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းလွန်ကာလမှာ ဘာတွေလုပ်မယ်ဆိုတဲ့ အာဆီယံရဲ့မျှော်မှန်းချက်တွေကို စတင်ဆောင်ရွက်မယ့်ကိစ္စတွေဖြစ်ပါတယ်။ ဒီအချက်နှစ်ချက်ကတော့ အာဆီယံခေါင်းဆောင်တွေ အဓိကထား ဆွေးနွေးမယ့် ကိစ္စဖြစ်ပါတယ်။

**မေး။ အခု အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဘယ်အချက်အလက်တွေကို အဓိကထား ဆွေးနွေးမလဲဆိုတာ သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအနေအထားအပေါ်အခြေခံပြီးတော့ ကျွန်တော်တို့ရဲ့နိုင်ငံထဲမှာ ဦးစားပေး ဆောင်ရွက်နေတဲ့ကိစ္စတွေကိုလည်း ထင်ဟပ်မယ့်၊ အာဆီယံထဲမှာ အကောင်အထည်ဖော်မယ့် ကိစ္စတွေကိုလည်း ဦးစားပေး ဆွေးနွေးဖို့ရှိပါတယ်။

အခု ကျွန်တော်တို့နိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ ကျေးလက်နဲ့မြို့ပြ ဖွံ့ဖြိုးမှုကွာဟနေတာကို ကျဉ်းမြောင်းစေရေးကိစ္စတွေ၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းရေးကိစ္စတွေကို ဦးစားပေး ဆောင်ရွက်နေပါတယ်၊ ဒီလိုမျိုး ဆောင်ရွက်နေတာကလည်း အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ်လို့ခေါ်တဲ့ Initiative for ASEAN Integration ဆိုတဲ့ ဟာကလည်းဆက်စပ်နေပါတယ်၊ မြန်မာနိုင်ငံရဲ့ ပြည်တွင်းမှာ ဦးစားပေး ဆောင်ရွက်နေတဲ့ ကိစ္စတွေဟာ အာဆီယံရဲ့ ဦးစားပေးကိစ္စတွေဖြစ်နေတဲ့အတွက်ကြောင့် ဒီကဏ္ဍကိုလည်း ဦးစားပေး ဆွေးနွေးသွားဖို့ရှိပါတယ်။

နောက်တစ်ခုကတော့ အာဆီယံမှာ ပေါင်းစည်းဆက်သွယ်ရေး မဟာစီမံကိန်းလို့ခေါ်တဲ့ အာဆီယံဒေသကြီးကို ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှု၊ အဖွဲ့အစည်းများဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှုနဲ့ ပြည်သူအချင်းချင်း ပေါင်းစည်းဆက်သွယ်မှုကိုလည်း ASEAN Connectivity Master Plan ဆိုတာကို ၂၀၁၀ ပြည့်နှစ်မှာ အာဆီယံခေါင်းဆောင်တွေက ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရဆိုရင် အာဆီယံဒေသကြီးကို ကုန်းပိုင်းအရ သော်လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာပိုင်းအရသော်လည်းကောင်း၊ လေကြောင်းပိုင်းအရ သော်လည်းကောင်း ဆက်သွယ်နေတဲ့ ဆက်သွယ်မှုတွေ အများကြီးပြုလုပ်နိုင်တဲ့ ပထဝီအနေအထားရှိတဲ့အတွက် ဆက်သွယ်ရေး မဟာစီမံကိန်းအောင်မြင်ရေးအတွက်ကိုလည်း ဦးစားပေးဆွေးနွေးသွားဖို့ ရှိပါတယ်။

**မေး။ အခုအစည်းအဝေးမှာ ရာသီဥတုပြောင်းလဲခြင်းနဲ့ ပတ်သက်ပြီးကော ဆွေးနွေးဖို့ရှိပါသလားခင်ဗျာ။**

ဖြေ။ ဟုတ်ကဲ့။ ရာသီဥတုပြောင်းလဲခြင်းနဲ့ပတ်သက်ပြီး ဆွေးနွေးကြမှာဖြစ်ပါတယ်၊ ရာသီဥတုပြောင်းလဲခြင်းကို ဘယ်လိုရင်ဆိုင်ပြီးတော့ ဖြေရှင်းမလဲဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတကြီးကနေပြီးတော့ အာဆီယံခေါင်းဆောင်တွေနဲ့ ဆွေးနွေးဖို့ ရှိပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ အာဆီယံထဲမှာ ဆွေးနွေးမှာဖြစ်ပါတယ်၊ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းကြီး ပေါ်ပေါက်လာတဲ့အခါကျရင် အာဆီယံဟာ ကမ္ဘာ့အရေးကိစ္စတွေကို အမြဲတမ်းစောင့်ကြည့်ပြီး အကဲခတ်မယ့် အဖွဲ့အစည်းလည်းဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကိုယ့်ဒေသမှာဖြစ်ပေါ်နေတဲ့ ကိစ္စတွေသာမကကိုယ့်အိမ်နီးချင်းဒေသတွေရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကိုလည်း ကျွန်တော်တို့ခေါင်းဆောင်တွေအနေနဲ့ ထိပ်သီးအစည်းအဝေးမှာ ဆွေးနွေးကြမှာဖြစ်ပါတယ်။

**မေး။ ဒေသဆိုင်ရာ ဆွေးနွေးမယ့်အပိုင်းနဲ့ပတ်သက်ပြီး နည်းနည်းလောက် ထပ်ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ဒေသဆိုင်ရာ ကိစ္စတွေကအားလုံးသိပြီးတဲ့အတိုင်းပါပဲ၊ အာရှတိုက်မှာဆိုရင် ကိုရီးယားကျွန်းဆွယ်ကိစ္စ၊ တောင်တရုတ်ပင်လယ်ကိစ္စ၊ တောင်တရုတ်ပင်လယ်ပြင်နဲ့ ဆက်စပ်နေတဲ့ ပင်လယ်ပြင်ကိစ္စတွေနဲ့ ပတ်သက်ပြီး ခေါင်းဆောင်တွေ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသနဲ့ အလှမ်းဝေးတဲ့ ဒေသတွေရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကိုလည်း ခေါင်းဆောင်တွေ ဆွေးနွေးကြမှာဖြစ်ပါတယ်။ အဲဒါကတော့ အရှေ့အလယ်ပိုင်းမှာ ဖြစ်ပေါ်တိုးတက်မှုတွေ၊ အရှေ့ဥရောပမှာ လတ်တလောဖြစ်ပေါ်တိုးတက်မှုတွေနဲ့ပတ်သက်ပြီး ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီနိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုတွေကလည်း ကျွန်တော်တို့ဒေသကို တစ်နည်းတစ်ဖုံ အကျိုးသက်ရောက်မှုရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ဒေသကို ဘယ်လို အကျိုးသက်ရောက်မယ်၊ ရိုက်ခတ်နိုင်မယ်ဆိုတာတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

ဒီလို ဆွေးနွေးတဲ့နေရာမှာ အာဆီယံရဲ့ အရှေ့တောင်အာရှငြိမ်းချမ်းရေးနဲ့ ချစ်ကြည်ရေးစာချုပ်ဆိုတဲ့ Treaty Of Amity and Cooperation South-east Asia (TAC) စာချုပ်ဟာ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဆက်ဆံတဲ့အခါမှာ ကျင့်သုံးတဲ့ အခြေခံမူတွေဖြစ်ပါတယ်။ အခြေခံမူတွေက ဘာလဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို အသိအမှတ်ပြုတာ၊ နယ်မြေတည်တံ့မှုကို အသိအမှတ်ပြုတာ၊ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဘူးဆိုတဲ့ အခြေခံမူတွေကို အာဆီယံခေါင်းဆောင်တွေက ဆွဲကိုင်ပြီးတော့ နိုင်ငံတကာကိစ္စတွေဟာ အာဆီယံအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမယ်၊ အာဆီယံဟာ ဖြစ်ပေါ်တိုးတက်မှုတွေကို ဘယ်လိုအကျိုးသက်ရောက်စေမယ်ဆိုတဲ့ကိစ္စတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**မေး။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဂျီ-၂၀ အစည်းအဝေးကို တက်ဖို့ရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ နည်းနည်းပြောပြပေးနိုင်မလားခင်ဗျာ။**

ဖြေ။ အခုနှစ်မှာ နိုင်ငံတော်သမ္မတကြီးက အာဆီယံဥက္ကဋ္ဌဖြစ်တဲ့အတွက် ဂျီ-၂၀ ဆိုတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံ ၂၀နဲ့ ဖွဲ့စည်းထားတဲ့ အစည်းအဝေးမှာ အာဆီယံကို ကိုယ်စားပြုပြီး တက်ရောက်ဖို့ရှိပါတယ်။ တက်ရောက်ဖို့ရှိတဲ့ အစည်းအဝေးနဲ့ ပတ်သက်ပြီးတော့လည်း သူ့ရဲ့ မိတ်ဆွေတွေကို ရှင်းလင်းပြောကြားဖို့ ရှိပါတယ်။ ဒါက (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ ဆွေးနွေးမယ့်ကိစ္စတွေပဲ ဖြစ်ပါတယ်။

ဒီ ထိပ်သီးအစည်းအဝေးက အာဆီယံ ၁၀ နိုင်ငံပဲ တက်ရောက်မယ့် အစည်းအဝေးဖြစ်တဲ့အတွက် အာဆီယံအသိုက်အဝန်းထူထောင်ရေးကိစ္စနဲ့ အာဆီယံအသိုက်အဝန်းကြီး ပေါ်ပေါက်လာတဲ့အခါကျရင် ဖြစ်ပေါ်လာမယ့် ကျွန်တော်တို့ အနာဂတ်ကိစ္စတွေကို အဓိကထား ဆွေးနွေးကြမှာဖြစ်တယ်လို့ ကျွန်တော် ရှင်းလင်းတင်ပြချင်ပါတယ်။ ။




၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲနှင့် မြန်မာနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

**အာဆီယံနဲ့ပတ်သက်တဲ့ အဓိကအချက်နှစ်ချက်ပဲ ဖြစ်ပါတယ်။ တစ်ခုကတော့ အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းမှာ ဘာတွေဆောင်ရွက်နေတယ်။ နောက်တစ်ခုကတော့ အသိုက်အဝန်းကြီး ပေါ်ပေါက်ပြီးနောက်ပိုင်းမှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းလွန်ကာလမှာ ဘာတွေလုပ်မယ်ဆိုတဲ့ အာဆီယံရဲ့မျှော်မှန်းချက်တွေကို စတင်ဆောင်ရွက်မည့်ကိစ္စတွေ ဖြစ်ပါတယ်။**

ပြည်တွင်းသတင်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အထူးအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၈**

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာဝိဇယမ္ဗသဘင်၌ သတ္တမ အကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အထူးအစည်း အဝေးကို ယနေ့နံနက် ၈ နာရီ အချိန်တွင် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်(၄၇)ပါး၊ သာသ နာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ သည်။

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အထူးအစည်းအဝေးကို သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက် တော်မူပြီး အခမ်းအနားမှူးဆရာ တော်အဖြစ် တွဲဖက်အကျိုးတော် ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာချီးမြှင့်ရာ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကြီး၏ မူလအခြေခံသည် နိုင်ငံ တော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး ဖြစ်ကြောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံ သည် သံဃသမ္မုတိရသံဃာ့ကိုယ်စား လှယ် ဆရာတော်များဖြစ်ကြောင်း၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်အပေါင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ် သက်လက်ခံနိုင်သော ဆောင်ရွက် ချက်များ ဖြစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ တော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး က ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ပါက သံဃ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အများစုက ကျေနပ် နှစ်သက်လက်ခံနိုင်သော ဆောင် ရွက်ချက်များ ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာအများစုက ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက် များဖြစ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ သည် မိမိတို့ တာဝန်ယူဆောင်ရွက် ရမည့် လုပ်ငန်းတာဝန်များဖြစ်သည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံး ညီညွတ်ရေးဟူသော အရေးကိစ္စများ ကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့ကိုယ် တိုင် သဒ္ဓမ္မသုံးဖြာသာသနာတော်၌ သီလစသောဂုဏ်တို့ဖြင့် သန့်ရှင်း တည်တံ့ပြန့်ပွားခြင်းသို့ ရောက်နေ အောင် ကျင့်ဆောင်ကြမှသာ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းတည်တံ့ ပြန့်ပွားခြင်းသို့ ရောက်နိုင်မည်ဖြစ်ကြောင်း ဩဝါဒ ပေးတော်မူခဲ့သည်။

ထို့နောက် သာသနာရေးဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာ များ လျှောက်ထားသည်။

**အတည်ပြုချက်ရယူ**

ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တသီလာစာရာဘိဝံသက သတ္တမ အကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်အဖွဲ့ ဒုတိယအထူးအစည်း အဝေး အစီအစဉ်(မူကြမ်း)များကို တင်ပြလျှောက်ထားပြီး ယင်းအစည်း အဝေးသို့ တင်သွင်းမည့်တင်ပြလွှာ သုံးရပ်နှင့်စပ်လျဉ်း၍ အခမ်းအနား မှူးဆရာတော်က ဆွေးနွေးဆုံး ဖြတ်ရန် လျှောက်ထားပြီး အတည်ပြု ချက်ရယူခဲ့သည်။

**တက်ရောက်**

ဆက်လက်၍ သာသနာရေး ဝန်ကြီးသည် ယနေ့ နံနက် ၉ နာရီခွဲ တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဆွမ်းစားဆောင်၌ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းဝေးကြီး သို့ ကြွရောက်လာကြသော နိုင်ငံ တော်ဩဝါဒါစရိယ ဆရာတော်ကြီး များ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (၄၇)ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော်ကြီးများ စုစုပေါင်း သံဃာတော် ၁၁၂ ပါးတို့ အား ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေစက်အလှူရှင် မိခင် ကြီးဒေါ်ရီ (၈၅ နှစ်)ကို ရည်စူး၍ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးဒေါ်ခင်လေး သက်၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိ ဇောတရေ ဦးစိုးဟန်လင်းနှင့်ဇနီး ဒေါ်နန္ဒာအောင် မိသားစုတို့က လှူ ဒါန်းဆက်ကပ်သည့် နေ့ဆွမ်းဆက် ကပ်လှူဒါန်းပွဲသို့ တက်ရောက် ကုသိုလ်ယူခဲ့သည်။ **(သတင်းစဉ်)**

---

✳ *ကျောဖုံးမှ*

ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စ ရပ်များကို အကြံပြုဆွေးနွေးတင်ပြ ကြသည်။

ထို့အတူ ပင်လောင်းမြို့၊ နောင် တရားမြို့နှင့်လိန်းလီကျေးရွာတို့မှ ဒေသခံပြည်သူများကလည်း ဒေသ လိုအပ်ချက်များကို ရှင်းလင်းတင်ပြ ကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန် သိန်းမောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်တို့က ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြ ကြသည်။

အကြံပြုတင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်း စပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာ စကား ပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ ရောက်ရှိပြီး ညောင်ရွှေမြို့ အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမဆောင်၌ ဒေသခံပြည်သူ များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စု လွှတ်တော်နာယကက ပါတီစုံဒီမို ကရေစီနှင့် ဈေးကွက်စီးပွားစနစ် ကျင့်သုံးဆောင်ရွက်နေမှု၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်၊ အစိုးရအဖွဲ့နှင့်တရား ရေးအဖွဲ့များ ဖွဲ့စည်းပေါ်ပေါက် လာမှု၊ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းဆောင် ရွက်နေမှု၊ လွှတ်တော်အတွင်း၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး နေမှုနှင့် လွှတ်တော်များရပ်နားချိန်၌ ပြည်သူများ၏အသံကို နားထောင် နိုင်ရန် ညောင်ရွှေမြို့သို့ ရောက်ရှိခဲ့ မှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင် အောင်ကျော်၊ မြို့နယ်စည်ပင်သာ ယာရေးကော်မတီဥက္ကဋ္ဌ ဦးစံရွှေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် အင်းတိုင်း ရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဆွေ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ထွန်းအောင်နှင့် ဦးအောင်ကြည်ဝင်း တို့က အင်းလေးကန်ထာဝရတည်တံ့ ခိုင်မြဲရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့အတူ ညောင်ရွှေမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်နှင့် ဒေသခံပြည်သူတို့က ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြ ကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန် သိန်းမောင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင် သိမ်းတို့က သက်ဆိုင်ရာ ကဏ္ဍ အလိုက် ဖြည့်စွက်အကြံပြုဆွေးနွေး တင်ပြကြသည်။

ပြည်ထောင်စုလွှတ်တော် နာယ ကက တင်ပြချက်များအပေါ် ပြန် လည်သုံးသပ် ဆွေးနွေးပေါင်းစပ် ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့ ပင်လောင်းမြို့နှင့် ညောင် ရွှေမြို့တို့၌ ကျင်းပသည့် တွေ့ဆုံပွဲ များသို့ ပြည်ထောင်စုလွှတ်တော် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဝင်းစိန်၊ သူရဦးအောင်ကို၊ ဦးမောင် မောင်သိမ်းနှင့် ဦးဌေးမြင့်၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စား လှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ် စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုကော်မတီများ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီများ၊ နိုင်ငံရေး ပါတီများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ် တော်ရုံးမှ တာဝန်ရှိသူများနှင့် ဒေသ ခံပြည်သူများ တက်ရောက်ခဲ့ကြ သည်။ **(သတင်းစဉ်)**

---

# မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေး ကျင်းပမည်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံဆရာဝန်အသင်းဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် ၂၀၁၄ အစည်းအဝေးကို မေ ၁၁ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (အေ)၌ ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

**(သတင်းစဉ်)**

---

# ရန်ကုန်မိုး သည်းထန်စွာရွာသွန်း၍ အပူချိန်ကျဆင်း မုတ်သုံခေါ်လာမည့် မုန်တိုင်းတစ်ခု ဝင်ရောက်ဖွယ်ရှိနေ



**ရန်ကုန် မေ ၈**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် မေ ၈ ရက် ညနေ ၃ နာရီ မှစတင်ကာ လေပြင်းများတိုက်ခတ် ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ သောကြောင့် အပူချိန်များ ကျဆင်းလာခဲ့ပြီဖြစ်သည်။

"မေလဆန်းပြီဆိုရင် မိုးရွာ တတ်တာ နှစ်စဉ် ကြုံတွေ့ရစမြဲ ဖြစ်ပါတယ်။ မနက်ခင်းပိုင်းမှာ နေသာခဲ့ပြီး မွန်းလွဲ ၂ နာရီ လောက်ကနေစလို့ မိုးတိမ်တွေများ လာခဲ့တာပါ။ မိုးရွာတာကြောင့် အပူချိန်ကတော့ လျော့ကျသွား မှာဖြစ်ပါတယ်။ မုတ်သုံက မေ ၁၂ ရက်မှာ မြန်မာနိုင်ငံတောင် ဘက်စွန်းပိုင်းတွေကို ဝင်ရောက် မှာဖြစ်လို့ မကြာမီ ရောက်ရှိလာ တော့မှာဖြစ်ပါတယ်။ အခုရွာတဲ့ မိုး ကတော့ မုတ်သုံမိုးမဟုတ်သေး ပါဘူး"ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိ သူတစ်ဦးက ပြောကြားသည်။

ထို့အပြင် ကပ္ပလီပင်လယ်ပြင် တွင်လည်း လေဖိအားနည်းရပ် ဝန်းတစ်ခု ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါရပ်ဝန်းသည် မုန်တိုင်း အဖြစ် အားကောင်းလာနိုင်ဖွယ်ရှိ ကာ မေလတတိယပတ် ဝန်းကျင် တွင် မြန်မာနိုင်ငံတောင်ပိုင်းရှိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ ဝင်ရောက်လာနိုင်ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင်က ပြောကြားသည်။

အဆိုပါမုန်တိုင်းမှာ ဆိုင်က လုန်းအဆင့်အထိ အားကောင်း လာနိုင်ဖွယ်ရှိပြီး မုန်တိုင်းနှင့် အတူ အနောက်တောင်မုတ်သုံ လေသည်လည်း ပိုမိုအားကောင်း စွာ မြန်မာနိုင်ငံသို့ ဝင်ရောက်လာ မည်ဖြစ်ကြောင်း ဦးထွန်းလွင်က ဆက်လက်ပြောကြားသည်။

"မုန်တိုင်းဝင်ရောက်လာနိုင် ပါတယ်။ အဲဒီအတွက် သတိ ပေးချက်တွေ ထုတ်ပြန်ထားပါ တယ်။ မြန်မာနိုင်ငံ မြစ်ဝကျွန်း ပေါ်ဒေသနဲ့ ရန်ကုန်တိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီးမှာ မုန်တိုင်းဒဏ် ခံရနိုင်ပါတယ်။ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ် သလို လေပြင်းတိုက်ခတ်မှုနှုန်း ကတော့ တစ်နာရီကို မိုင် ၄၀ ကနေ မိုင် ၅၀ ဝန်းကျင်အထိ တိုက်ခတ်နိုင်ပါတယ်"ဟု မိုးလေ ဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနမှ တာဝန်ရှိသူက ပြန်လည် ဖြေကြားသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-သွန်းဝသန်**

ပြည်တွင်းသတင်း

# အဆင့်အတန်းမြင့်မား ဂုဏ်ရှိန်ထည်ဝါ မြန်မာ့ရိုးရာလက်မှုအနုပညာ

ရန်ကြီးအောင်

မြန်မာတို့သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်ကပင် မြို့ပြနိုင်ငံများထူထောင်ပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်လာခဲ့ကြသည်ကို ပျူခေတ်သမိုင်းအထောက်အထားများအရ သိရှိရသည်။ ထိုခေတ်ကာလများမှာပင် မြန်မာတို့၏ ရိုးရာလက်မှုပညာများသည် သမားရိုးကျမဟုတ်ဘဲ အနုပညာလက်ရာမြောက်စွာ ထွန်းကားခဲ့သည်။ ပမာအားဖြင့် နေ့စဉ်ဝတ်ဆင်လေ့ရှိသော အမျိုးသမီးဝတ်လုံချည်များတွင် ခြယ်သထားသောအဆင်၊ အရောင်အသွေးတို့သည် သာမန်ကြည့်ပျော်ရှုပျော်အောင် ရက်လုပ်ထားခြင်းမဟုတ်ဘဲ သူ့အဓိပ္ပာယ်နှင့်သူ အနုပညာမြောက်စွာ တွေးခေါ်ကြံဆ၍ ရက်လုပ်ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ အဆင့်အတန်းမြင့်မားသည့် မြန်မာ့ရိုးရာလက်မှုအနုပညာများကို ဖော်ထုတ်ပြသမည့် မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲကြီး (Myanmar Traditional Arts & Crafts Exhibition)ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမကြီးတွင် မကြာမီဖွင့်လှစ်ပြသရန် စီစဉ်လျက်ရှိသည်။

အဆိုပါပြပွဲတွင် မြန်မာ့ရိုးရာချည်ထည်နှင့်ပိုးထည် (The Art of Myanmar Traditional Cotton and Silk)၊ မြန်မာ့ရိုးရာရွှေချည်ထိုး (Myanmar Traditional Tapestry)၊ ငွေပန်းထိမ် (Silver Smith)၊ မြန်မာ့ယွန်းထည် (Myanmar Lacquerware)၊ ပုသိမ်ထီး (Myanmar Traditional Pathein Umbrella) နှင့် မြန်မာ့ကျောက်မျက်ရတနာများကို သက်ဆိုင်ရာလက်မှုပညာအလိုက် ပြုလုပ်ပုံသရုပ်ပြမှုများနှင့် အတူ ခင်းကျင်းပြသသွားမည် ဖြစ်သည်။ မြန်မာ့ရိုးရာယွန်းထည်နှင့် ချည်ထည်များကိုပြသရာတွင် လွန်းရာကျော်ပိုးထည် (Silk Lunyarkyaw Acheiq)၊ အင်းလေးကြာချည် (Inle Lotus Thread and Yarn)၊ ကချင်ရိုးရာဂျပ်ခုတ်(Kachin Traditional Hand-Woven Textile) နှင့် ချင်းရိုးရာရက်ကန်း (Chin Traditional Hand-Woven Textile) တို့ကို ပြသရန်စီစဉ်ထားသည်။

“ကျွန်မတို့နိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသားခရီးသွားတွေ များပြားလာတာနဲ့အတူ မြန်မာ့ယဉ်ကျေးမှုအနုပညာ လက်ရာတွေကို သိရှိလေ့လာနိုင်စေဖို့ ဒီပြပွဲကို ခင်းကျင်းပြသဖို့ စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်” ဟု ပြပွဲစီစဉ်သူ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောကြားသည်။

ပြပွဲကြီးကို လာမည့် မေလ ၁၂ ရက်မှ ၁၄ ရက်အထိ ပြသသွားမည်ဖြစ်ပြီး မေလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှကိုယ်စားလှယ်များလာရောက်ကြည့်ရှုလေ့လာနိုင်ရန်လည်း စီစဉ်ထားမည်ဟုဆိုပါသည်။

အနုပညာဆိုသည်မှာ လူ့စိတ်ကူး၊ ဉာဏ်ပညာ၊ အတွေးအခေါ်များဖြင့် ပေါင်းစပ်ဖြစ်ပေါ်လာသည့် ပညာရပ်တစ်ခုဖြစ်သည်။ ယင်းအနုပညာ၏အစွမ်းက ကြည့်ရှုမြင်တွေ့ရသူများကို ချစ်၊ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲရင့်၊ အံ့ဩဆိုသည့် မနောအရသာ ကိုးပါးအနက် တစ်ပါး သို့မဟုတ် တစ်ပါးထက်ပို၍ ခံစားမိစေသည်။ အနုပညာရှင်များ၏ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်း မြင့်မားလျှင် မြင့်မားသလောက် ထိုသူဖန်တီးလိုက်သည့် အနုပညာ၏ ခံစားမှုကို ပိုမိုလေးနက်စေသည်။ အနုပညာ၏ အရည်အသွေးမြင့်မားမှုသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုပင်ဖြစ်သည်။ ထိုသူများက ဖန်တီးထုတ်လုပ်လိုက်သည့် လက်မှုပစ္စည်းများသည်လည်း အနုပညာလက်ရာမြောက်စွာ ပေါ်ထွက်လာတတ်သည်။ ထို့ကြောင့် မြန်မာ့အနုပညာလက်ရာများနှင့် ယှဉ်တွဲ ရောယှက်ဖန်တီးထုတ်လုပ်ထားသည့် မြန်မာ့လက်မှုပညာများကို ပြည်ပဧည့်သည်များသာမက မြန်မာတိုင်းရင်းသားပြည်သူများပါ သိရှိနားလည်လာစေရန် ပြပွဲကိုခင်းကျင်းပြသခြင်းဖြစ်သည်။



မြန်မာ့ရိုးရာအနုပညာလက်ရာဖြစ်သော ပုသိမ်ထီးများကို တွေ့မြင်ရစဉ်။

“ဒီပြပွဲမှာ မြန်မာ့ချည်ထည်ပိုးထည်တွေကို ပြသသွားမှာပါ။ သာမန်အားဖြင့် ဒီချည်ထည်ပိုးထည်တွေဟာ ရိုးရာလက်မှုပညာရပ်သာဖြစ်ပြီး အမှတ်တမဲ့ကြည့်မိရင် အနုပညာနဲ့မဆိုင်ဘူးလို့ တွေးထင်ကြပါလိမ့်မယ်။ ဒါပေမယ့် ဒီဇိုင်းတွေလှပအောင်ရက်လုပ်သူက ကိုယ့်ရဲ့စိတ်ကူးစိတ်သန်းနဲ့ ပုံဖော်ရပါတယ်။ အရောင်အသွေးဆိုရင်လည်း အစပ်အဟပ် ညီညွတ်အောင်၊ မြင်ရသူအနေနဲ့ မျက်စိပသာဒဖြစ်အောင် အနုပညာမြောက်စွာ ဖန်တီးယူရပါတယ်။ ဒါတွေကို သာမန်အားဖြင့် အမှတ်တမဲ့ ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။ ဒီလိုမျိုးပြပွဲခင်းကျင်းပြလိုက်တော့ ဒီလက်မှုအနုပညာလက်ရာတွေရဲ့တန်ဖိုးကို သိနားလည်လာမှာဖြစ်ပါတယ်” ဟု ဒေါ်စန္ဒာခင်က ဆက်လက်ပြောကြားသည်။

ပြပွဲတွင်ပြသမည့် လွန်းရာကျော်ပိုးထည်ဆိုလျှင် အချိတ်အဆင်ဒီဇိုင်းအပေါ်မူတည်ကာ လွန်းပေါင်းတစ်ရာကျော်ဖြင့် ထိုးကော်ရက်လုပ်ရသဖြင့် လွန်းရာကျော်ဟုခေါ်တွင်ခြင်းဖြစ်သည်။ အချိတ်ဟူသည့် အစသည် မြန်မာတို့ တန်ဖိုးထားဝတ်ဆင်သည့် မြန်မာတို့၏ မူလဒီဇိုင်းနှင့် အဆင်ပင်ဖြစ်သည်။ ချည်ထည်အနေဖြင့် လည်းကောင်း၊ ပိုးထည်အနေဖြင့် လည်းကောင်း ရက်လုပ်ပြီး ရေလှိုင်း၊ အချိတ်စသည်ဖြင့်အဆင်ဒီဇိုင်း ဖန်တီးကာ ဝတ်ဆင်ခဲ့ကြကြောင်းကို ပုဂံခေတ်၊ နံရံဆေးရေးပန်းချီများ၊ ရုပ်ကြွများမှာပင် တွေ့ရှိခဲ့ရသည်။

အင်းလေးကြာချည်ကိုထုတ်လုပ်ရာတွင် အင်းလေးကန်ရှိကြာခင်းမှ ပဒုမ္မာကြာရိုးကိုခူးယူပြီး အမျှင်များကို သပ်ရပ်စွာ ထုတ်ယူ၊ အမျှင်လိပ်ဖြစ်အောင်လုပ်ဆောင်ရသည်။ ထို့နောက် အခြောက်ခံပြီး သဘာဝဆိုးဆေးဖြင့်ဆေးဆိုးကာ ဗိုင်းဖြင့်ချည်ငင်ရသည်။ ပဒုမ္မာကြာသင်္ကန်း တစ်ထည် ရက်လုပ်နိုင်ရန် ကြာရိုးပေါင်းနှစ်သိန်းခန့် လိုအပ်သည်ဟုဆိုသည်။ ထိုသို့အဆင့်ဆင့် ခဲရာခဲဆစ် ရက်လုပ်ရပုံများကို ဤပြပွဲကြီးတွင် လက်တွေ့ပြသသွားမည်ဖြစ်သည်။ ရက်လုပ်ပုံခက်ခဲသဖြင့် အလွန်တန်ဖိုးထားကြပြီး ဗုဒ္ဓဆင်းတုတော်များနှင့် ရဟန်းသံဃာများအား ကြာသင်္ကန်းအဖြစ် ရက်လုပ်ကပ်လှူလေ့ရှိကြသည်။

ပြပွဲတွင်ပြသမည့် ကချင်ရိုးရာဂျပ်ခုတ်ရက်ကန်းစင်သည် ပြုလုပ်ရန်လွယ်ကူပြီး သယ်ယူရန်လည်း ပေါ့ပါးသဖြင့် အိမ်တွင်းမှုလုပ်ငန်းတစ်ခုအဖြစ် တွင်ကျယ်လျက်ရှိသည်။ ဂျပ်ခုတ်ဟူသည့် စကားမှာ အနံသေး၊ အသားထူသော အထည်မျိုးကို ရက်လုပ်ခြင်းဖြစ်သည်။ ကချင်တိုင်းရင်းသားတို့ရက်လုပ်သည့် ရိုးရာအဝတ်အထည်များတွင် ပါဝင်သည့်အမိတ်များအကြောင်းကို ယင်းပြခန်းရှိ ကချင်တိုင်းရင်းသူကြီး တစ်ဦးက ဤသို့ရှင်းပြသည်။

“ကျွန်မတို့ ဂျိန်းဖောရိုးရာ မကာ (အမိတ်)တွေကို သာမန်ကြည့်ကောင်းအောင်ထည့်သွင်းထားတာ မဟုတ်ပါဘူး၊ သူ့အဓိပ္ပာယ်နဲ့သူရှိပါတယ်။ ကချင်တိုင်းရင်းသူတွေ အိမ်ထောင်ပြုရင် မိဘတွေက ဖရုံစေ့၊ ဘူးစေ့စတဲ့ သီးနှံစေ့တွေကို ဘူးသီးတောင်းနဲ့ထည့်ပေးလိုက်ပါတယ်။ ဒီအစေ့အဆန်တွေကနေ အသီးအနှံတွေပွားများလာပြီး ကြီးပွားချမ်းသာလာစေဖို့အတွက် ရည်ရွယ်ပြီး ပေးလိုက်တာပါ။ ဒါကြောင့် ရိုးရာအထည်တွေမှာပါတဲ့ ဖရုံစေ့အမိတ်ဆိုရင် ပွားများလာပါစေ၊ တိုးပွားလာပါစေဆိုတဲ့ အဓိပ္ပာယ်နဲ့ ဆင်ထားတဲ့အမိတ်ဖြစ်ပါတယ်။ ဒီလိုပါပဲ မင်္ဂလာအပေါင်းနဲ့ပြည့်စုံစေတဲ့ မနောတိုင်အမနဲ့အဖိုတိုင်ပုံ အမိတ်၊ ဒူဝါကြီးတွေ၊ မင်းဆွေမင်းမျိုးတွေရဲ့ အင်္ကျီ၊ ခါးစည်း၊ လွယ်အိတ်တွေမှာ ရက်လုပ်ဆင်မြန်းတဲ့ နဂါးခေါင်းအမိတ်နဲ့ မှန်နန်းတော်အမိတ်စတာတွေကို အဓိပ္ပာယ်ရှိရှိနဲ့ ရက်လုပ်ထားခြင်းပဲ ဖြစ်ပါတယ်၊ အမြင်လှရုံသက်သက်မဟုတ်ပါဘူး” ဟု ပြောကြားသည်။

ပြပွဲတွင် မြန်မာ့ရိုးရာအဝတ်အထည်များကို ခက်ခဲနက်နဲစွာဖြင့်



ပြပွဲစီစဉ်သူ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ရှင်းလင်းပြောကြားစဉ်။

အဆင့်ဆင့်ထုတ်လုပ်ရပုံကို လက်တွေ့ပြသမည်ဖြစ်သဖြင့် မြန်မာတို့၏ အနုပညာလက်ရာမြောက်မှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုကို သိရှိသွားနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ရှင်းပြသည်။

အေဒီ(၈)ရာစုနှင့် (၉)ရာစုတို့က ရေးသားခဲ့သည့်တရုတ်၊အာရပ်နှင့် ပါရှင်း(အီရန်)တို့၏ ခရီးသွားမှတ်တမ်းများတွင် မြန်မာ့ချည်ထည်နှင့် ပိုးထည်အကြောင်းကို ထည့်သွင်းရေးသားထားသည်ကို တွေ့ရှိရကြောင်း၊ ဝတ်စားဆင်ယင်မှုအတွက် အသုံးပြုသည့်အဝတ်အထည်စတို့မှာ လွန်စွာနူးညံ့ပါးလျပြီး အမှတ်တံဆိပ်ခတ်နှိပ်ဖော်ပြရာတွင် အသုံးပြုသည့် လက်စွပ်တွင် ဖော်ပြပါအထည်စကို တွယ်ငြိမှုမရှိဘဲ ချောမွေ့စွာ သွင်းထုတ်နိုင်သည်။ ယင်းကဲ့သို့သော အဝတ်အထည်စမျိုးကို သူတို့၏ တိုင်းပြည်၌သာတွေ့ရပြီး အခြားမည်သည့်နေရာ၊ ဒေသတို့တွင် မတွေ့ခဲ့ရပေ။ ယင်းအထည်စတို့မှာ ချည်ထည်စဖြစ်သည်။ နမူနာပုံစံကိုလည်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါသည်ဟု ခရစ်သက္ကရာဇ် ၈၅၁ ခုနှစ်တွင် ရေးသားခဲ့သည့် ပါရှင်းပင်လယ်ကွေ့ဒေသမှခရီးသွား ဆူလေမန်၏ မှတ်တမ်းတွင် ဖော်ပြခဲ့ကြောင်းကို ပြပွဲတွင် ထုတ်နုတ်ပြသထားသည်ကို တွေ့ရှိရသည် ။

ထို့အတူ ပြခန်းတစ်ခုအဖြစ် ပါဝင်ပြသမည့် မြန်မာ့ရိုးရာရွှေချည်ထိုးဆိုလျှင်လည်း မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းတစ်ထောင်ခန့်ကပင် ပေါ်ထွန်းခဲ့ဟန်ရှိသည်။ ရွှေချည်ထိုးပညာရပ်သည် သိမ်မွေ့နက်နဲပြီး မြန်မာတို့၏ သေသပ်စေ့စပ်မှု၊ အလုပ် လက်ဝင်လှသည်နှင့်အမျှ ခိုင်ခံ့မှုတို့ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် အနောက်တိုင်းသားများက Art of Patienceဟု အမွှမ်းတင်ကြသည်။

မြန်မာ့ငွေပန်းထိမ်လုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာအချောထည် လုပ်ငန်းများကို သိမ်မွေ့နက်နဲစွာထုတ်လုပ်ရပုံအဆင့်ဆင့်ကိုလည်း ယင်းပြပွဲကြီးတွင် တွေ့မြင်နိုင်မည်ဖြစ်သည် ။

“မြန်မာ့ရိုးရာ အဝတ်အထည်တွေဟာ ရှေးနှစ်ပေါင်းများစွာကပဲ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်သဏ္ဌာန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ပေါ်ထွန်းခဲ့တာဖြစ်ပါတယ်။ ပျူခေတ်ဟာ အကြမ်းအားဖြင့် ဘီစီ (၂)ရာစုကစခဲ့တာပါ။ အဲဒီခေတ်မှာတင် မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းဟာ အတော့်ကို မြင့်မားနေပြီး အနုပညာလက်ရာပစ္စည်းတွေဟာလည်း အလွန် ဖွံ့ဖြိုးတိုးတက်နေပြီဆိုတာကို ရှေးဟောင်း ရွှေပေလွှာတွေ၊ အသုံးအဆောင်တွေ၊ ဆင်းတုတော်တွေ တူးဖော်တွေ့ရှိရာက တစ်ဆင့် သိရှိခဲ့ရပါတယ်။

နောက်တစ်ခုက မြန်မာ့ရွှေချည်၊ ငွေချည်ထိုးပစ္စည်းကလည်း အရင်က ထီးသုံး၊ နန်းသုံးပစ္စည်းတွေပါ၊ လက်မှုပညာမှာ ဘယ်လောက်လက်ရာမြောက်တယ်၊ အနုပညာမြောက်တယ်ဆိုတာကို ဖော်ပြနေပါတယ်။ အရှေ့တောင်အာရှမှာ ကိုယ့်မူ၊ ကိုယ့်ဟန်နဲ့ ကျော်ကြားပြီး ပုဂံခေတ်ကတည်းက ထွန်းကားခဲ့တဲ့ မြန်မာ့ယွန်းထည်ပညာ၊ ပုသိမ်ဒေသတစ်ဝိုက်မှာပေါက်ရောက်တဲ့ဝါးကနေ ထုတ်လုပ်တဲ့ ပုသိမ်ထီးလုပ်ငန်း၊ မြန်မာနိုင်ငံကထွက်တဲ့ ကမ္ဘာမှာ အရည်အသွေး အမြင့်မားဆုံး ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းတို့ကနေ သေသပ်လှပတဲ့ လက်ဝတ်ရတနာထုတ်လုပ်ပုံတွေ၊ ပျူခေတ်ကတည်းက ထွန်းကားခဲ့တဲ့ ငွေပန်းထိမ်လုပ်ငန်းတွေကို ဒီပြပွဲမှာတစ်စုတစ်စည်းတည်း ပြသသွားမှာပါ၊ ဒါ့အပြင် တူးဖော်ရရှိခဲ့တဲ့ ရှေးဟောင်းမြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းတွေကိုလည်း ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်” ဟု ဒေါ်စန္ဒာခင်က ဆက်လက် ရှင်းလင်းပြောကြားသည်။

အချုပ်အားဖြင့် ဆိုရသော် အဆိုပါပြပွဲသို့ လာရောက်လေ့လာကြည့်ရှုခြင်းအားဖြင့် မြန်မာတို့၏ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ နက်နဲသိမ်မွေ့မှု၊ အဆင့်အတန်းမြင့်မားမှုကို သိရှိနားလည်နိုင်မည်ဖြစ်သည်။ ထို့အတူ မိမိတို့၏ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားလာတတ်ပြီး ယင်းပညာရပ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဆန္ဒများလည်း တဖွားဖွားပေါ်ပေါက်လာစေမည်ဟု ယုံကြည်မိပါကြောင်း။ ။

## စိန်တလုံးသရက်သီးအထွက်နည်းကာ မျိုးစေ့ဈေးကောင်းရ၍ ဈေးကွက်တစ်ရပ်ဖြစ်ပေါ်လျက်ရှိ

ကျောက်ဆည် မေ ၈

ယခုနှစ် သရက်သီးရာသီတွင် အသီးသီးချိန်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် စိန်တလုံးသရက်များ အသီးတင်မှုနည်းပါးကာ အသီးထွက်ရှိမှုနည်းပါးခြင်းကြောင့် စိန်တလုံးသရက်ပျိုးပင်ပျိုးသူများ မျိုးစေ့ရှားပါးမှုကြောင့် မျိုးစေ့တစ်စေ့လျှင် ၅၀ ကျပ်နှုန်းအထိပေးကာ ဝယ်ယူလျက်ရှိသောကြောင့် စိန်တလုံးသရက်မျိုးစေ့အရောင်းအဝယ် ဈေးကွက်တစ်ခု ပေါ်ပေါက်လျက်ရှိကြောင်း သရက်ပျိုးပင်ပျိုးသူများနှင့် သရက်သီးပွဲစားများထံမှ သိရသည်။

စိန်တလုံးသရက်မျိုးစေ့များကို ယခင်နှစ်များက ရောင်းဝယ်မှုဈေးကွက်ရှိခဲ့သော်လည်း ယခုနှစ်ကဲ့သို့ ဈေးကြီးပေးပြီး ဝယ်ယူရခြင်းမျိုးမရှိဘဲ ယခုနှစ်တွင် သရက်အသီးထွက်ရှိမှု နည်းပါးသောကြောင့် ဈေးကြီးပေးဝယ်ယူရမှုကို “ဒီနှစ်က အစေ့တစ်စေ့ကို ၅၀ ကျပ်အထိ ပေးဝယ်နေရတယ်၊ အရင်နှစ်တွေက အရောင်းအဝယ်တော့ရှိတယ်၊ တစ်စေ့မှ ၂၀ကျပ်ဆိုတာ အများဆုံးပဲ၊ ဈေးကြီးပေးဝယ်တာကို ကိုယ်လိုချင်သလောက်မရဘူး၊ တခြားနယ်တွေက သရက်ခြံတွေအထိ လိုက်ဝယ်နေရတာ” ဟု ဟံမြင့်မိုရ် ကျေးရွာမှ သရက်ပင်ပျိုး၍ ရောင်းချလျက်ရှိသူတစ်ဦးက ပြောကြားခဲ့သကဲ့သို့“စိန်တလုံးသရက်မျိုးစေ့ကို ပျိုးရောင်းတဲ့သူတွေ ခြံတွေ၊ သရက်သီးပွဲစားတွေအထိ ဆင်းဝယ်နေကြတယ်၊ အရင်နှစ်တွေက ရောင်းချင်ရင် သူတို့ဆီသွားရောင်းရတာ၊ ဈေးလည်း ဒီနှစ်လောက်မရဘူး၊ ဒီနှစ်ဈေးကောင်းတော့ လေလွင့်အသီးက အစေ့ပြန်ရောင်းစားတာနဲ့ သရက်ထိုးက ပြန်ရတယ်၊ အဝယ်ကလည်း အပြိုင်လိုက်ဝယ်နေကြတာ” ဟု သရက်သီးပွဲစား ဒေါ်ဌေးယဉ်၏ ပြောကြားချက်အရ သိရသည်။

စိန်တလုံးသရက် မျိုးစေ့ရှားပါးမှုကြောင့် သရက်ပျိုးရောင်းချသူများ နောက်နှစ်တွင် ဈေးကောင်းရရှိမည်ဟုခန့်မှန်းကာ ဝယ်ယူပျိုးထောင်လျက်ရှိရာ ယခုနှစ် စိန်တလုံးသရက်ပျိုးပင်များကို အနည်းဆုံး ၅၀၀ကျပ်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

## သားဆက်ခြားခြင်းဆိုင်ရာ အသိပညာပေးဟောပြောမည်

ရန်ကုန် မေ ၈

အနာမယ(Wellness) ကျန်းမာရေးမဂ္ဂဇင်းမှ ကြီးမှူးကျင်းပသည့် သားဆက်ခြားခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မေ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုကုန်သည်ကြီးများ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အခမ်းအနားတွင် သားဖွားမီးယပ် (အထူးကုဆရာဝန်ကြီး) ဒေါက်တာစိုးလွင်က ပွင့်သောပန်းတိုင်းလှပဖို့ သားဆက်ခြားကြစို့ ခေါင်းစဉ်ဖြင့် သားဖွားမီးယပ်၊ သားဆက်ခြားခြင်းဆိုင်ရာ ဗဟုသုတများကို ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (မြန်မာ့အလင်း)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ။**

ပြည်တွင်းသတင်း

# သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်အပြည့်အစုံကို ၂၀၁၅ ခုနှစ် မေလခန့်၌ ထုတ်ပြန်ကြေညာနိုင်မည်

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု အခြေအနေများနှင့် ၂၅-၄-၂၀၁၄ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပခဲ့သော Partnership Group for Peace, Development and Democracy in Myanmar (PGM) အစည်းအဝေးတက်ရောက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

သတင်းစာ ရှင်းလင်းပွဲတွင် တက်ရောက်လာသော သံတမန်များနှင့် ပြည်တွင်း ပြည်ပသတင်းထောက်များ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးဦးခင်ရီက ပြန်လည် ဖြေကြားခဲ့သည်များမှ အချို့ကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ**
**စင်ကာပူ သံအမတ်ကြီး**

**မေး။ ။ သန်းခေါင်စာရင်းဆိုင်ရာ**



စင်ကာပူသံအမတ်ကြီး

**အချက်အလက်တွေကို လာမည့်နှစ် ဘယ်အချိန်မှာ ထုတ်ပြန်မလဲဆိုတာ သိချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကောင်းမွန်တဲ့ ပြောင်းလဲမှုတွေကိုလည်း စင်ကာပူနိုင်ငံအနေနဲ့ လေးလေးနက်နက် ထောက်ခံအားပေးပါတယ်။**

ဖြေ။ ။ သန်းခေါင်စာရင်းနဲ့ ပတ်သက်တဲ့ တိုင်းပြည်မှာရှိတဲ့ လူဦးရေအကြမ်းစာရင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့ မြို့နယ်မှာရှိတဲ့ လူဦးရေစာရင်းအကြမ်းကို လာမယ့် ၂၀၁၄ ဩဂုတ်လလောက်မှာ ထုတ်ပြန်ကြေညာမှာ ဖြစ်ပါတယ်။ အဲဒီအပေါ် မူတည်ပြီးနောက်ပိုင်းမှာ ဘယ်အဆင့်မှာ ဘာတွေ ထုတ်ပြန်သွားမယ်ဆိုတာကို သီးခြားကြေညာသွားမှာ ဖြစ်ပါတယ်။ အားလုံးအပြီးအစီး စာရင်းကိုတော့ ၂၀၁၅ ခုနှစ် မေလခန့်မှာ ထုတ်ပြန်ကြေညာနိုင်မှာ ဖြစ်ပါတယ်။

**ဒေါ်အေးအေးဝင်း**
**(အေပီသတင်းဌာန)**

**မေး။ ။ ရခိုင်က ကျန်ရှိနေတဲ့ လူတွေအတွက်ကို သူတို့က နာမည်ကောက်တဲ့ထဲမှာမပါတော့ အမြန်ဆုံးဖြေရှင်းပေးပါလို့ မစ္စတာဘန်ကီမွန်းကလည်း ပြောထားပါတယ်။ သူတို့ကို ထည့်သွင်းကောက်ယူဖို့ ဘယ်လိုများဖြေရှင်းမလဲ။ ဘယ်လိုထည့်သွင်းကောက်ယူပေးပါမလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ရခိုင်ဒေသမှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေအတွက် ဆောင်ရွက်သင့်တဲ့ ဆောင်ရွက်နိုင်တဲ့ နည်းလမ်းလေးခုရှိပါတယ်။ နိုင်ငံတကာပညာရှင်အဖွဲ့တွေနဲ့ ပြည်တွင်းပညာရှင်များနဲ့ ဆွေးနွေးချက်အရ နည်းလမ်းလေးခု ထွက်ပေါ်လာပါတယ်။

နံပါတ်တစ်က လက်ရှိလုပ်ငန်း အောင်မြင်နေပြီ ဖြစ်တဲ့အတွက်ကြောင့် ဆက်မကောက်ပါနဲ့ ဒါကို ရပ်ထားလိုက်ပါ။ ဘယ်လောက်ထိ ကျွန်တော်တို့ ကောက်ပြီးပြီ ဘယ်နှစ်ရာခိုင်နှုန်းကျန်ခဲ့တယ်၊ ဘာကြောင့် ကျန်ခဲ့တယ်ဆိုတဲ့ ထုတ်ပြန်ကြေညာချက်တွေနဲ့အတူ သန်းခေါင်စာရင်းလုပ်ငန်းကို အဆုံးသတ်တဲ့ လုပ်နည်းတစ်ခုရှိပါတယ်။

ဒုတိယနည်းလမ်းကတော့ ရနိုင်သမျှ ရင်းမြစ်တွေကနေ ကိန်းဂဏန်းတွေယူပြီးတော့ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်ဖို့ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော့်တို့ဆီမှာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဘင်္ဂါလီလူမျိုးများ၊ ရခိုင်ပြည်နယ်တစ်ခုတည်းမှာနေသော ဘင်္ဂါလီလူမျိုးများနဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းအတိအကျ ကျွန်တော်တို့မှာရှိပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ် မေလက အဲဒီဒေသတွင်း ပဋိပက္ခဖြစ်ပြီးတဲ့အချိန်မှာ ကောက်ယူထားတဲ့ နောက်ဆုံးစာရင်း ကျွန်တော်တို့ဆီမှာရှိပါတယ်။ ဆိုလိုတဲ့သဘောကတော့ up to date data တွေ ကျွန်တော်တို့ဆီမှာ ရှိပါတယ်။ ဒီအချက်အလက်တွေကို အသုံးပြုပြီးတော့လည်း ခန့်မှန်းတွက်ချက်လို့ ရပါတယ်။

တတိယနည်းကတော့ ဆက်လက်ကောက်ယူတဲ့အခါမှာ အောင်မြင်မှုကို ဖျက်ဆီးပစ်မယ့် ပဋိပက္ခသွေးထွက်သံယိုမဖြစ်အောင် ညှိနှိုင်းဖို့လိုပါတယ်။ ဒီလိုသူတို့ဘက်က ကျိန်းသေအာမခံချက်ပေးမှ



ဒေါ်အေးအေးဝင်း

ဆက်လုပ်ဖြစ်မယ့် ကိစ္စဖြစ်ပါတယ်။

နောက်ဆုံးနည်းကတော့ အပြည့်မကောက်ခံဘဲ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း survey စစ်တမ်းကောက်ဖို့ဆိုတဲ့နည်းကို ကျွန်တော်တို့ ဆောင်ရွက်လို့ရပါတယ်။ ကျွန်တော် လာမယ့်သောကြာနေ့မှာ ရခိုင်ပြည်နယ်ကို ထပ်မံသွားရောက်ပါမယ်။ ဒီလထဲမှာပဲ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးအပါအဝင် STAKEHOLDER တွေအားလုံးနဲ့ ကျွန်တော်တို့ သန်းခေါင်စာရင်း ပြန်ကောက်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားပါမယ်။ ဒါဟာ Technical Delay အရ သန်းခေါင်စာရင်းရပ်ပြီးတဲ့ အချိန်ကနေစပြီး ခြောက်ပတ်မှရှစ်ပတ်အတွင်း ကောက်ခံလို့ရတာကြောင့် ကျွန်တော်တို့ မေလနောက်ဆုံးပတ်အထိ ကောက်ခံလို့ ရတာကြောင့် ကျွန်တော် မေလနောက်ဆုံးရက်အထိ ကြိုးစားဆောင်ရွက်သွားပါမယ်။ အဲ့ဒီအထိ ကြိုးစားဆောင်ရွက်လို့မရရင် ဒီလုပ်ငန်းက ရပ်တန့်ရမယ့်လုပ်ငန်းဖြစ်ပါတယ်။

ရိုဟင်ဂျာဆိုတာ နိုင်ငံမှာမရှိတဲ့အတွက်ကြောင့် ရိုဟင်ဂျာရဲ့ရပ်တည်ချက်ကိုတော့ ကျွန်တော်တို့ ကောက်မှာ မဟုတ်ပါဘူး။ ဘင်္ဂါလီလို့ ပြောရမှာ ခက်တယ်ဆိုရင်လည်း လူမျိုးကိုမေးရင်မဖြေတဲ့နည်းလည်း လက်ခံပေးမယ်ဆိုရင် ကောက်ယူမယ်လို့ ကျွန်တော်တို့ ကြိုတင်ကြေညာပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါ်လှလှရွှေ(အေအက်ဖ်ပီ)**

**မေး။ ။ ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီလို့ဆိုပြီး စာရင်းကောက်ယူလို့ရတာ ဘယ်လောက် အတိုင်းအတာများ ရှိပါသလဲ။ နိုင်ငံတကာ အဖွဲ့အစည်းတွေကို မျက်မြင်သက်သေအဖြစ် ခေါ်သွားတာမျိုးများ ရှိပါသလား။ နောက်တစ်ခုက မေလထိ ရခိုင်ပြည်နယ်ဘက်မှာ ဆက်ကောက်မယ်ဆိုတော့ ကချင်ပြည်နယ်ဘက်မှာ ကျေးရွာအုပ်စု ၂၅ အုပ်စု**



ဒေါ်လှလှရွှေ

**လောက် ကျန်တယ်လို့ စောစောကဝန်ကြီး ပြောသွားပါတယ်။ ကချင်ပြည်နယ်ဘက်ကိုရော ဘယ်လိုများ ဆက်ပြီးလုပ်သွားဖို့ အစီအစဉ်ရှိမလဲ။**

ဖြေ။ ။ တစ်နိုင်ငံလုံးမှာ ဘင်္ဂါလီက ၁ ဒသမ ၃၃ သန်းရှိပါတယ်။ ဆိုလိုတာကတော့ ရခိုင်ပြည်နယ်ကလွဲပြီး တစ်နိုင်ငံလုံးမှာ ဘင်္ဂါလီ သုံးသိန်းကျော် ရှိပါတယ်။ အဲဒီ သုံးသိန်းကျော်လုံး ကျွန်တော်တို့ ကောက်လို့ရတယ်။ ရခိုင်ပြည်နယ်မှာ ခရိုင်ငါးခုရှိပြီး ခရိုင်နှစ်ခုက ဘင်္ဂါလီလူမျိုးစုအဖြစ် စာရင်းအကောက်ခံပါတယ်။ ကျွန်တော် သိသလောက်တော့ အကြမ်းဖျင်း နှစ်သောင်းကျော်လောက် အကောက်ခံတယ်။ ကျန်တဲ့လူတွေအတွက် မေလကုန်ထိ ကြိုးစားကောက်ခံမယ်။ ကချင်ပြည်နယ်မှာ ကျန်တဲ့ ကျေးရွာ ၂၅ အုပ်စုဟာ Technical Delay မှာ အကျုံးဝင်ပါတယ်။ ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေးလုပ်နေတော့ ဗိုလ်ချုပ်ဂွမ်မော်နဲ့ ကျွန်တော်ဆွေးနွေးပါတအယ်။ ကေအိုင်အေ ဗဟိုကိုလည်း ကျွန်တော် အနည်းဆုံး စာသုံးစောင်ပို့ပြီး ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားပါတယ်။ တစ်ဖက်က လက်ခံတဲ့ အပေါ်မူတည်ပြီး Technical Delay ကာလအတွင်းမှာ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးမိုးမင်း(စောင့်ကြည့်သတင်းဂျာနယ်)**

**မေး။ ။ သန်းခေါင်စာရင်း ကောက်ပြီးတဲ့အချိန်အထိ ဘတ်ဂျက်ငွေ ဘယ်လောက်ထိ သုံးစွဲခဲ့ပါသလဲ။ ပိုငွေလိုငွေလက်ကျန်တွေ သိချင်ပါတယ်။**

ဖြေ။ ။ ဒါက စာရင်းမချုပ်ရသေးပါဘူး။ သန်းခေါင်စာရင်းကောက်ယူမှုဟာ အဆင့်လေးဆင့်နဲ့ ကောက်ယူတဲ့အတွက်ပါ။ ကြိုတင်ပြင်ဆင်တဲ့အဆင့်၊ စာရင်းကောက်ယူတဲ့အဆင့်၊ စာရင်းဇယားတွေ စိစစ်တဲ့အဆင့်၊ စာရင်းဇယားတွေ ထုတ်ပြန်တဲ့အဆင့်မှာ အခုက ဒုတိယအဆင့်ကိုပဲ လုပ်နေတုန်း



ဦးမိုးမင်း

ရှိသေးတယ်။ ဒုတိယအဆင့်မှာတောင် စာရင်းကောက်တဲ့အပိုင်းလေးပဲ ပြီးသေးတယ်။ မေးခွန်းတွေပြန်စုတဲ့ အပိုင်းပြီးမှ စာရင်းကောက်တဲ့ အပိုင်းပြီးမယ်။ ဒါကြောင့် ငွေစာရင်းချုပ်လို့မရသေးဘူး။ စုစုပေါင်း ၅၈ ဒသမ ၅ သန်းလောက်ကုန်မယ်လို့ မှန်းတယ်။ နိုင်ငံတော်က ၁၅ သန်းထည့်တယ်။ UN က ငါးသန်းလှူတယ်။ နိုင်ငံတကာအလှူရှင်တွေလည်းရှိပါတယ်။ စာရင်းမချုပ်ရသေးဘူး။ လုပ်ငန်းက မပြီးသေးဘူး။ အဆင့်လေးဆင့်မှာ အခုမှ အဆင့်နှစ်ရဲ့အစပဲရှိသေးတယ်။ နောက်ပိုင်းလုပ်ငန်းတွေကတော့ ပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့ရတဲ့ လုပ်ငန်းတွေပါ။ ဒါတွေပြီးမှ စာရင်းချုပ်လို့ရမှာပါ။

ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းတွင် စာရင်းကောက်ယူရန် ကျန်ရှိသော ရခိုင်နှင့် ကချင်ပြည်နယ်များတွင် Technical Delay အရ လာမည့် မေလ နောက်ဆုံးရက်အထိ ဆက်လက်ကောက်ခံမည်ဖြစ်သည်။ သန်းခေါင်စာရင်းအကြမ်းကို လာမည့်ဩဂုတ်လတွင်ထုတ်ပြန်မည်ဖြစ်ပြီး အပြီးအစီးစာရင်းကိုမူ ၂၀၁၅ ခုနှစ် မေလတွင် ထုတ်ပြန်သွားရန် ခန့်မှန်းထားကြောင်း ယနေ့ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။ **(သတင်းစဉ်)**



## ဟိုပုံးမြို့၌ ကွန်ကရစ်တံတား တည်ဆောက်မှုပြီးစီး

**ဟိုပုံး မေ ၈**

မြို့ပြနှင့် ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကဏ္ဍတစ်ရပ်ဖြစ်သည့် မြို့ရှောင်လမ်းများဖောက်လုပ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဟိုပုံး-ရန်ကင်းကျေးရွာလမ်းပိုင်းရှိ ပေ ၄၀ စီရှိသော သံကူကွန်ကရစ်တံတားနှစ်စင်းကို ကျပ်သန်း ၄၀ စီဖြင့် စုစုပေါင်းငွေကျပ်သိန်း ၈၀ ခွင့်ပြုခဲ့ရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ ထုတ်ပေးထားသည့် မြေကော်စက်ဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသွားကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ ဟိုပုံး-ရန်ကင်းကျေးရွာလမ်းအပိုင်းရှိ သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ရေးလုပ်ငန်းပြီးစီး၍ ဒေသခံပြည်သူများသွားလာရေးအဆင်ပြေစေရန်အတွက် တံတားနှစ်စင်းဆက်သွယ်ထားသော လမ်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးမှ တာဝန်ရှိသူများပူးပေါင်း၍ အရှည် သုံးဖာလုံရှိသည့် ချဉ်းကပ်လမ်းကို သဲဖြုန်းများထပ်ပိုးခင်း၍ စက်ယန္တရားများဖြင့် ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **နန်းဦးခမ်း(ဟိုပုံး)**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်းရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်) မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တည်နေရာ**

**ချင်းပြည်နယ်၊ ဟားခါးမြို့၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)**

(က) ဆရာ၊ ဆရာမဆောင် ခြောက်ခန်းတွဲ၏ အဝင်လမ်းကျောက်ချောခင်းခြင်းနှင့် မြေထိန်းနံရံကျောက်စီခြင်းလုပ်ငန်း

(ခ) အုတ်ညှပ်တစ်ထပ် ကျောင်းအုပ်ကြီးနေအိမ် (၃၄'×၂၄'×၁၀') (၁) လုံး ဆောက်လုပ်ခြင်း

(ဂ) အုတ်ညှပ်တစ်ထပ် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ (၈၈'×၃၄'×၁၀') (၂)လုံး ဆောက်လုပ်ခြင်း

**ချင်းပြည်နယ်၊ တီးတိန်မြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်)**

(က) အုတ်ညှပ်တစ်ထပ် စာသင်ဆောင် (၁၀၀'×၄၀'×၂၀') (၁)လုံး ဆောက်လုပ်ခြင်း

(ခ) အုတ်ညှပ်တစ်ထပ်အလုပ်ရုံ (၁၀၀'×၄၀'×၂၀') (၁)လုံး ဆောက်လုပ်ခြင်း

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ၁၂-၅-၂၀၁၄ရက်မှ ရုံးချိန်အတွင်း စတင်ရောင်းချပေးရန်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၅-၆-၂၀၁၄ရက် ၁၅း၀၀နာရီဖြစ်၍ တင်ဒါဖွင့်ရက်မှာ ၆-၆-၂၀၁၄ရက် ဖြစ်ပါသည်။

၄။ အသေးစိတ်သိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) ဖုန်း-၀၇၀-၂၁၈၄၁နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်)၊ ဖုန်း-၀၇၀-၅၀၆၀၅တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ထိုင်းတွင် ခြေစမ်းပွဲများကစားရန် မြန်မာအသင်းထွက်ခွာ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-မိုးသော်ဇင်



AFC Challenge Cup ပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၇ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်အောင်၊ နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်၊ လက်ထောက် နည်းပြများအဖြစ် မီလန်ဆီကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြများအဖြစ် ဒီဒိုနှင့် ဦးအောင်ကျော်ကျော်၊ စကားပြန်အဖြစ် ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမား- သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ မန်လားဟရွယ်၊ နောက်တန်း-ရဲဝင်းအောင်၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ ဟိန်းသီဟဇော်၊ သိန်းဇော်၊ ပြည့်ဖြိုးအောင်၊ အောင်ဇော်၊ အောင်သိုက်၊ စည်သူအောင်၊ ခင်မောင်လွင်၊ အလယ်တန်း-မင်းမင်းသူ၊ နေလင်းထွန်း၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ ချစ်စုမိုး၊ ထူးထူးအောင်၊ ရန်အောင်ဝင်း၊ ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ ရာဇာဝင်းသိန်း၊ ရှေ့တန်း-ရန်ပိုင်၊ ကျော်ကိုကို၊ ရဲအောင်နှင့် ကောင်းစည်သူတို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မေ ၁၂ ရက်တွင် ထိုင်းကလပ်အသင်းတစ်သင်း၊ မေ ၁၄ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယနေ့ ထွက်ခွာသွားသောအသင်းတွင် AFC Cup ပြိုင်ပွဲ ရှုံး/ထွက်ပွဲစဉ် ယှဉ်ပြိုင်ရန်ရှိနေသည့် ရန်ကုန်နှင့် နေပြည်တော်အသင်းတို့မှ ကစားသမားများ ပါဝင်သွားခြင်းမရှိဘဲ ယင်းပွဲပြီးဆုံးမှသာ ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။



## ၁၀ အမ်ဗွီအေထရန်စဖော်မာအသစ် ပြောင်းလဲတပ်ဆင်

**ဟသ်ာတ မေ ၈**

ဟသ်ာတခရိုင် ဟသ်ာတမြို့သို့ ဓာတ်အားထုတ်လွှတ်ပေးထားသော ၅ အမ်ဗွီအေထရန်စဖော်မာမှာ ဝန်အားပြည့်နေပြီး ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ပြည့်ဝစွာအသုံးမပြုနိုင်တော့သည့်အတွက် လိုအပ်သောဓာတ်အားကို ပြည့်ဝစွာပေးနိုင်ရေးအတွက် ၁၀ အမ်ဗွီအေထရန်စဖော်မာအသစ်ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏ လမ်းညွှန်မှုဖြင့် မေ ၃ ရက်မှ စတင်ကာ မြို့နယ်ဓာတ်အားခွဲရုံနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ ဝန်ထမ်းများက ကြိုးစားဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်မှ စတင်၍ လုပ်ငန်းများပြီးစီးသွားပြီဖြစ်၍ ယခင်ထက်ပိုမိုကာ လျှပ်စစ်ဓာတ်အားများကို ပိုမိုသုံးစွဲနိုင်တော့မည်ဖြစ်သည်။ **(အပေါ်ပုံ)**

ယခု အစားထိုးပြောင်းလဲတပ်ဆင်ပေးသော ၁၀ အမ်ဗွီအေထရန်စဖော်မာကြောင့် ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာစသောမြို့နယ်များမှ ဒေသခံပြည်သူများ ယခင်ထက်ပိုမိုသော လျှပ်စစ်ဓာတ်အားများကို ပြည့်ဝစွာဖြင့် အသုံးပြုနိုင်တော့မည်ဖြစ်သောကြောင့် ဟသ်ာတမြို့ရှိ မြို့မိ မြို့ဖများ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ ဒေသခံလျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရေတာရှည်၌ မိုးများရွာသွန်း၍ အပူချိန်များလျော့ကျ

**ရေတာရှည် မေ ၈**

နေပူချိန်မြင့်တက်မှုဒဏ်ကို နေ့စဉ်ခံစားနေကြရသော ရေတာရှည်မြို့နယ်တွင်း ပြည်သူများ မေ ၆ ရက်မှစတင်ပြီး ညနေတိုင်း မိုးရွာသွန်းလျက်ရှိ၍ အပူချိန်များ ယခင်ကထက် များစွာလျော့ကျ၍ အဆင်ပြေလျက်ရှိသည်။ နေ့အပူချိန်မြင့်တက်မှုကြောင့် နံနက် ၁၀ နာရီဝန်းကျင်အထိသာ အလုပ်လုပ်နိုင်ကြောင်း နွေစပါးရိတ်သိမ်းပြီးပြန်လာသည့် လယ်ယာလုပ်သားတစ်ဦးက ပြောပြသည်။ "အပူဒဏ်ကိုမခံနိုင်တော့ မိုးရွာပါစေလို့ ဆုတောင်းနေတာ အခုမိုးရွာတော့ ဝမ်းသာတာပေါ့" ဟု အင်ကြင်းကုန်းကျေးရွာနေ ဦးမြဝင်းက ပြောပြသည်။

**အဆင်ပြေ**

ရေတာရှည်မြို့နယ်အတွင်း အပူချိန်မြင့်တက်မှုကြောင့် အရေအတွက်အတိအကျ မသိရသော်လည်း သေဆုံးသူဦးရေ ၁၀ ဦးထက်မနည်းရှိကြောင်း သိရသည်။ မိုးရွာသွန်းမှုကြောင့် ကြံစိုက်ပျိုးသည့်တောင်သူများအတွက် များစွာအဆင်ပြေပြီး နွေစပါးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ရာသီဥတုနှင့်ယှဉ်ကာ ရိတ်သိမ်းရဖွယ်ရှိကြောင်း တောင်သူအချို့က ပြောကြားသည်။

**ကိုလွင်(ဆွာ)**



မေ ၇ ရက်က ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများ ကွန်ကရစ်တိုင် ၁၁၀ ကို မြို့တွင်းရပ်ကွက်များရှိ ကြံ့ခိုင်မှုအားနည်းသောတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အသစ်လဲလှယ်စဉ်။ မျိုးလှိုင် (တွံတေး)

**လျှပ်စစ်သုံးလျှင်သတိယှဉ် ဝန်အားမမျှ မသုံးရ**

## ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် မေ ၈**

ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းသားဟောင်းများ၏ နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်၍ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။ **အောင်သူရ**


**ယာဉ်မောင်း-၅ (လစာနှုန်းကျပ် ၈၁၀၀၀-၁၀၀၀-၈၆၀၀၀) ရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူခြင်း**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ နေပြည်တော်သတင်းစာတိုက်များရှိ သတင်းစာပို့မော်တော်ယာဉ်များနှင့် ရုံးလုပ်ငန်းသုံး မော်တော်ယာဉ်များမောင်းနိုင်ရန် ယာဉ်မောင်း-၅ (လစာနှုန်းကျပ် ၈၁၀၀၀-၁၀၀၀-၈၆၀၀၀)ရာထူး(၁၅)နေရာအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက်(၂၀)မှ(၄၀)အတွင်း အမျိုးသားများ လျှောက်ထားနိုင်သည်။
(၃) မှတ်ပုံတင်ထားသည့် မည်သည့်ယာဉ်ကိုမဆို မောင်းနှင်ခွင့်ရှိသည့် ယာဉ်မောင်း (င)လိုင်စင်ရှိရမည်။
(၄) ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၃)နှစ်ရှိရမည်။
(၅) ပညာအရည်အချင်း အနည်းဆုံးအလယ်တန်းအောင်မြင်ရမည်။
(၆) လုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်လွှာများကို ၃၁-၅-၂၀၁၄ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ နေပြည်တော်၌လူတွေ့၊ လက်တွေ့စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**ကန့်ကွက်နိုင်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၃-က)၊ ဦးပိုင်အမှတ်(၁၂က)၊ မြေယာအမှတ်(26A)၊ ဂရန်မြေဧရိယာ ၀ဒသမ၀၈၀ ဧက နှစ် ၃၀ မြေငှားဂရန်စာချုပ်အမှတ်(၅၅၆/၉၅-၉၆)သည် ပျောက်ဆုံးသွားပါ၍ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးမောင်လတ်(ငြိမ်း) ၉/မမန (နိုင်)၀၃၈၈၂၅၊ မောင်ကျော်ထင်လတ် ၉/ပဥလ(နိုင်)၀၁၈၁၅၆ တို့က မြေငှားဂရန်မိတ္တူ ပြန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဗိုလ်မှူးမောင်လတ်(ငြိမ်း)၊ ကိုကျော်ထင်လတ်**
**အမှတ်၁၁၇၊ မေတ္တာလမ်း၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၂၁၂၈၊၂၁၃၉၉**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် သူရဇော်၏ CDC-60667 သဘော်သား SSA လက်မှတ်အသေး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၀၈၉၆၃

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**အိတ်ဖွင့်တင်ဒါ (Opened Tender) များခေါ်ယူခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Opened Tender) ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | 1(T)/ MTE/ Local/ 2014-2015 | Tyre | 2852 (Sets) |
| ၂။ | 2(T)/MTE/ Local/ 2014-2015 | Battery | 1390(Nos) |
| ၃။ | 3(T)/MTE/ Local/ 2014-2015 | Lubricants | 470(Drums) |
| ၄။ | 4(T)/MTE/ Local/ 2014-2015 | Elephant Medicine | 5(Items) |

၂။ **ဈေးနှုန်းတင်ဒါသွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်/အချိန်** - ၉-၅-၂၀၁၄ရက်၊ နံနက် ၉း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၅-၂၀၁၄ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
**တင်ဒါပုံစံတစ်စုံ** - ၂၀၀၀ကျပ်

**အင်ဂျင်နီယာဌာနမြန်မာ့သစ်လုပ်ငန်း**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၄၁၉၁၊ ၂၅၄၁၆၈**

**၂၂-၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၁)ပါ ကန့်ကွက်နိုင်ကြောင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကွင်း/အကွက်အမှတ် ၂၊ တိုက်ကြီးကုန်း၊ ဦးပိုင်အမှတ် ၄၅/က၊ ဧရိယာ ၀ ဒသမ ၀၄၆ ဧက ၊ ပိုင်ဆိုင်ခွင့် B၊ မြေအမျိုးအစား ၃(ခ)ရပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၀၊ ကျိုက်ခေါက်ဘုရားလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သော သုံးထပ်တိုက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ၂၂-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၁)ပါ ကန့်ကွက်နိုင်ကြောင်းကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းကျော်စိုး ၁၂/ပဘတ(နိုင်)၀၂၈၈၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်လှလှလွင် (စဉ်-၅၇၇၃)** | **ဦးအောင်ကျော်ကျော်မြတ်** | **(စဉ်-၂၇၀၀၉)** |
| **ဒေါ်လွင်မာ (စဉ်-၈၉၀၉)** | **ဦးထွန်းထွန်းနိုင်** | **(စဉ်-၃၅၅၃၄)** |
| **တရားလွှတ်တော်ရှေ့နေများ** | **ဒေါ်သန္တာမော်** | **(စဉ်-၃၉၂၄၂)** |
| **အမှတ် ၅၅(ဒုတိယထပ်)၊** | **ဒေါ်လဲ့လဲ့ဝင်း** | **(စဉ်-၃၉၈၈၀)** |
| **အခန်း၇၊ မဟာဗန္ဓုလပန်းခြံလမ်း** | **ဒေါ်သဇင်အေး** | **(စဉ်-၄၁၄၅၉)** |
| **ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊** | **ဒေါ်ရည်မွန်ထက်** | **(စဉ်-၄၃၀၆၂)** |
| **ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊** | **အထက်တန်းရှေ့နေများ** | |
| **၀၉-၇၃၀၀၁၅၂၈** | | |

**အဆိုပြုတင်ဒါခေါ်ယူခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၈၄/၈၈)၊ မဟာဗန္ဓုလလမ်းရှိ အကျယ်ပေ(၅၆×၉၀)ရှိ လေးထပ်အဆောက်အအုံအား ဘဏ်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အကြီးစားပြင်ဆင်မှုများ ပြုလုပ်ရန်ရှိပါသည်။

**(က) အကြီးစားပြင်ဆင်မည့် အဆောက်အအုံနေရာ** - အမှတ်(၈၄/၈၈)၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - ကျေးလက်ဖွံ့ဖြိုးရေးဘဏ် (နေပြည်တော်)၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ မြတ်ပန်းသဇင်လမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်(ရန်ကုန်ဘဏ်ခွဲ)၊ အမှတ်(၅၂၆/၅၃၂)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
**(ဂ) တင်ဒါဖွင့်လှစ်မည့်နေရာ** - မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တို့တွင် အခမဲ့ရရှိနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆို ပြုလွှာများကို ၂၃-၅-၂၀၁၄ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၄။ အသေးစိတ်သိရှိလိုပါက ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(နေပြည်တော်) ဖုန်း-၀၆၇-၄၂၁၀၉၂၊ ၄၂၁၀၉၅နှင့်(ရန်ကုန်ဘဏ်ခွဲ)၀၁-၃၉၁၂၃၇/၀၁-၂၄၃၅၄၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်လီမိတက်**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်အောင်မျိုးဝင်း၏ Passport No-၀၀၈၀၈၇သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
**ဖုန်း-၀၉-၂၅၀၃၃၂၉၀၄**

**အမည်ပြောင်း**

အမှတ် (၂၃) ရပ်ကွက်၊ ရွှေပြည်သာဝါးတစ်ရာနေ ဦးကြည်ဝင်းနိုင် ၁၂/မဘန(နိုင်)၀၉၈၃၁၅ ၏သား မောင်အောင်မြတ်ဟိန်းအား ယနေ့မှစ၍ မောင်အေးချမ်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အေးချမ်းအောင်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လိုက်ချီးသီးများ ဈေးကွက်အတွင်းရောက်ရှိ



**တောင်ငူ မေ ၈**

တောင်ငူခရိုင် အရှေ့ခြမ်းဒေသရှိ ကရင်ပြည်နယ် သံတောင်မြို့နယ် လိပ်သိုမြို့နယ်ခွဲ သံမိုးတောင်အနီး တစ်ဝိုက်နှင့် မြသာကုန်းဒေသထွက် လိုက်ချီးသီးများသည် တောင်ငူမြို့ အဝယ်ဒိုင်ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"လိုက်ချီးသီး(ခ)နှင်းသီးက နှစ်မျိုးရှိတယ်။ အမွေးပါအသီးနဲ့ ကတုံးသီးဆိုပြီးရှိတယ်။ ကတုံးသီးက ဈေးကွက်မှာ အရောင်းရဆုံး အသီးမျိုးပဲ။ အရည်ရွှမ်းတယ်။ စားလို့ကောင်းတယ်။ အမွေးပါအသီးကတော့ မော်လမြိုင်အသီးလို့လည်း ခေါ်တယ်။ ကြက်မောက်သီးလို့လည်းခေါ်တယ်။ အသားခြောက်တယ်၊ လိုက်ချီးပင်က မိုးတွင်းမှာ စတင်စိုက်ပျိုးရပြီး ပူတဲ့အချိန်မှာ ဆွတ်ခူးရတဲ့အသီးမျိုးဖြစ်တယ်။ စစိုက်ပြီး အပင်သက်တမ်း ငါးနှစ်ကနေ ခြောက်နှစ်မှာ အပင်ကြီးဖြစ်ပြီး အသီးစသီးတယ်။ ကိုင်းကူးစိုက်ရင် သုံးနှစ်ဆိုသီးပြီ။ အသီးတွေကို ဆွတ်ခူးပြီး တောင်ငူမြို့နယ်ရှိ ပွဲရုံများသို့ အင်ဖက်များဖြင့်ထုပ်ပိုးပြီး တင်ပို့ရောင်းချပါတယ်။ ပေါ်ဦးပေါ်ဖျားအသီးဆိုရင် တစ်ထုပ်ကို ငွေကျပ် ၁၀၀၀ ကနေ ၁၂၀၀ အထိရပါတယ်။ နောက်ပိုင်းသီးဆိုရင်တော့ ငွေကျပ် ၅၀၀ မှ ၈၀၀ လောက်ပဲရပါတယ်" ဟု လိုက်ချီးပင်များ စိုက်ပျိုးရောင်းချသူ ဒေသခံတစ်ဦးကပြောပြ၍ သိရသည်။

ထို့ကြောင့် ကရင်ပြည်နယ် သံတောင်မြို့နယ် ဒေသတစ်ဝိုက်မှ ထွက်ရှိသော လိုက်ချီး(ခ)နှင်းသီးများသည် ဈေးကွက်အတွင်း တင်ပို့ရောင်းချလျက်ရှိပြီး ဝင်ငွေများစတင်ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၅-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ပဲရည် | တစ်ကျပ်သား | ၆၆၂၅၀၀ |
| ရန်ကုန် | ၁၅ပဲရည် | တစ်ကျပ်သား | ၆၂၃၅၀၀ |
| မန္တလေး | ၁၆ပဲရည် | တစ်ကျပ်သား | ၆၆၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၁၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၉၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ကျပ် | ၃၂၀၀-၄၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ကျပ် | ၂၈၀၀-၃၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ကျပ် | ၄၅၀၀-၆၈၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ကျပ် | ၆၀၀၀-၁၃၀၀၀ |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ကျပ် | ၈၀၀၀-၁၃၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ကျပ် | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ကျပ် | ၇၀၀၀-၂၀၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ကျပ် | ၆၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ကျပ် | ၇၀၀၀-၈၅၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ကျပ် | ၇၀၀၀-၁၀၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ကျပ် | ၁၂၀၀၀-၁၅၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၉၆၀-၉၆၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၃၃၀-၁၃၃၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၇၇၅-၇၈၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၃၀-၃၀.၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၅.၂-၁၅.၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၅၇-၁၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၂၉၀-၂၉၉ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၆၅၀၀ |
| ပေါ်ကွဲ(အသစ်) | တစ်အိတ် | ၂၀၅၀၀ |
| ပေါ်ဆန်း(အသစ်) | တစ်အိတ် | ၂၅၀၀၀-၂၉၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၆၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၂၆၀-၄၈၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၇၅၀-၁၂၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၃၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၈၀-၆၃၀ |
| ငရုတ်ရှည်(ညောင်ရမ်းမိုး) | တစ်ပိဿာ | ၂၄၀၀-၂၄၅၀ |
| ငရုတ်ပွ(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၈၀၀-၅၂၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အင်း ၁၆၆ အင်း ရောင်းချမည်

**စစ်ကိုင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၀ ရှိ အင်းပေါင်း ၁၆၆ အင်းကို ပထမဦးဆုံးအကြိမ် အိတ်ဖွင့်လေလံစနစ်ဖြင့် ၂၀၁၆-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် မေ ၉ ရက်မှ ၁၂ ရက်အတွင်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချရာတွင် ရွှေဘိုမြို့နယ်ရှိ အင်းခုနစ်အင်း၊ ခင်ဦးမြို့နယ်တွင် တစ်အင်း၊ ဝက်လက်မြို့နယ်တွင် နှစ်အင်းနှင့် ကန့်ဘလူမြို့နယ်တွင် တစ်အင်း စုစုပေါင်း ဂရန်အင်း ၁၁ အင်းသည် ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနတွင်လည်းကောင်း၊ မုံရွာမြို့နယ်မှ ခုနစ်အင်း၊ ချောင်းဦးမြို့နယ်မှ တစ်အင်းတို့သည် မုံရွာခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ ကနီမြို့နယ်မှ ခြောက်အင်းနှင့် ဆားလင်းကြီးမြို့နယ်မှနှစ်အင်းသည် ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ ဟုမ္မလင်းမြို့နယ်ရှိ တစ်အင်းသည် ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် လည်းကောင်း၊ မေ ၉ ရက် နံနက် ၁၀ နာရီတွင် တစ်ပြိုင်တည်း အိတ်ဖွင့်လေလံတင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကသာမြို့နယ်မှ ၂၅ အင်း၊ အင်းတော်မြို့နယ်မှ ငါးအင်း၊ ဗန်းမောက်မြို့နယ်မှ သုံးအင်း၊ ထီးချိုင့်မြို့နယ်မှ ၂၁ အင်းနှင့် ကောလင်းမြို့နယ်မှ ၁၂ အင်းတို့ကို ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ စစ်ကိုင်းမြို့နယ်ရှိ ၁၅ အင်း၊ မြင်းမူမြို့နယ်ရှိ ငါးအင်း၊ မြောင်မြို့နယ်ရှိ ၂၉ အင်းတို့ကို စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ ကလေးမြို့နယ်မှ လေးအင်း၊ မင်းကင်းမြို့နယ်မှ ခုနစ်အင်းသည် ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ တမူးမြို့နယ်မှ ၁၂ အင်းသည် တမူးမြို့ ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင်လည်းကောင်း မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် တစ်ပြိုင်တည်း အိတ်ဖွင့်လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုင်းကျော်မြင့်ထံမှ သိရသည်။

အင်းဆွဲ ဝယ်လိုသူများသည် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ဂရန်အင်းများကို ဆွဲဝယ်လိုပါက လျှောက်လွှာများကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးများတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# စစ်တွေ၌ ဥပဒေပညာပြန့်ပွားရေးဟောပြော

**စစ်တွေ မေ ၈**

စစ်တွေမြို့တွင် ပြည်သူများအတွင်း ဥပဒေပညာပြန့်ပွားမှုရရှိစေရေးအတွက် စီမံချက်များချမှတ်ကာ လှည့်လည်ဟောပြောပေးပြီး ဆွေးနွေးပွဲများကို မေ ၅ ရက်မှ ၇ ရက်အထိ ကျင်းပပေးနေကြောင်း သိရသည်။

အဆိုပါ စီမံချက်အရ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်ရှိ မဏ္ဍိုင်သီရိဓမ္မာရုံ၌ မေ ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသော ဥပဒေပညာဟောပြောပွဲတွင် စစ်တွေမြို့နယ် ဥပဒေအရာရှိ ဦးကျော်ရွှေမောင်က ဥပဒေကို လူတိုင်းလိုက်နာကြရန်လိုအပ်ကြောင်း၊ ဥပဒေကိုလိုက်နာမှ ဥပဒေစိုးမိုးမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဥပဒေကို မိမိတို့လိုက်နာမှသာ ဥပဒေကလည်း မိမိတို့ကို ကူညီစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း စသည်ဖြင့်ဟောပြောပေးသွားသည်။ ဟောပြောပွဲသို့ စစ်တွေမြို့နယ် ဒုတိယအထွေထွေဦးစီးဌာနမှူး ကျော်ဇေယျာ၊ စစ်တွေမြို့ ဥပဒေအရာရှိ ဦးကျော်ရွှေမောင်၊ စစ်တွေမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်မိုးနိုင်တို့က ဟောပြောပေးခဲ့ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်သူ ရပ်ကွက်သားများတက်ရောက်ကြကာ သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ကိုကြီးစော**

ဝမ်းမြောက်ဂုဏ်ပြုမှတ်တမ်းလွှာ

နိုင်ငံတော်သမ္မတကြီးမှ ချီးမြှင့်သော

နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု(အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)ကို စစ်ကိုင်းမြို့

သုခဂေဟာရိ

ကျန်းမာရေး နှင့် လူမှုကူညီရေးအသင်းကြီး မှ

ထိုက်ထိုက်တန်တန်ရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အသင်းကြီးတိုးတက်အောင်မြင်စေရန် ဝိုင်းဝန်းလှူဒါန်းကြသော အလှူရှင်များ၊ အားကြိုးမာန်တက် ဆောင်ရွက်ကြသော အသင်းသူ/သားများနှင့် သက်ဆိုင်ရာ/ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့။

ခရိုင်/မြို့နယ် အမျိုးသမီးရေးရာကော်မတီ
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့။

# ဂုဏ်ယူစရာ မန္တလေးက ပညာအလှူပါ

သိမ်းကန်စိန်ခိုင် (စိတ်ပညာ)

လူတစ်ဦးတစ်ယောက် အသိအလိမ္မာဉာဏ်ပညာ ကင်းမဲ့ခြင်းဟာ သူ့အတွက်သာမက သူ့မိသားစု၊ သူ့မြို့၊ သူ့ရွာ၊ သူ့နိုင်ငံအတွက် အကျိုးယုတ်စေတယ်။ လူသားတိုင်း အသိအလိမ္မာဉာဏ်ပညာရှိကြရင် အားလုံးချမ်းသာမယ်။ လောကမှာ ဘေးရန်အန္တရာယ်ဟူသမျှဟာ ပညာမတတ်သူ လူမိုက်တို့ကြောင့်သာ ဖြစ်ပေါ်လာတတ်တာပါ။ လူသားတွေတိုးတက်ကြီးပွားရေးအတွက် ပညာတတ်တွေပေါ်ထွက်ဖို့မှာ ဉာဏအား၊ ဓနအားတို့နဲ့စွမ်းနိုင်တဲ့ဘက်ကနေပြီး ဝိုင်းကြိုးစားကြရပါတယ်။ ဘုရားရှင် ဟောကြားခဲ့ရာမှာ ဒီလိုကုသိုလ်မျိုးကို "ပညာသံဝတ္တနိက" အသိအလိမ္မာဉာဏ်ပညာကိုဖြစ်စေတဲ့ ကောင်းမှုကုသိုလ်လို့ ဟောကြားခဲ့ပါတယ်။

ပညာသံဝတ္တနိကကုသိုလ်ရှင်တွေရဲ့အလှူကိုမန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်မှာဧပြီ၃၀ရက်နံနက်၁၀နာရီမှာကျင်းပခဲ့ပါတယ်။ ကုသိုလ်ရှင်များကတော့ရွှေမြေအောင်ကုမ္ပဏီပိုင်ရှင် ဦးထွန်းခိုင်၊ ဒေါ်မိုးမိုးခိုင်နှင့် ရတနာမိုးဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးတို့ဖြစ်ပါတယ်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ စဥ့်ကိုင်မြို့နယ်မှာရှိတဲ့ စာကြည့်တိုက်များ၊ ကျေးရွာများရှိ ဘုန်းကြီးကျောင်းများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများစတဲ့အဓိကကျတဲ့ ဌာနတွေကို နေ့စဥ်ဖြန့်ဝေပေးလှူသွားမှာဖြစ်ပါတယ်။

ဒီအလှူကို တောင်သာမြို့နယ် ဆီမီးကန်ကျေးရွာ ရောင်နီဦး စာကြည့်တိုက် အဖွဲ့ဝင်တစ်ဦးအနေနဲ့ဖိတ်ကြားလို့ တက်ရောက်ခဲ့ရပါတယ်။ လှူဒါန်းမယ့်မြို့နယ်များမှ သက်ဆိုင်ရာပုဂ္ဂိုလ်များလည်း လက်ခံယူဖို့ တက်ရောက်လာကြပါတယ်။

ရတနာမိုးဆောက်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးထွန်းထွန်းစိုး မိသားစုက တောင်သာမြို့နယ်အတွက် မြန်မာ့အလင်းစောင်ရေ ၁၅၀၊ ကြေးမုံစောင်ရေ ၁၅၀၊ မြင်းခြံမြို့နယ်အတွက် မြန်မာ့အလင်းစောင်ရေ ၁၅၀၊ ကြေးမုံစောင်ရေ ၁၅၀ကို တစ်နှစ်စာ လှူဒါန်းပါတယ်။ တစ်နှစ်စာ ကျသင့်ငွေ ကျပ်သိန်း ၁၁၀ ကို လှူဒါန်းပါတယ်။

ရွှေမြေအောင် အိမ်ခြံမြေရောင်းဝယ်ရေးမှ ဦးထွန်းခိုင်-ဒေါ်မိုးမိုးခိုင် မိသားစုကလည်း စဥ့်ကိုင်မြို့နယ်အတွက် မြန်မာ့အလင်း ၁၂၅စောင်၊ ကြေးမုံ ၁၂၅စောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများအတွက် မြန်မာ့အလင်း ၂၅စောင်နဲ့ ကြေးမုံ ၂၅စောင်အတွက် တစ်နှစ်စာငွေကျပ် ၅၅သိန်းကို လှူဒါန်းခဲ့ပါတယ်။

လှူဒါန်းပွဲပြီးတဲ့နောက်မှာ ထပ်မံပြီးသဒ္ဓါပေါက်တဲ့အတွက် မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး၊ မကွေးမြို့နယ်မှာရှိတဲ့ ကျေးရွာများအတွက် မြန်မာ့အလင်းစောင်ရေ ၁၀၀နဲ့ ကြေးမုံစောင်ရေ ၁၀၀အတွက်လည်း တစ်နှစ်စာ ထပ်မံလှူဒါန်းခဲ့ပါသေးတယ်။

ဒီလှူဒါန်းတဲ့ သတင်းစာများကို ကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ယူပြီး ကားဖြင့်နေ့စဥ်ထုတ်သတင်းစာများကို နေ့ချင်းရောက်စနစ်ဖြင့် ပို့ဆောင်ပေးပါတယ်။ စဥ့်ကိုင်မြို့နယ်ကို နံနက် ၄နာရီ၊ မြင်းခြံမြို့နယ်ကို နံနက် ၇နာရီ၊ တောင်သာမြို့နယ်ကို နံနက် ၈နာရီခန့်ရောက်တယ်လို့သိရပါတယ်။ ဒီသတင်းစာများကို သက်ဆိုင်ရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို ပို့ဆောင်ပေးတာဖြစ်ပြီး အဲဒီကမှတစ်ဆင့် မြို့နယ်အတွင်းရှိ ကျေးရွာများ စာကြည့်တိုက်များကို နေ့ချင်းရောက်စနစ်ဖြင့် ကူညီဖြန့်ဝေပေးနေတယ်လို့လည်းသိရပါတယ်။

လှူဒါန်းတဲ့ ပုဂ္ဂိုလ်များရဲ့ ပညာအလှူကို ထိရောက်အောင် ကိုယ်ပွားသတင်းစာတိုက်နှင့် ပြန်ကြားရေးအဖွဲ့တွေ ကျေးရွာစာကြည့်တိုက်အဖွဲ့တွေရဲ့တက်ကြွတဲ့ စိတ်ဓာတ်နှင့်ကူညီပံ့ပိုးပေးနေတာကို မြင်ရတဲ့ ကျွန်တော့်စိတ်အစဥ်မှာ ကြည်နူးပီတိဖြစ်ပြီး လှူသူရော ကူသူကိုပါ သာဓုအကြိမ်ကြိမ်ခေါ်နေမိပါတယ်။ ပတ္တာနုမောဒနဆိုတဲ့ သူတစ်ပါးကောင်းမှုကုသိုလ်ပြုတာမြင်ရင်၊ ကြားရင် အမျှပေးဝေရင်း ဝမ်းမြောက်စွာ သာဓုခေါ်ဆိုခြင်းမျိုးပေါ့။

ကျွန်တော်တို့ဟာ နံနက်မိုးလင်းတာနဲ့ ရုပ်ခန္ဓာအတွက် အစာကိုဖြည့်ရသလို၊ စိတ်အစာအတွက်သတင်းများကို သိချင်၊ ဖတ်ချင်ကြပါတယ်။ မိမိပတ်ဝန်းကျင်၊ မိမိမြို့နယ်၊ မိမိတိုင်းဒေသကြီး၊ မိမိနိုင်ငံမှာဘာတွေဖြစ်နေသလဲဆိုတာ သိချင်ကြပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်သက်တဲ့အကောင်း၊ အဆိုး၊ အကျိုး၊ အကြောင်းတွေကို သိချင်ကြတာပါ။ သိအောင်သတင်းစာကို စောင့်ပြီးဖတ်ကြရပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မိုးလေဝသသတင်းများကို ဖတ်လိုက်ကြရတဲ့ ကျေးလက်ပြည်သူများဟာ သတင်းရင်းမြစ်များကို ဖတ်ရှုသိမြင်ရလို့ ဘေးက ကောလာဟလစကားများ၊ မမှန်သတင်းများကို ဖယ်ပြီးမှန်ကန်တဲ့ သတင်းအချက်အလက်တွေနဲ့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို ဝေဖန်ထောက်ချင့်ကျင့်သုံးဆောင်ရွက်နိုင်ကြပါတယ်။ မိုးလေဝသသတင်းနဲ့ တစ်ပြေးညီ ရာသီဥတုဖောက်ပြန်မှုများကို ကြိုတင်ကာကွယ်နေထိုင်နိုင်ကြသလို လယ်ယာလုပ်ငန်းခွင်မှာလည်း မိုးလေဝသကြိုတင်သတိပေးချက်များအပေါ် တွက်ချင့်ပြီး ထွန်ယက်စိုက်ပျိုးနိုင်ကြပါတယ်။

ဒီလောက် အကျိုးကျေးဇူးများတဲ့သတင်းစာများကတစ်ဆင့်ရရှိလာတဲ့ အသိ၊ အလိမ္မာပညာရဲ့တန်ဖိုးဟာကြီးမားလွန်းလှပါတယ်။ ကျွန်တော်တို့

## ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ ကင်းစွာနဲ့ အများသူငါ အသိအလိမ္မာ ပညာ တိုးစေဖို့ ရည်မှန်း . . .

စိတ်ပညာအနေနဲ့ ပြောရရင်သတင်းစာများကိုဖတ်ရှုခြင်းဆိုတဲ့ လှုံ့ဆော်မှု (Stimulus)ဟာ အသိ၊ အလိမ္မာ၊ ပညာဆိုတဲ့ တုံ့ပြန်မှု(Respond)ဖြစ်ပေါ်လာတယ်လို့ပြောရမှာပေါ့။ ဒီလို အကျိုးများတဲ့ "ပညာသံဝတ္တနိက" ကုသိုလ်ဖြစ်တဲ့ပညာအလှူကို စေတနာသုံးတန်ပြဋ္ဌာန်းပြီးလှူဒါန်းတဲ့ ကုသိုလ်ရှင်များရဲ့သဒ္ဓါ၊ စေတနာဟာ ကြီးမားမြင့်မြတ်လွန်းလှပါတယ်။

လှူဒါန်းခြင်းဆိုတာ မိမိဥစ္စာထဲကအနှစ်ထုတ်ယူနေခြင်းမျိုးဖြစ်ပါတယ်။ အလှူဒါန ပြုရာမှာ"ပဏီတဒါန"ဆိုတဲ့ အမွန်အမြတ်ဖြစ်သောဒါနကို စွန့်လွှတ်သော စိတ်အရင်းခံပြီး အပျော်လောဘကင်းကင်းနဲ့ လှူဒါန်းခြင်း၊ နှလုံးသွင်းကောင်းခြင်းရှိပြီး အသိဉာဏ်နဲ့ယှဥ်ပြီး လှူဒါန်းကြရပါတယ်။ ပုဂ္ဂိုလ်စွဲ ဒေသစွဲ ကင်းကင်းနဲ့ "အတ္တနဲ့ အတ္တနီယ"ကင်းစွာလှူကြရပါတယ်။ ယခု ပညာအလှူပေးကြတဲ့ စေတနာရှင်အလှူရှင်တို့ဟာလည်း ဒီလိုစိတ်ထားမျိုး နှလုံးသွင်းပြီးလှူဒါန်းခဲ့ကြပါတယ်။

ဒီလို အကျိုးကျေးဇူးများတဲ့ ပညာအလှူမျိုးကို လုပ်ငန်းရှင်များ၊ သူဌေး၊ သူကြွယ်များအနေနဲ့ ပညာအလှူဖြစ်တဲ့ သတင်းစာတစ်နှစ်စာကို ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲကင်းစွာနဲ့ အများသူငါ အသိအလိမ္မာ ပညာတိုးစေဖို့ ရည်မှန်းပြီး လှူဒါန်းကြပါဦးဟု အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါတယ်။

**ရိက္ခာနဲ့ သိက္ခာပြည့်ဝကြပါစေ။**





# ဖျာပုံမြို့တွင် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ တည်ဆောက်

**ဖျာပုံ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ဖျာပုံမြစ်နှင့်ချောင်းတွင်းချောင်းတို့ အရှေ့အနောက်ဝန်းရံလျက်ရှိပြီး မိုးရာသီကာလတွင် မိုးရွာသွန်းခြင်းနှင့်မြစ်ရေ၊ ချောင်းရေတက်ချိန်များတွင် မြို့တွင်းလမ်းများ ရေလျှံမှု များ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ယခုအခါမြို့တွင်းလမ်းများ ရေလွှမ်းမိုးမှု ကင်းဝေးစေနိုင်ရေးအတွက် အဓိကလမ်းဆုံ၊ လမ်းခွများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆင့်မြင့်ကွန်ကရစ်ရေနုတ်မြောင်း Box Culvert များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ အောင်သစ္စာလမ်းမကြီးနှင့် (၁၅) ရပ်ကွက် (၈) ဖြတ်လမ်းတို့ဆုံရာတွင် မေလပထမပတ်အတွင်း အပြီးတည်ဆောက်လျက်ရှိရာ မေ ၄ ရက်က မြို့နယ်စည်ပင်အင်ဂျင်နီယာမှူးနှင့်အဖွဲ့က တည်ဆောက်ပြီးစီးမှုနှင့် ရေစီးရေလာကောင်းမွန်မှုအခြေအနေကို စစ်ဆေး ဆောင်ရွက်နေပြီဖြစ်သည်။

ကျွန်တော်တို့ဖျာပုံမြို့မှာ ယခင်နှင့်မတူဘဲ ရေစီးရေလာကောင်းမွန်စေဖို့ ပြည်သူတွေတင်ပြတောင်းဆိုတာတွေကို စည်ပင်သာယာရေးကော်မတီဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာပါ။ ဖျာပုံမြို့မှာ ရပ်ကွက် ၁၉ ခုရှိပြီး လမ်းဆုံလမ်းခွဖြတ်လမ်းတွေများပါတယ်။ လမ်းတွေကိုကတ္တရာထပ်ပိုးလွှာခင်းထားတာဆိုတော့ ရေလွှမ်းရင်ကတ္တရာလမ်း ကတ္တရာတွေပေါက်ထွက်တာ သဘာဝပါ။ ရေနုတ်မြောင်းတွေကောင်းမှရေစီးရေလာကောင်းမွန်ကာ လမ်းမပေါ်ရေလွှမ်းမိုးတာ သက်သာပြီးလမ်းပျက်စီးမှုနည်းမှာပါ။ ဒါကြောင့် လမ်းဆုံလမ်းခွ အဓိကနေရာတွေမှာ ယခင်ကာလနဲ့မတူတဲ့ ကွန်ကရစ်ရေနုတ်မြောင်း Box Culvert တွေကို တိုးချဲ့တည်ဆောက်ပေးနေတာပါ" ဟု မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးတင်မောင်စိုးကပြောသည်။

ယခုကွန်ကရစ်ရေနုတ်မြောင်း Box Culvert အရှည် ၁၆ ပေ၊ အကျယ် လေးပေခွဲ၊ အမြင့်သုံးပေကို ကုန်ကျငွေ ရှစ်သိန်းကျော်ဖြင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလမကျရောက်မီ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ရဟန်းသံဃာများ ခရီးသွားလာမှုအဆင်ပြေစေရန် တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။ **(၀၇၁)**


**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)**
**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ် -၁)**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ရေဖြူတံတားတည်ဆောက်ရေးစီမံကိန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဘိလပ်မြေ(ဆင်တံဆိပ်) | ၂၉၀ တန် |
| ၂။ | သံချောင်းရှယ်စုံ (MEC) | ၁၃၀ တန် |
| ၃။ | မြစ်ကျောက်စရစ် | ၁၅၅ ကျင်း |
| ၄။ | မြစ်သဲ | ၈၅ ကျင်း |
| ၅။ | တောသစ်ရှယ်စုံ | ၄၅ တန် |
| ၆။ | chipping | ၉၅ ကျင်း |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၄ရက်
**တင်ဒါပုံစံစတင်ရောင်းချမည့်နေရာ** - (၁) အင်ဂျင်နီယာမှူးကြီးရုံး
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
(၂) လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ရုံး
ရေဖြူတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်း၊ ရေဖြူမြို့
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၈-၅-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၅-၂၀၁၄ရက် မွန်းလွဲ ၁၃း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
**အသေးစိတ်သိရှိလိုပါက** - ဖုန်း-၀၅၉-၂၃၅၇၀၊ ၀၅၉-၂၁၁၁၄၊ ၀၉-၄၂၀၁၅၉၅၄၃

**တင်ဒါစိစစ်ရေးကော်မတီ**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**ကြေညာချက်**

United Nations Educational Scientific and Cultural Organization (UNESCO) နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ပူပေါင်းပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်** - Certificate in Business Skills for Youth
၂။ **သင်တန်းအောင်လက်မှတ်** - Certificate in Business Skills for Youth
၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** - (က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်
(ခ) အသက်(၁၈)နှစ်နှင့် (၃၀)ကြားဖြစ်ရမည်
(ဂ) အခြေခံအင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သူဖြစ်ရမည်
၄။ **သင်တန်းကာလ** - (၂)လခွဲ
၅။ **သင်တန်းချိန်** - နံနက် ၀၇း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ
၆။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၇-၅-၂၀၁၄ ရက်မှ ၁၆-၅-၂၀၁၄ ရက်အထိ (ရန်ကုန်စီးပွားရေးတက္ကသိုလ်-ကမာရွတ်နယ်မြေ)
၇။ **သင်တန်းဝင်ခွင့်လူတွေ့စစ်ဆေးမည့်စာရင်းနှင့်ရက်** - ၂၀-၅-၂၀၁၄ ရက်တွင် ထုတ်ပြန်ကြေညာပါမည်
၈။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၂-၆-၂၀၁၄ ရက် (တနင်္လာနေ့)
၉။ **ဆက်သွယ်ရမည့်လိပ်စာ** - သင်တန်းရေးရာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)
၁၀။ သင်တန်းသားဦးရေကန့်သတ်ထားပါသည်။
၁၁။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက
ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ကမာရွတ်နယ်မြေ) ဖုန်း-၀၁-၅၃၆၄၃၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**သင်တန်းကြီးကြပ်ရေးကော်မတီ**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ငြ/၈၈၆၈ Honda Civic FD 3 Saloon (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၂/လကန(နိုင်)၀၂၇၀၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်၂၇ယ/၆၇၉၃၅ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်း ၁၂/ မဂဒ(နိုင်)၀၈၈၇၂၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ရုံး)၊ ကျောက်ဆည်**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၇၈၆၃၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈က/၅၁၁၅ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# စဉ့်ကိုင်မြို့နယ်တွင် နေ့စဉ်ထုတ်သတင်းစာများ ကျေးရွာများအတွက် တစ်နှစ်စာလှူဒါန်းဖြန့်ဝေ၍ ပြည်သူများ အသိပညာဗဟုသုတ တိုးပွား

**စဉ့်ကိုင် မေ ၈**

မန္တလေး ကိုယ်ပွားသတင်းစာတိုက်၏ စီစဉ်မှုဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၅၀ အတွက် နေ့စဉ်ထုတ်သတင်းစာ များဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ အစောင် ၂၅၀ တို့ ကို မေ ၁ရက်မှ စတင်ကာ တစ်နှစ်စာအဖြစ် နေ့စဉ်ဖြန့်ဝေပေးလျက် ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်းနိုင်ရန်အတွက် မန္တလေးမြို့မှ ဦးထွန်းနိုင်-ဒေါ်မိုးမိုးခိုင် (ရွှေမြေအောင်) မိသားစုမှ မြန်မာ့အလင်း နေ့စဉ်ထုတ်သတင်းစာ ၁၂၅စောင်နှင့် ကြေးမုံနေ့စဉ်ထုတ်သတင်းစာ ၁၂၅စောင်တို့အတွက် ငွေကျပ် ၅၅ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နေ့စဉ်ထုတ်သတင်းစာများ မြို့နယ်အတွင်း ဖြန့်ဝေမှုနှင့် ပတ်သက်ပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးက "ကျွန်မတို့ အလှူရှင်တွေက လှူဒါန်းသတင်းစာတွေကို မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၅၀ ကို တစ်ရွာ ငါးစောင်နှုန်းနဲ့ ဖြန့်ပေးပါတယ်၊ ကျေးရွာစာကြည့်တိုက်တွေ၊ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ လူစည်ကားတဲ့နေရာတွေကို အဓိကထား ဖြန့်ပေးပါတယ်။ အခုလို ကျွန်မတို့ မြို့နယ်မှာရှိတဲ့ လူတွေကို အသိပညာဗဟုသုတတွေ တိုးပွားအောင် လှူဒါန်းပေးတဲ့အတွက်လည်း ကျေးဇူးအများကြီး တင်ပါတယ်"ဟု ပြောပြသည်။ မြို့နယ်အတွင်း နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်းခြင်းအတွက် ဆည်ရွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းက "ကျွန်တော်တို့ အနေနဲ့ အလှူရှင်နဲ့ ဆောင်ရွက်ပေးသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့က အရင်ကတည်းက သတင်းစာယူပါတယ်၊အခုဆိုကျွန်တော် အုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာတွေကို မျှပြီးဖြန့်ပေးတယ်၊ ကျေးရွာသူ ကျေးရွာ သားတွေကလည်း ဖတ်ကြတော့ အလှူရှင်ရဲ့လှူဒါန်းတဲ့ အကျိုးနဲ့ ရည်ရွယ်ချက်က ထိရောက်ပါတယ်"ဟု လက်တွေ့အခြေအနေများ ပြောကြားချက်များအရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



မေ ၆ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဆင်ဇလုပ်ကျေးရွာအုပ်စု ရန်ကုန်-နေပြည်တော် အမြန်လမ်း ၉၈ မိုင် ၄ ဖာလုံ အရှေ့ဘက်ရှိ ဇေတဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက် အင်းကြင်းတစ်ထောင် သာသနာ့နယ်မြေ အင်ကြင်းမြိုင် ဓာတ်ပေါင်းစု မဟာဗောဓိစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲ ကျင်းပစဉ်။

ခင်ကို(ကျောက်တံခါး)



## ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများ ကျင်းပနိုင်ရေးညှိနှိုင်း

**မန္တလေး မေ ၈**

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၄ ရက် ညနေ၃ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်က အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ရဲမှူး ဒီဒီယောဟန်က ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းစဉ်များနှင့် ကြိုတင်ဆောင်ရွက်ထားရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ (၁၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း ၈၀ ရှိ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများသည် မေ ၁၂ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းကြရမည် ဖြစ်သည်။

**တင်မောင် (မန္တလေး)**

## ပြင်ဦးလွင်မြို့၌ အခမဲ့လက်လှမ်းမီ ပညာရေးဖောင်ဒေးရှင်း ဖွင့်လှစ်မည်

**ကလေး၀ မေ ၈**

ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများ၊ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်၍ လက်လှမ်းမီပညာရေးဖောင်ဒေးရှင်းကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခမဲ့လက်လှမ်းမီပညာရေးဖောင်ဒေးရှင်းသည် အဓိကအားဖြင့် တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများကို သင်ကြားပို့ချမည်ဖြစ်ပြီး ၎င်းတို့ပညာသင်နှစ်တစ်နှစ်အတွက် လိုအပ်သော စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များ၊ ပညာရေးအထောက်အကူပြုပစ္စည်းများနှင့်ကျောင်းဝတ်စုံတို့ကိုလည်း ကူညီထောက်ပံ့ ပေးသွားမည်ဖြစ်သည်။ စိတ်ပါဝင်စားပြီး တက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပြင်ဦးလွင်မြို့ အနီးစခန်းရှိလက်လှမ်းမီပညာရေးဖောင်ဒေးရှင်းသို့ ယခုနှစ်မေလအတွင်း ဆက်သွယ်စုံစမ်းစာရင်းသွင်းအပ်နှံနိုင်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့
အခွန်မှန်စွာ ပေးဆောင်စို့

**အမည်ပြောင်း**

ဦးမြင့်စိန်၊ ဒေါ်သောင်းရီတို့၏သား ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တူမောင်ကျေးရွာ(အလက) အဋ္ဌမတန်းတွင် ပညာသင်ကြားခဲ့သော မောင်ထွန်းနိုင်စိုးအား ယနေ့မှစ၍ မောင်ဇော်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ထက် တူမောင်(အလက)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒက္ခိဏခရိုင် နယ်တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၉**

ဒေါ်မို့မို့သန်း(၎င်း၏အခွင့်ရ ကိုယ်စားလှယ်စာရသူဒေါ်နှင်းနှင်းအေး) **နှင့်** ဦးအောင်ကျော်သူ ပါ-၅

**တရားလို** **တရားပြိုင်များ**

ပျဉ်းမနားမြို့၊ ဘောဂသီရိကားဝင်း၊ အခန်းအမှတ် (၈/၅၀)နေ ဦးအောင်ကျော်သူ (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မို့မို့သန်း (၎င်း၏ အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါ်နှင်းနှင်းအေးက အချင်းဖြစ်ဆိုင်ခန်းအတွင်းမှ တရားပြိုင်များ ဖယ်ရှားထွက်ခွာပေးစေလိုမှု (သို့မဟုတ်) ရောင်းကြေးငွေ၏ နှစ်ဆဖြစ်သော ကျပ်သိန်း ၇၀၀ကို တရားလိုအား တရားပြိုင်များမှ ပေးအပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မေ ၂၇ ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများ၊ စာချုပ်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးဆွေဦး)**
**ဒုတိယခရိုင်တရားသူကြီး၊ ဒက္ခိဏခရိုင်တရားရုံး**

### ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**သာစည်မြို့နယ်တရားရုံး**

**၂၀၁၃ ခုနှစ် ဓာရီမှုအမှတ်-၂၄**

မန်နေဂျာ **နှင့်** ၁။ ဦးမောင်ညွန့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စိန်တင်
သာစည်မြို့။

**တရားနိုင်** **တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် ဇွန် ၂၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ်(၁၈၁၀/ရွာကြီးတောင်)၊ ဦးပိုင်အမှတ်(၁၈၁/၂)၊ မြေကွက်အမှတ်(၁၈၁/၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၂၆ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၃၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တင့်လွင်**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သာစည်မြို့နယ်တရားရုံး**

### ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**သာစည်မြို့နယ်တရားရုံး**

**၂၀၁၃ ခုနှစ် ဓာရီမှုအမှတ်-၇၀**

မန်နေဂျာ **နှင့်** ၁။ ဦးတင်စိန်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ရင်အေး
သာစည်မြို့။

**တရားနိုင်** **တရားရှုံးများ**

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၄ ခုနှစ် ဇွန် ၂၇ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း**

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ ကွင်းအမှတ် ၁၈၁၀၊ ဦးပိုင်အမှတ် ၇၂၊ မြေကွက်အမှတ် ၇၂၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၅၃ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၄၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်း မဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တင့်လွင်**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သာစည်မြို့နယ်တရားရုံး**

## မွန်ပြည်နယ်အထိမ်းအမှတ် ဟင်္သာမောင်နှံ ရုပ်တုဖွင့်

**ရေး မေ ၈**

မွန်ပြည်နယ်အထိမ်းအမှတ် ရေးမြို့ရှိ တနင်္သာရီလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းမကြီးလမ်းဆုံနေရာတွင် ဟင်္သာမောင်နှံအကရုပ်တုဖွင့်ပွဲ အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ ပြည်နယ်ဝန်ကြီးဦးနိုင်လဝီအောင်၊လွှတ်တော်ကိုယ်စားလှယ်ဦးဗညားအောင်မိုး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိဦးထွန်းရှိန်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကိုယ်စားဘဒ္ဒန္တပုပ္ဖရမ္မ၊ ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တနာရဒ ဆရာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုပ်တုကိုအမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဝန်ကြီးဒေါက်တာ မင်းနွယ်စိုးက အမှာစကား ပြောကြားပြီး ပန်းချီ၊ ပန်းပုပညာရှင်ဦးကြည်ဝင်းနှင့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်မှတ်တမ်းလွှာများကို လည်းကောင်း၊ ဝန်ကြီးဦးနိုင်လဝီအောင်က မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီကိုလည်းကောင်း ဆုတံဆိပ် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်သည်။ မွန်စာပေနှင့်ယဉ်ကျေးမှုအထွေထွေအတွင်းရေးမှူး ဦးမင်းအောင်စိုးက သမိုင်းအကြောင်းအရာများကို အစီရင်ခံတင်ပြပြီး ဖွင့်ပွဲအခမ်းအနားတွင် မွန်ယဉ်ကျေးမှုဟင်္သာမောင်နှံ အက၊ မွန်တပင်တိုင်အက၊ မွန်ယဉ်ကျေးမှုအက၊ ဘင်ခရာအဖွဲ့၊ ရာဇာဝင်း၊ ဒေဝါဝင်းအပါအဝင်ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများက စည်ကားသိုက်မြိုက်စွာဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**





## ရေလှူပွဲနှင့် ကျေးရွာနေသူများအား ကျန်းမာရေးစောင့်ရှောက်ကုသ

**စစ်ကိုင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် သောက်သုံးရေရှားပါးပြီး အခက်အခဲဖြစ်နေသော ကျောက်ပန်းကျေးရွာအုပ်စု ဆည်လေးတောကျေးရွာသို့သောက်သုံးရေသွားရောက်လှူဒါန်းပွဲနှင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ကုသပေးပွဲကို မေ ၃ ရက် နံနက် ၈ နာရီက ဆည်လေးတောကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆည်လေးတောကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဥက္ကံသက ကျေးရွာ၌သောက်သုံးရေအခက်အခဲတွေ့ကြုံနေရခြင်းနှင့် ပတ်သက်၍ မိန့်ကြားပြီး မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး(မြို့မိမြို့ဖ) ဥက္ကဋ္ဌ ဦးဇော်ဝင်းက စစ်ကိုင်းမြို့နယ်တွင် သောက်သုံးရေရှားပါးသောကျေးရွာ ၁၁ ရွာ၌ ရေအခက်အခဲ ပြေလည်စေရေး သက်ဆိုင်ရာဌာနများ၊ အလှူရှင်များဖြင့် ဆောင်ရွက်နေခြင်းကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်က မိုးရေကို သိုလှောင်ထိန်းသိမ်းထားပြီး သုံးစွဲရေးနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးသည်။

ဆည်လေးတော ကျေးရွာတွင် အိမ်ခြေ ၁၂၀ ခန့် လူဦးရေ ၄၈၉ဦး နေထိုင်သော ကျေးရွာဖြစ်ကာ မိုးရွာသွန်းမှုမရှိ၍ ပူပြင်းသောနေပူရှိန်ကြောင့် ကျေးရွာရှိရေကန်နှင့် ရေသိုလှောင်ကန်များ ရေခန်းခြောက်သည့်အတွက် ရေခက်ခဲခြင်းဖြစ်သည်။ မြို့နယ်မီးသတ်တပ်ဖွဲ့ရေသယ်ယာဉ်၊ မြို့မိမြို့ဖအဖွဲ့သို့ ဒေါက်တာအရှင်ဆေကိန္ဒက လှူဒါန်းထားသော ထော်လာဂျီရေသယ်ယာဉ်၊ စစ်ကိုင်းထုံးဘိုရပ်ကွက် ဦးထွန်းနှင့် အဖွဲ့က ရေသယ်ယာဉ်စုစုပေါင်း ငါးစီးဖြင့် ရေဂါလန် ၄၆၀၀ကို လှူဒါန်းရာ ကျေးရွာနေပြည်သူများဝမ်းသာပီတိဖြစ်၍ ရေပုံးရေစည်လှည်းများဖြင့် ရေများသယ်ယူကြသည်။(**အပေါ်ပုံ**)

ရေလှူပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းဝင်းအောင်၊မြို့မိမြို့ဖအဖွဲ့ဝင်များ၊ ရန်ကုန်မြို့မှ အလှူရှင် ဒေါ်ရင်မေ၊ (သား)ကိုကျော်ဇေယျဦးနှင့် အလှူရှင်ခြောက်ဦးတို့လာရောက်၍ ကိုယ်တိုင်ကိုယ်ကျလှူဒါန်းကြသည်။ ကျေးရွာနေပြည်သူတို့၏ ကျန်းမာရေးကို ဒေါက်တာဒေါ်နှင်းနှင်းစိန် ဦးဆောင်ပြီး မျက်စိအထူးကုဆရာဝန် ဒေါက်တာသိန်းဇော်၊ သွားရောဂါကုဆရာဝန်ဒေါက်တာဌေးလွင်နှင့် အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာဒေါ်ဝင်းဝင်းနုတို့က လူနာပေါင်း၁၀၀ဦးအား အခမဲ့စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

## သတင်းတို

### တောင်သူဦးကြီးများ လက်တွန်းထွန်စက်နှင့်အထွက်တိုးပြောင်းမျိုးထုပ်များဝယ်ယူ

**နောင်ချို မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌တရုတ်နိုင်ငံသို့ ပြောင်းဖူးတင်ပို့ရောင်းချရာတွင် အများဆုံးမှာနောင်ချိုမြို့နယ်လည်း အပါအဝင်ဖြစ်သည်။ ပြောင်းဖူးအများအပြားစိုက်ပျိုးကြသော မြို့နယ်ဖြစ်ပြီး ယခုအခါ မိုးတစ်ဖြိုက်နှစ်ဖြိုက်ရွာသွန်းနေပြီဖြစ်သောကြောင့် ကျေးရွာအုပ်စုများမှ တောင်သူဦးကြီးတို့က လယ်ယာသုံးလက်တွန်းထွန်စက်နှင့်ပြောင်းဖူးမျိုး (၈၈၈) မျိုးထုပ်များ ဝယ်ယူလျက်ရှိရာ ပြောင်းဖူးမျိုးအရောင်းဆိုင်တွင် ရောင်းအားကောင်းလျက်ရှိသည်ကိုတွေ့ရသည်။ တချို့တောင်သူများက အချိန်မီစိုက်ပျိုးနေကြပြီဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနကလည်း တောင်သူများအား မိုးသီးနှံစိုက်ပျိုးနိုင်ရေးအတွက် လယ်ထွန်စက်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဝ၆၁)**

### ရေစကြိုမြို့နယ်တွင် မိုးရွာသွန်း၍ နွေသီးနှံအကျိုးများ

**ရေစကြို မေ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မေ ၃ ရက် ညက မိုးရွာသွန်းခဲ့ရာ မြို့မမိုးရေချိန်စခန်းတွင် ၀ ဒသမ ၁၀ လက်မ၊ ငွေးဂုဏ်မိုးရေချိန်စခန်းတွင် ၀ ဒသမ ၃၅ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ရေစကြိုမြို့အနီးဝန်းကျင်နှင့်မြို့နယ်၏ အနောက်မြောက်ပိုင်းဒေသများတွင် စိုက်ပျိုးထားသော နွေစပါး၊ နွေနှမ်း၊ ပဲတီစိမ်းအပါအဝင် နွေသီးနှံများအတွက် အကျိုးများစွာရှိကြောင်း ဒေသခံတောင်သူများက ပြောကြသလို ဝါးကပ်မိုး၊ သက်ငယ်မိုး၊ ထန်းလက်မိုးတို့ စိုစွတ်အောင်ရွာသွန်းခဲ့၍ မီးရေးထင်းရေးအတွက်ပါ အထောက်အကူပြုကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရပ်စောက် မေ ၈**

ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် ပင်ဖြစ်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကိုကိုမောင်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခွန်သန်းထူးနှင့် မြို့နယ်ကြက်ခြေနီတပ်ခွဲမှူး ဦးကျော်မြင့်သိန်းတို့က အမှာစကားပြောကြားသည်။

အဆိုပါ ကင်းထောက်လူငယ်သင်တန်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က တာဝန်ယူသင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အမျိုးသမီးအိမ်တွင်းမှုကျောင်း သင်တန်းဖွင့်ပွဲကျင်းပ

အမျိုးသမီးများဘဝ တိုးတက်မြင့်မားစေရေးနှင့် ကိုယ်ပိုင်သက်မွေးလုပ်ငန်းများ ရှင်သန်အောင်မြင်စေရေးအတွက် အမျိုးသမီးအိမ်တွင်းမှုကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၂)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၆)သင်တန်းဖွင့်ပွဲကို မေ ၅ ရက် နံနက် ၁၁ နာရီခွဲက နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ဆားလင်းကြီးမြို့၌ ကျင်းပသည်။အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆားလင်းကြီးမြို့မှ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၅၅ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၂၈ ဦး၊စုစုပေါင်း ၈၃ ဦးဖြစ်ကြောင်း သိရှိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၄**

**ကွယ်လွန်သူ ဦးဇော်လွင်၍ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**
**ဒေါ်သိန်းသိန်း** **လျှောက်ထားသူ**
အမှတ် ၂၉၊ ရန်ကုန်-အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ အမှတ် ၂၉၊ ရန်ကုန်-အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်သိန်းသိန်းက ကွယ်လွန်သူ ဦးဇော်လွင်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါနေရပ်လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးဇော်လွင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးဇော်လွင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် မေ ၂၁ ရက် (၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်သိန်းသိန်း၏ လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် မေ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှင်းဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### ဖခင်အမည်မှန်

တာချီလိတ်မြို့၊ မကာဟိုခမ်း(အထက)၊ နဝမတန်း(က)မှ မနော်မေထူး၏ ဖခင်အမည်အမည်မှန်မှာ ဦးစောအယ်ထူး ၁၄/အဂပ(နိုင်)၁၃၀၈၈၈ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးကိုကိုဦး၏သမီး တာချီလိတ်မြို့၊ ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်း(က)မှ မယမင်းဖြိုး ၁၃/တခလ(နိုင်) ၀၉၁၄၉၄ အား မယမင်းသဉ္ဇာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယမင်းသဉ္ဇာအောင်**

### ပျောက်ဆုံးခြင်း

ကျွန်မ မမျိုးမျိုးဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ် M-၅၃၆၃၅၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၁၈၄၄၈**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သာယာဝတီခရိုင်တရားရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃**

မြဝတီဘဏ်လီမိတက် **နှင့်** ၁။ ဒေါ်အေးအေးမြင့်သန်း
(၎င်း၏ကိုယ်စား ဦးစိုးမြင့်ဦး ၂။ ဦးဗိုလ်သိန်း(အာမခံသူ)
လက်ထောက်အထွေထွေမန်နေဂျာ)

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ကျောင်းကြီးတန်းရပ်ကွက်၊ လွှစင်တန်းလမ်း၊ အိမ်အမှတ် (၂၂) (ယခုလိပ်စာမသိ) ဒေါ်အေးအေးမြင့်သန်း၊ ဦးဗိုလ်သိန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေ ၂၉,၀၈၁,၉၂၃/၂၉ါး ရလိုကြောင်း တရားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၁၆ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဒေါ်သွယ်သွယ်သိန်း**
**ခရိုင်တရားသူကြီး**
**သာယာဝတီခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ပြည်သာယာ ၃လမ်း၊ မြေကွက်အမှတ် ၇၆၆၊ မြေအကျယ်အဝန်း(၄၉ပေ×ပေ၆၀) ရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်ကိုအမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းအမည် ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအိုက်ဆန်း ၁၃/တကန(နိုင်)၁၄၄၅၇၇ မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B) အထက်တန်းရှေ့နေ (စဉ်-၁၀၀၂၂)**
**အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄**

### လေးစားစွာမေတ္တာရပ်ခံတောင်းပန်ခြင်း

**ရက်စွဲ ၂၀၁၄ခုနှစ် မေ ၆ရက်**

၂၀၁၄ ခုနှစ် မေ ၄ ရက်ထုတ် စံတော်ချိန်သတင်းစာ စာမျက်နှာ(၄) နှင့် ၂၀၁၄ ခုနှစ် မေ ၇ ရက်ထုတ် မြန်မာပို့စ်ဂျာနယ် စာမျက်နှာ(၃၁) တွင်ပါသည့် မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး သင်္ကြန်စာရင်း ရှင်းမသွားဆိုသည့်သတင်းအား မှားယွင်းဖော်ပြသည့်အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် သင်္ကြန်ကော်မတီများအား အနူးအညွှတ်တောင်းပန်အပ်ပါသည်။

**ဦးတင်လှိုင် သတင်းထောက်**
**မိတ္ထီလာ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဖျာပုံ၌ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဖျာပုံ မေ ၈**

ရာမညတိုင်း (၃၂)မြို့တွင် အပါအဝင်ဖြစ်သော ဖျာပုံမြို့(ထမင်းဈေးမြို့)တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကျင်းပလာခဲ့သည်မှာ လာမည့်ကဆုန်လပြည့်နေ့တွင် နှစ်ပေါင်း (၁၀၁)နှစ်သို့ ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲနှင့် တစ်ဆက်တည်း ကဆုန်ညောင်ရေသွန်းပွဲနှင့် မင်းညီနောင် လှည့်လည်ပွဲများပါ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်က (၁၀၁)နှစ်မြောက်ကျင်းပမယ့် ဗုဒ္ဓပူဇနိယပွဲပါ။ ရာပြည့်ပွဲလိုပဲ စည်စည်ကားကား ကျင်းပသွားမှာပါ။ အရင်နှစ်တွေတုန်းကတော့ တောင်ပိုင်းလူငယ်အဖွဲ့က ရုပ်ပွားတော်ခုနစ်ဆူပါ လှည်းတစ်စီး၊ မြောက်ပိုင်းမိသားစုအဖွဲ့က လှည်းတစ်စီး၊ ပင်လယ် ကျားပိုက်လုပ်ငန်းရှင်များအသင်းက လှည်းတစ်စီးနဲ့ စက်သုံးဆီလုပ်ငန်းရှင်များအဖွဲ့က လှည်းတစ်စီး စုစုပေါင်းလေးစီးခဲ့ပြီး မြို့ထဲကို လှည့်လည်အပူဇော်ခံပါတယ်။ ကဆုန်လဆန်း ၁၃ ရက်၊ ၁၄ ရက်ညပိုင်းနဲ့လပြည့်နေ့ နံနက်ပိုင်းအာရုဏ်ခံတွေမှာ လှည့်လည်ပါတယ်။ လပြည့်နေ့ညနေမှာ မကြီးတန်း(ရွှေတန်းရပ်) ကနေ ဦးဆောင်ပြီး ညောင်ရေသွန်းပွဲနဲ့ လပြည့်ကျော် ၁ ရက် ညနေမှာ မင်းညီနောင်လှည့်ပွဲတွေကို တစ်ဆက်တည်း ကျင်းပသွားမှာပါ"ဟု ကိုနိုင်ဝင်းထူး (ဝေယျာဝစ္စလူငယ်အဖွဲ့)က ပြောကြားသည်။



" ယခုကျင်းပမယ့် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ညောင်ရေသွန်းပွဲနဲ့ မင်းညီနောင်လှည့်ပွဲတွေက ကျွန်တော်တို့မြို့ရဲ့ အထင်ကရ ရိုးရာပွဲတော်တွေပါ။ တာဝန်ရှိသူအဆင့်ဆင့်နဲ့ ညှိနှိုင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမှာပါ။ နှစ်စဉ် လာရောက်ဖျော်ဖြေပေးနေကြတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ နိုင်ငံကျော်အဆိုတော်တွေကို မေးကြည့်လိုက်ရုံနဲ့ ဖျာပုံနှစ်ကျိပ်ရှစ်ဆူပွဲ ဘယ်လောက်စည်ကားတယ်ဆိုတာ သိနိုင်ပါတယ်။ အခုလို ဘာသာ၊သာသနာ ရိုးရာအစဉ်အလာတွေကို နှစ်ပေါင်းများစွာ ဝိုင်းဝန်းထိန်းသိမ်းပေးကြတာ တွေ့ရတော့ ဝမ်းသာကြည်နူးရပါတယ်။ နောင်ကိုလည်း ဆက်လက်ထိန်းသိမ်းပေးနိုင်ကြပါစေလို့ ဆုတောင်းပါတယ်" ဟု ဦးသန်းအောင်(နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ၊အတွင်းရေးမှူး) က ထပ်မံပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ဖော်ပြပါ ပွဲတော်များအပြင် ဖျာပုံနန်းတွင်းရာမပွဲ၊ ဗလိနတ်စာပွဲ၊ လှော်ကားကြီးပွဲ၊ မသိုးသင်္ကန်းရက်ပွဲ၊ ထမနဲပွဲ စသည့် ရိုးရာပွဲတော်များ စဉ်ဆက်မပြတ် ဆောင်ရွက်လေ့ ရှိကြောင်း သိရသည်။

**သပြေထွန်း**

# မြို့နယ်သစ်တော ပျိုးပင်မျိုးစုံ ၆၄၈၀၀ ပျိုးထောင်ထား

**ရေစကြို မေ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ မိုးရာသီသစ်ပင်စိုက်ပျိုးရေးကာလတွင် မြို့နယ်အတွင်းသတ်မှတ်နေရာများ၌ အချိန်မီစိုက်ပျိုးနိုင်ရန် မြို့မပျိုးဥယျာဉ်တွင် ကျွန်းပင် ၂၁၀၇၊ ယူကလစ်ပင် ၂၄၄၅၀၊ မန်ကျည်းပင် ၂၀၀၀၊ ရှားပင် ၃၀၀၀၊ ကုက္ကိုပင် ၅၀၀၀၊ တမာပင် ၅၀၀၀၊ မဲဇလီ ၅၀၀၀၊ ဆူးဖြူ ၃၄၄၃ ပင်နှင့် မဟူပျိုးဥယျာဉ်တွင် သစ်ပင်မျိုးစုံ ၁၄၈၀၀ ဖြင့် စုစုပေါင်း ၆၄၈၀၀ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန(တာဝန်ခံ)တောအုပ်ကြီး ဦးခင်မောင်လွင်က ပြောပြသည်။

ယခုအခါ အပူချိန်မြင့်တက်နေသောရာသီတွင် မြို့မပျိုးဥယျာဉ်ရှိ ပျိုးပင်များမှာ ဝန်ထမ်းများ၏ ဂရုတစိုက်ပြုစုမှုကြောင့် သန်စွမ်းကျန်းမာစွာဖြင့် တွေ့မြင်ရသည်။ အဆိုပါ ပျိုးပင်များကိုလာမည့် မိုးရာသီတွင် တစ်ပင်စိုက် တစ်ပင်ရှင်အောင် ပြည်သူများက စိုက်ပျိုးနိုင်ကြမည်ဆိုလျှင် ရေစကြိုမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သာယာလှပခြင်းနှင့်အတူ လူမှုစီးပွားဘဝမြင့်မားလာမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# စာဖတ်ရှိန်မြှင့်တင်ရေး ကလေးမြို့၌ကျင်းပ

**ကလေး မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပြည်တော်သာကျေးရွာတွင် မေ ၅ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးရွာနေပြည်သူများ စာဖတ်ချင်စိတ်ရှိပြီး ပြည်တော်သာကျေးရွာစာကြည့်တိုက်တွင် စာဖတ်သူ၊ စာငှားသူ တိုးပွားစေရေးရည်ရွယ်ကာ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

"ကျေးရွာနေပြည်သူများ စာဖတ်လာအောင် စာကြည့်တိုက်ကိုလည်း စာအုပ်တွေ လာလှူတာပါ။ စာကြည့်တိုက်မှာ နံရံကပ်စာပေရေချမ်းစင်လည်း ထားပေးပါတယ်။ စာပေရေချမ်းစင်က စာအုပ်တွေအသစ်လည်းပေးရင်း စာအုပ်တွေလာပြီး ဖတ်ခိုင်းတာပါ"ဟု မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးညီညီဇော်က ပြောသည်။

ကလေးခရိုင်တွင် စာပေရေချမ်းစင် (Book Corner) ကို လေယာဉ်ကွင်းတွင် ထားရှိပေးပြီ တစ်လလျှင်ပြန်/ဆက်ရုံးချုပ်မှ ခွင့်ပြုငွေကျပ်လေးသောင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ခွင့်ပြုငွေနှစ်သောင်းတို့ဖြင့် အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ၊ သုတ/ရသစာအုပ်များကို ထားရှိပေးထားကြောင်း သိရပြီး နံရံကပ်စာပေရေချမ်းစင် ၃၂ ခုကိုလည်း ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်များတွင် လူစည်ကားရာနေရာများဖြစ်သည့် ကားကွင်း၊ သင်္ဘောဆိပ်၊ ဈေး၊ လေယာဉ်ကွင်း၊ ဆေးရုံ၊ လက်ဖက်ရည်ဆိုင်များတွင် ထားရှိပေးထားကြောင်း သိရသည်။

**သျှင်နေမင်း**



# ကလေး၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြော

**ကလေး မေ ၈**

ကလေးမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူး၊ ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်တို့၏ ဦးဆောင်မှုဖြင့် အရှိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကလေးမြို့နယ်တွင် မူးယစ်ဆေးဝါးကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို မေ ၆ ရက် ညနေ ၃ နာရီက ကလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကလေးခရိုင် ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆန့်ကျင်ရေးအသင်း(ဗဟို)အဖွဲ့ဝင် ဦးသိန်းကြည် (ရဲမှူးကြီးငြိမ်း)က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း ဟောပြောဆွေးနွေးသည်။

ယင်းနောက် ရုပ်ရှင်သရုပ်ဆောင် ဦးဝင်းနိုင်(အနုပညာ)မှ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်ဝန်းကျင်တွင် တွေ့ကြုံရသည့် အဖြစ်အပျက်များအကြောင်း ဟောပြောဆွေးနွေးပြီး၊ အရှေ့တောင်အာရှ ဝူရှူးအားကစား ရွှေတံဆိပ်ဆုရှင် ဝေဖြိုးအောင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးပညာပေးအကြောင်း ဟောပြောပြီး ဝူရှူးသရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဂျိုးနက်**


## ပိုလ်သင်တန်းအမှတ်စဉ် (၆၄)မှ သူငယ်ချင်းများအား ဖိတ်ကြားခြင်း

သူငယ်ချင်းတို့ ၂၀၁၄ ခုနှစ် မေ ၁၃ ရက်မှာ ကျရောက်မည့် (၃၁)နှစ်ပြည့် ကျောင်းဆင်းပွဲအမှတ်တရနေ့မှာ ကိုယ်တို့အပတ်စဉ်က ကျဆုံး၊ သေဆုံးသွားတဲ့ သူငယ်ချင်းများအတွက် ရေစက်ချ၊ အမျှဝေ၊ ဆွမ်းကပ်လှူခြင်း၊ ညစာစားပွဲကျင်းပခြင်းတို့ကို ရန်ကုန်မြို့မှာ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမှာဖြစ်လို့ သူငယ်ချင်းများနဲ့ မိသားစုများ မပျက်မကွက်ကြွရောက်ကြဖို့ ဖိတ်ကြားအပ်ပါသည်-

**ဆွမ်းကပ်လှူခြင်း** - ၁၃-၅-၂၀၁၄ ရက် (အင်္ဂါနေ့) ၁၃၇၆ ခုနှစ် ကဆုန်လပြည့်နေ့၊ နံနက် ၉း၃၀ နာရီ ကျောက်စာတော်အရှေ့ကျောင်း၊ ကျိုက္ကဆံဘုရားအနောက်၊ ရှင်ယဿသိမ်အနီး။

**ညစာစားပွဲကျင်းပခြင်း** - ၁၃-၅-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၆း၃၀နာရီ ကုန်းမြင့်သာစားတော်ဆက်၊ ပြည်လမ်း (၇ ၁/၂)မိုင်

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သင်း ၁၀/သဖရ(နိုင်)၀၈၄၄၈၄ ၏ နိုင်ငံကူးလက်မှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၃၆၈၁၉၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ဝင်း ၁၀/ကမရ(နိုင်)၁၁၃၂၄၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် M-၂၀၈၅၄၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၈၁၃၉၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မျိုးရာဇာ ၁၀/မလမ(နိုင်)၂၂၂၈၉၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် MA-၃၀၃၄၀၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၂၈၁၃၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၁၂၇၅ Toyota Dyna BU 61 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၅/ရဘန(နိုင်)၁၂၃၆၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ ရွှေဘိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၂၈၉၃၊ Toyota Mark II G x Ip Saloon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုသီရိမွန်(ခ)ကြည်သာမွန် ၁၂/မဂတ(နိုင်)၀၇၉၉၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၇၄၇/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၄၇/ခ)၊ ကျော်သူလမ်း (၂၀)၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသာပွင့်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးသာပွင့် (ဇနီး)ဒေါ်မညို (သား) ဦးထွန်းအေး (လူပျိုကြီး)ဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ဦးသိန်းထွန်း ၁၂/ဥကတ(နိုင်)၀၂၅၆၂၇၊ ဒေါ်သိန်းသိန်းမြ ၁၂/ရကန(နိုင်)၀၄၆၈၂၃၊ ဦးမောင်ရွှေ ၁၂/မဘန(နိုင်)၀၁၄၃၇၉၊ ဒေါ်သိန်းသိန်းနု ၁၂/ဥကတ(နိုင်)၀၂၅၆၀၄၊ ဒေါ်စုစု ၁၂/ဥကတ(နိုင်)၀၂၅၆၂၈၊ ဦးပွင့်သူအောင် ၁၂/ကမရ(နိုင်)၀၀၂၆၈၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ဥယျာဉ်စုရပ်ကွက်နေ ကျွန်တော် ဦးမောင်မောင်လွင်၏ဇနီး ဒေါ်မော်မော် ၉/ပမန(နိုင်)၁၈၀၄၂၆သည် ကျွန်တော်အား စိတ်ဆင်းရဲအောင်၊ သိက္ခာကျအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်လွင်**
**၉/ပမန(နိုင်)၀၀၀၀၀၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မဝေဝေနှင်း ၁၂/ဥကတ(နိုင်)၁၇၅၇၉၄သည် မိဘတို့၏ဆုံးမမှုကို လိုက်နာခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**
**ဒေါ်မြင့်မြင့်လှိုင်(ခ)မငယ်**
**၁၂/ဥကတ(နိုင်)၁၃၇၇၅၀**

## အထူးကိုယ်စားလှယ်စာရုပ်သိမ်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေမေဝင်း ၁၂/ဒဂန(နိုင်)၀၁၂၃၄၆ မှ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ဒေါ်အေးအေးမြင့် ၈/ပခက(နိုင်)၂၂၉၈၆၀ အား လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်စာအား မှတ်ပုံတင်စာချုပ်အမှတ်(၅၇၅၆/၂၀၁၀)အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်လှိုင် ဒေါ်ညိုမီချန်း ဒေါ်ကျူးနိုဒိမ်**
**(အထက်တန်းရှေ့နေများ)**
**အမှတ် (၁၀/၁၂)၊ အခန်း (၁၀၄/ဈ)၊ ပထမထပ်၊ (၃၅)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အရှေ့တပ်မြေ၊ အောက်သုခလမ်း၊ အိမ်အမှတ် (၁၂)နေ ဖခင် ဦးသန်းဌေးအောင်၊ မိခင် ဒေါ်တင်မာဝေတို့၏သား မောင်သိန်းထိုက်ဇော်(ခ)ငမဲ ၁၀/မလမ(နိုင်)၂၃၄၉၅၅ သည် ဆိုဆုံးမစကားနားမထောင်ဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း။

**ဦးသန်းဌေးအောင်-ဒေါ်တင်မာဝေ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# နမ့်ခမ်းမြို့ ဈေးလမ်းတိုးချဲ့ဖောက်



**နမ့်ခမ်း မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ ဈေးမြောက်ဘက် ကတ္တရာလမ်းကို မေ ၄ ရက်က တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ယခင်လမ်းသည် ဈေးနှင့် ကပ်လျက်ရှိပြီး လမ်းမကြီးမှ ရုံးသို့သွားရာတွင် တစ်ခါတစ်ရံ ယာဉ်များ ပိတ်ဆို့ခြင်း၊ ဈေးသွားဈေးလာများဖြင့် ရှုပ်ထွေးခြင်းများကြောင့် အလယ်တွင် သံမဏိတန်းခြား၍ တစ်လမ်းမောင်းစနစ်ကို တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။ နှစ်စဉ် မိုးရာသီကာလတွင် လမ်းရေလျှံမှုများရှိနေရာ၊ ရေစီးရေလာကောင်းမွန်စေရန်ရေ မြောင်းများကိုလည်း စနစ်တကျ ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။ ယခုတိုးချဲ့ဖောက်လုပ်သော လမ်းအရှည်မှာ အလျား ပေ ၅၈၀၊ အနက် ၁၈ ပေ ရှိပြီးအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညဏ်မင်း(နမ့်ခမ်း)**

## ရေစကြို၌ အမျိုးသမီး အိမ်တွင်းမှုသင်တန်းများ ဖွင့်

**ရေစကြို မေ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ရေစကြို)၏ အဆင့်မြင့်အပ်ချုပ်သင်တန်း အမှတ်စဉ်(၂၃)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၆) သင်တန်းများဖွင့်ပွဲကို မေ ၅ ရက် နံနက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများကို ပြောကြားသည်။

သင်တန်းဖွင့်ပွဲကို ရေစကြိုတပ်နယ် တပ်ရင်းသုံးရင်းမှ တပ်ရင်းမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီး၊ သင်တန်းဆရာမများနှင့် သင်တန်းသူများတက်ရောက်ကြပြီး အဆင့်မြင့်အပ်ချုပ်သင်တန်းတွင် သင်တန်းသူ ၁၀ ဦး၊ အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၅၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## သတင်းတိုများ

### မကွေးဆေးရုံကြီးတွင် သွေးအလှူရှင်များလိုအပ်နေ

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဆေးကုသမှုခံယူလျက်ရှိသော သွေးသွင်းလူနာများအတွက် သွေးအလှူရှင်များလိုအပ်နေသဖြင့် ရေနံချောင်း၊ မြပါရမီသွေးအလှူရှင်အဖွဲ့မှ လစဉ်တစ်ကြိမ် နှစ်ကြိမ် လာရောက်လှူဒါန်းကြောင်း၊ ပုံမှန်နေ့စဉ် နှစ်ဦး၊ သုံးဦး ရှိကြောင်း၊ မကွေးမြို့ပေါ်ရှိ ပါရမီသွေးလှူရှင်အဖွဲ့မှ နေ့စဉ်သွေး နှစ်လုံး၊ သုံးလုံး လှူဒါန်းမှုများရှိကြောင်း၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးအနေဖြင့် နေ့စဉ်သွေးပုလင်း ၂၀ နှင့် ၃၀ ကြား လိုအပ်ကြောင်း၊ မကွေးမြို့ခံပြည်သူများ သွေးလိုလျှင် သွေးများကို မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများတွင်လည်းကောင်း၊ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေများထံမှ အလွယ်တကူရရှိနိုင်သော်လည်း အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော သွေးသွင်းလူနာများအတွက် သွေးရရှိရေး အခက်အခဲရှိကြောင်း သိရသည်။ ကျောင်းပေါင်းစုံ၊ ဝန်ထမ်းပေါင်းစုံနေထိုင်သည့် တိုင်းမြို့တော်ကြီးဖြစ်သည်။ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် သွေးသွင်းကုသလူနာများအတွက် သွေးလှူရှင်များ နေ့စဉ် လိုအပ်လျက်ရှိနေကြောင်း တိုင်းဒေသကြီး ပြည်သူ့ဆေးရုံဝန်ထမ်း တစ်ဦးက ပြောကြားသည်။

**ကျော်ဇေယျ(မကွေး)**

### မင်းကင်းမြို့နယ်တွင် ကာကွယ်ဆေးခုနစ်မျိုးထိုးနှံ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မေ ၂ ရက်က အမျိုးသမီးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေးစီမံချက်အရ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လိုက်ပါပူးပေါင်းကူညီလျက် မြို့ပေါ်ရပ်ကွက်၊ မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၌ တစ်ပြိုင်တည်းကာကွယ်ဆေးခုနစ်မျိုး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ကာကွယ်ဆေးကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ကျန်းမာရေးဌာနခုနစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ တို့တွင် ကာကွယ်ဆေးများ တစ်ပြိုင်တည်းထိုးပေးခြင်း ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**

## ဖျာပုံမြို့နေပြည်သူများ ရေမသန့်ရှင်းမှုကြောင့် ရောဂါများမဖြစ်ပွားစေရန် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ရေသန့်အသုံးပြုရန် လို

**ဖျာပုံ မေ ၈**

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများသည် မြစ်ရေ၊ ချောင်းရေများနှင့် မြေသား မိုးရေလှောင်ကန်များဖြစ်သည့် ကန်တော်ကြီးနှင့် ချောင်းတွင်း မိုးရေလှောင်ကန်တို့ကိုသာ အဓိက အားထားသုံးစွဲနေရသည့်အပြင် ကျန်ရပ်ကွက်အသီးသီးရှိ မြေသားမိုးရေလှောင်ကန်များမှ ရေကိုလည်း သောက်သုံးရေအဖြစ် နွေရာသီကာလတစ်လျှောက် နေ့စဉ်လူမှုဘဝအတွက် မဖြစ်မနေသုံးစွဲနေကြသည်မှာ မြို့တည်စ ကာလကပင်ဖြစ်သည်။ ယခုအချိန်ကာလတွင် လူဦးရေပိုမိုထူထပ်များပြားပြီး ရေသုံးစွဲမှုပိုမိုလာသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြစ်ရေတင်စနစ်ဖြင့် မြို့လယ်ရပ်ကွက်များသို့ ရေတွန်းစက်များဖြင့် ရေပေးနေပြီးနောက် ကျန်ရပ်ကွက်နေပြည်သူများက မိုးရေလှောင်ကန်များကို အားထားသုံးစွဲနေကြရာ ရေသုံးစွဲသည့်စနစ်သည် Open စနစ်ဖြစ်ပြီး အဆင့်ဆင့်သန့်စင်၍ ရေပေးဝေသည့် Close စနစ်မဖြစ်သည့်အတွက် ရေများသုံးစွဲရာတွင် မြစ်ရေ၊ ချောင်းရေများကို သုံးစွဲနေသော ပြည်သူများ၊ဝမ်းဖောဝမ်းရောင်ရောဂါ၊ အသည်းရောင်အသားဝါရောဂါများ မကြာခဏဖြစ်ပေါ်နေသည်။ ပူပြင်းခြောက်သွေ့သော ယခု နွေရာသီကာလတွင် ရေမသန့်ရှင်းမှုကြောင့် ဖြစ်တတ်သောရောဂါများနှင့် လူ၏အညစ်အကြေးမှတစ်ဆင့်ရရှိသော E.Coli ပိုးကြောင့် ဝမ်း ဖောဝမ်းရောင်နှင့် ဝမ်းကိုက်ရောဂါများ ရရှိနေပြီး သန့်စင်စွာလက်ဆေးမှုစနစ် အားနည်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းများကြောင့် (Samonella) အူရောင်ငန်းဖျားရောဂါများဖြစ်သည်။

"ဖျာပုံမြို့မှာ မှတ်တမ်းတင်ထားတဲ့ ဒီရောဂါဖြစ်ပွားနေတာတွေ အပြင်ဆေးခန်းတွေမှာ အများအပြား လာရောက်ဆေးကုသနေကြတာပါ။ စိုးရိမ်ရတဲ့ အနေအထားမဟုတ်ပေမယ့် ရောဂါဖြစ်ပွားတဲ့လူတွေက စနစ်တကျ ဆေးကုသဖို့လိုသလို သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတွေနဲ့ စည်ပင်သာယာရေးအဖွဲ့ ပူးပေါင်းပြီး ရပ်ကွက်တွေမှာ ရေကောင်းရေသန့် သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးပြီး ပြည်သူတွေကလည်း လိုက်နာဆောင်ရွက်ပေးမှ ဒီလိုရောဂါမျိုးတွေ မဖြစ်ပွားအောင် တားဆီးနိုင်မှာပါ"ဟု အထွေထွေရောဂါကု ဆရာဝန်တစ်ဦးကပြောသည်။ ဖျာပုံမြို့၏ အဓိကအားထားရာ မိုးရေလှောင်ကန်များ အပြင် မြစ်ချောင်းများမှ ရေကိုသုံးစွဲနေကြသော ပြည်သူများ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးအသိပညာတိုးပွားစေရန် ဆောင်ရွက်မှုများလိုအပ်နေပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ပြည်သူများပူးပေါင်း၍ ရေစီးရေလာကောင်းမွန်စေရန် စနစ်တကျလုပ်ဆောင်သည့်အပြင် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန် မိုးရေလှောင်ကန်များမှတစ်ဆင့် ရေပေးဝေရေးစနစ်ကို ယခုထက် ပိုမိုတိုးချဲ့ပေးမှသာ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိ၍ ရေမသန့်ရှင်းမှုများမှ ဖြစ်ပွားတတ်သောရောဂါများ ကင်းဝေးစေနိုင်မည်ဖြစ်သည်။

**(ဝ၇၁)**


### ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၁၄ ခုနှစ် မေ ၁၃ ရက် (အင်္ဂါနေ့) ကဆုန်လပြည့်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ၎င်းရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၅၄**

ဒေါ်မြမြဝင်း **နှင့်** ၁။ ဦးစိုးမိုးသူ ၂။ ဦးပန်းရီ

**တရားလို** **တရားပြိုင်များ**

(၁) ဦးစိုးမိုးသူ၊ (၂) ဦးပန်းရီ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ် (ယခင်လိပ်စာ) ယခုနေရပ်လိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြမြဝင်းက မှတ်ပုံတင်အထူး ကိုယ်စားလှယ်လွှဲစာ အမှတ် ၄၉၄၃/၂၀၀၈နှင့် ၄၉၄၂/၂၀၀၈တို့ကို တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မေ ၁၅ရက် (၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် မေ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

### အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ကျွန်းဖိုပင်ကျေးရွာနေ ဦးသောင်းမြင့် ၅/ဆလက(နိုင်)၀၈၁၈၄၃ ၏သမီး မမွေးအိလှိုင်အား ယနေ့မှစ၍ မမေသူသူဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေသူသူဇော်**

### တစ်ဦးတည်းဖြစ်ကြောင်း

ဦးအောင်မြတ်ရွှေ၏သမီး စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ အထက(၂)၊ နဝမတန်း(A)မှ မအိသန္တာအောင် ၅/ကဘလ(နိုင်)၂၀၆၃၈၄နှင့် မအိစန္ဒာအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအိသန္တာအောင်(ခ)မအိစန္ဒာအောင်**

### ဖခင်အမည်မှန်

နေပြည်တော်ပျဉ်းမနား၊ အထက(၂)၊ နဝမတန်း(E)တွင် ပညာသင်ကြားခဲ့သော မဇင်မေသူ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းအောင် ၉/ပမန(နိုင်)၁၅၅၃၀၅ ဖြစ်ပါကြောင်း။

**ဦးငြိမ်းအောင်**

### တစ်ဦးတည်းဖြစ်ကြောင်း

ဦးမြင့်သန်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အထက၊ သတ္တမတန်း(အောင်)မှ မောင်စိုးရာဇာထွန်းနှင့် မောင်စည်သူထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်စိုးရာဇာထွန်း(ခ)မောင်စည်သူထွန်း**
**၅/တမန(နိုင်)၀၅၉၉၀၇**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7753 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၀၈၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### SEVEN စံ

ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား။

**SEVEN စံ** နှင့် ဆက်သွယ်လိုက်ပါ။

အိမ်အရောက် ငွေပေးချေသည်။

ပွဲခပေးရန်မလိုပါ။

**ဖုန်း-၀၉-၃၃၃၃၃၅၁၄၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၁-၂၀၅၇၄၈**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/ 2492 HYUNDAI LIBERO KMFYKS, P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ K.C.P Trading Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅စ/၂၅၈၇၊ Toyota Wish, SW (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းမြင့် ၁၂/မရက(နိုင်) ၀၅၂၀၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ကားပျောက်ဆုံးကြောင်း အများသိစေရန်

ဒေါ်အေးအေးမိုး(ဘ)ဦးကျော်မြင့် ၁၂/ကမတ(နိုင်)၀၂၀၀၂၃ ပိုင်ဆိုင်သော ယာဉ်အမှတ် ၃စ/၃၀၅၉ Toyota Belta အဖြူရောင်သည် ပျောက်ဆုံးသွားပါသဖြင့် အဆိုပါကားကို လက်ခံထားသူအား ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း၊ အမြန်ပြန်လည်ပေးအပ်နိုင်ပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကလေးခရိုင်တွင် တရားမဝင်သစ်ဖမ်းဆီးရမိရေး ဆောင်ရွက်



ကလေး မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် တရားမဝင်သစ်များနှင့် သစ်တောထွက်ပစ္စည်းများ တိုးတက်ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောကြားသည်။

ကလေးခရိုင်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သစ်ဖမ်းဆီးရမိမှု ကျွန်းသစ် ၂၁၇ ဒသမ ၈၀၈၂ တန်၊ ကျွန်းခွဲသား ၈၃ ဒသမ ၉၀၇၆ တန်၊ သစ်မာတန် ၁၁၀ ဒသမ ၄၇၄၈ တန်၊ သစ်မာခွဲသား ၄၂၀ ဒသမ ၅၈၉၆ တန်၊ အခြားသစ် ၄၈၃ ဒသမ ၀၈၃၆ တန်၊ အခြားခွဲသား ၃၉၉ ဒသမ ၉၈၈၀ တန်ကို ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း တန် ၁၇၁၆ ဒသမ ၈၅ တန်ကို ဖမ်းဆီးရမိခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ထက် ၂၅၀ ဒသမ ၇၅ တန် တိုးတက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဧပြီလအတွင်း ကလေးခရိုင်အနေဖြင့် ထူးခြားစွာ ဖမ်းဆီးရမိသော တရားမဝင်သစ် မှောင်ခိုဖမ်းဆီးရမိမှုနှင့် တောရိုင်းတိရစ္ဆာန် ဦးချို၊ အခွံများ၊ အရိုးများ ဖမ်းဆီးရမိမှုအနေဖြင့် ကလေးမြို့တွင် တမလန်းသစ် ၄၆ ဒသမ ၂၈ တန်၊ တန်ဖိုးအားဖြင့်ငွေကျပ် ၁၁၉၉၁၇၇၀၊ ကျွန်းသစ် ၅ ဒသမ ၉၆၈ တန် ကာလတန်ဖိုးငွေကျပ် ၇၄၆၀၀၀၊ အင်သစ်လုံး ၈ ဒသမ ၀၄၄ တန် ကာလတန်ဖိုး ငွေကျပ် ၁၈၂၄၀၀၊ ပျဉ်းသစ် ၆၇ ဒသမ ၁၅၄ တန် ကာလတန်ဖိုး ငွေကျပ် ၅၀၁၆၅၅၁ နှင့်သစ်ခွခြောက်နှင့် တောရိုင်းတိရစ္ဆာန် ဦးချို၊ အခွံများ ပစ္စည်း ၁၈ မျိုး ကာလတန်ဖိုး ၈၇ ဒသမ ၅၆ သိန်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရပြီး ကလေးဝမြို့နယ်အနေဖြင့် တမလန်းသစ် ၇၆၃ ချောင်း၊ ကျွန်းသစ် ၃၇ လုံး၊ သင်းဝင် ၂၄ လုံးကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် မင်းကင်းမြို့တွင် ကျွန်းသစ် ၄ ဒသမ ၁၂၂ တန်၊ ကျွန်းခွဲသား ၂၂ ဒသမ ၃၉၄၈ တန်၊ သစ်မာခွဲသား ၁၃ ဒသမ ၉၇၆၄ တန်၊ သစ်မာတိုင် ၄ ဒသမ ၁၂၈ တန်၊ အခြားသစ် ၄၆ ဒသမ ၂၆၆ တန်၊ အခြားခွဲသား ၁၆ ဒသမ ၁၃၈၄ တန်နှင့် တိုင် ၁၀ ဒသမ ၅၃၆ တန်ကို ဖမ်းဆီးရမိခဲ့သည်။

**သျှင်နေမင်း**

# ကော့သောင်း၌ ဆိုင်ကယ်နှစ်စီးအရှိန်မထိန်းနိုင်ဘဲ ခေါင်းချင်းဆိုင်တိုက်



ကော့သောင်း မေ ၈

ကော့သောင်းမြို့ ကော့သောင်း-ဘုတ်ပြင်းအဝေးပြေး လမ်းဘေးခုနစ်မိုင် ရွှေပြည်စိုးကျေးရွာအပိုင်အတွင်း မော်တော်ဆိုင်ကယ်နှစ်စီး အရှိန်မထိန်းနိုင်ဖြစ်ကာ ခေါင်းချင်းဆိုင်တိုက်မှု မေ ၅ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခမောက်ကြီးမြို့နယ်ခွဲတွင် သွားရောက်ဈေးရောင်းပြီး ကော့သောင်းမြို့သို့အပြန် ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် သခင်မြလမ်းနေ ဦးရှည်ကြီး(ခ) ဦးမောင်ကြီး (၅၂ နှစ်)မောင်းနှင်ပြီး ခရီးကြုံလိုက်ပါလာသူ တစ်ရပ်ကွက်တည်းနေ ဒေါ်ဝေဝေ (၅၂ နှစ်)၊ မအေးမြင့်ဝေ (၁၂နှစ်)ဆိုသူတို့ စီးနင်းလာသည့် HONDA WAVE 100 အမျိုးအစား (အပြာ-အမည်းရောင်)နှင့် ကော့သောင်းမြို့မှ ရှစ်မိုင်ကျေးရွာသို့အသွား မောင်ကူအေး (၁၈ နှစ်)မောင်းနှင်၍ အတူလိုက်ပါလာသူ မောင်ဝင်းမင်းအောင် (၁၈ နှစ်)တို့ နှစ်ဦးစီးနင်းလာသည့် HONDA WAVE100 အမျိုးအစား (အနီရောင်)တို့သည် ခုနစ်မိုင် ရွှေပြည်စိုးကျေးရွာအလွန် လမ်းကွေ့တစ်ခုတွင် အရှိန်မထိန်းနိုင်သဖြင့် မောင်ကူအေး မောင်းနှင်လာသည့် ဆိုင်ကယ်မှာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိသွားပြီး ဦးရှည်ကြီး မောင်းနှင်လာသည့် ဆိုင်ကယ်အား ခေါင်းချင်းဆိုင်တိုက်မိခြင်း ဖြစ်သည်။

အခင်းဖြစ်ပြီး ဒဏ်ရာရသူများအား တာဝန်ရှိသူများက ဆေးရုံသို့ ပို့ဆောင်ရာ ဆေးရုံအရောက်တွင် ဦးရှည်ကြီး(ခ)ဦးမောင်ကြီး (၅၂ နှစ်)မှာ သေဆုံးခဲ့ပြီး အတူလိုက်ပါလာသူ ဒေါ်ဝေဝေ၊ မအေးမြင့်ဝေနှင့်မောင်ကူအေး၊ မောင်ဝင်းမင်းအောင်တို့မှာ ပြင်းထန်စွာ ဒဏ်ရာများရရှိကြသဖြင့် အတွင်းလူနာအဖြစ် ဆေးဝါးကုသလျက်ရှိသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ကော့သောင်းမြို့ရဲတပ်ဖွဲ့စခန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ယာဉ်တိုက်မှုပုဒ်မဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး**

## မှခင်းသတင်းများ

### ဗန်းမောက်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့မရဲစခန်း၏မြောက်ဘက် ၁၂ မိုင်ခန့်အကွာရှိ ကျွန်းကုန်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မေ ၇ ရက် နံနက် ၂ နာရီ ၁၀ မိနစ်က ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးရေး ညွှန်ကြားချက်အရ ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် မံထုံရဲကင်း စခန်းမှူး ဒုရဲအုပ်ဉာဏ်တင်နှင့်အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးခွင့်ဝရမ်းအမှတ် (၁၆/၂၀၁၄)ဖြင့် ကျွန်းကုန်းကျေးရွာနေ အောင်ဆန်း၏နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်း၏အိမ်ခြံဝင်းအတွင်း ငှက်ပျောရုံအနီး မြေကြီးပေါ်မှ ဘိန်းဖြူဟုယူဆရသော အဖြူ အဝါစပ်ကြားအမှုန့် ၁ ဒသမ ၂ဂရမ်ခန့်ပါ ပလတ်စတစ်ဘူးတစ်ဘူးကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ မေ ၆ ရက်က အင်းတော်မြို့နယ် မော်တိတ် ကျေးရွာနေ မျိုးလွင်ထံမှ ငွေကျပ် ၁၂၀၀၀၀ ဖြင့် ဝယ်ယူလာခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ဆန်း (၃၇ နှစ်) ကျွန်းကုန်းရွာ ဗန်းမောက်မြို့နယ်နှင့် မျိုးလွင် မော်တိတ်ကျေးရွာ အင်းတော်မြို့နယ် နေသူတို့အား အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### ဆိုင်ကယ်နှင့် စက်ဘီးတိုက်မိ၍ သေဆုံးမှုဖြစ်ပွား

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အောင်ဆန်းရပ်ကွက်တွင် မေ ၄ရက် ည ၇နာရီခွဲက ဆိုင်ကယ်နှင့် စက်ဘီးမျက်နှာချင်းဆိုင်တိုက်၍ လူသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဗိုလ်ချုပ်လမ်းဘက်မှ အောင်ဆန်းရပ်ကွက် ဦးဖိုးခလမ်းအတွင်းသို့ မမြတ်နှင်းခိုင်(၂၁နှစ်) စီးနင်း၍ မောင်သော်ဇင်နိုင် (၉နှစ်)စီးနင်း လိုက်ပါလာသော စက်ဘီးနှင့် ဦးဖိုးခလမ်းမှ ဗိုလ်ချုပ်လမ်းဘက်သို့ မောင်အာမင်း(၂၉နှစ်) မောင်းနှင်၍ မောင်ခင်ဝင်းစီးနင်းလိုက်ပါသော Stream 110 အနက်ရောင်ဆိုင်ကယ်တို့သည် ဧရာမင်းခန်းမရှေ့၌ မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး မမြတ်နှင်းခိုင်နှင့် မောင်သော်ဇင်နိုင်တွင် ဒဏ်ရာများရရှိခဲ့ပြီး မမြတ်နှင်းခိုင်မှာ အခင်းဖြစ်ပွားရာနေရာတွင် သတိမရရှိသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံမှ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ တင်ပို့ခဲ့ရာ မေ ၅ ရက် နံနက် ၂ နာရီခွဲတွင် သေဆုံးကြောင်း သိရသည်။ အဆိုပါ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ဆိုင်ကယ်မောင်းသူ အာမင်း(၂၉နှစ်) ဆိုင်ကယ်ပြင် တေဇ-၁ လမ်းနေသူကို ကျုံပျော်မြို့နယ်(မြို့မ)ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

### ကျောင်းသားတစ်ဦး ချင်းတွင်းမြစ်အတွင်း ရေနစ်သေဆုံး

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ချင်းတွင်းမြစ်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ရေစကြိုမြို့ရှိ ဦးလေး-ဒေါ်လေးတို့၏ နေအိမ်တွင် နေထိုင်ကျောင်းတက်ရန် ရောက်ရှိနေသော မန္တလေးမြို့မှ ဒသမတန်းကျောင်းသား မောင်ကောင်းသက်တင်(၁၅ နှစ်)သည် မေ ၆ ရက် နံနက် ၁၁ နာရီခန့်က သူငယ်ချင်းများနှင့်အတူ ရေချိုးဆော့ကစားရာမှ ရေနစ်သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**


**LINEAR POWER INTERNATIONAL CO., LTD.**

**VACANCY ANNOUNCEMENT**

**No (A-1), Bayint Naung Road, Shwe Pin Lon Avenue, North Dagon, Yangon, Myanmar.**

**Tel: 01-8010746**

1. **Sales & Marketing Manager** **M(2) posts**
   - Age (35-45) years
   - B.E (Electrical or Mechanical)
   - Computer Proficiency
   - English Communication skills
   - At least 5 years experience in Electrical and Mechanical fields
   - Need driving license
2. **Sales Engineer** **M/F (5) posts**
   - Age (25-35) years
   - B.E (Electrical or Mechanical)
   - At least 1 year experience in Electrical and Mechanical fields
   - Need driving license
3. **Sales Administration** **F (1) post**
   - Age (25-35) years
   - B.E (Electrical or Mechanical)
   - Computer Proficiency
   - English Communication skills
4. **Mechanic** **M (5) posts**
   - Age (20-35) years
   - B.E (Electrical, Mechanical) or AGTI (Electrical and Mechanical)
   - Willing to learn and do in Electrical and Mechanical fields
   - Need driving License
5. **Administration** **F (1) post**
   - Age (20-30) years
   - Any Graduated
   - English Communication skills
   - Computer skills

Interested candidates should submit CV with recent photo, copy of the labor registration card, reference and other certificates to company address not later than (07/06/2014).



**အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်အထူးအဖွဲ့များမှ ကတ္တရာပီပါခွံ (အသေး) (၄၀၀၀၀)လုံးခန့်အား ၁၆-၅-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် မကွေးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

**ဖုန်း-၀၆၃-၂၅၁၈၇၊ ၀၆၃-၂၃၀၁၈၊ ဖက်စ်-၀၆၃-၂၃၄၁၂**



**အမှတ် (၂၀)A၊ ကမ္ဘာအေးဘုရားလမ်း၊**

**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇၊ ၅၅၈၄၅၉**

၁။ **B. Pharm** (၃) ဦး

၂။ **Staff / Trained Nurse** (၅) ဦး

၃။ **သူနာပြုအကူ ကျား/မ** (၁၀) ဦး

**ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်းများ။**

၄။ **ယာဉ်မောင်း** (၂) ဦး

## ကမ္ဘာ့ဖလားမိတ်ဆက် – ၅

## ကမ္ဘာ့ဘောလုံးလောကကို ခြိမ်းခြောက်ဦးမည့်စပိန်

စာ - ၇

## ရုပ်ပုံတော်မှန်တိုင်းဆင်တော့မယ်

စာ - ၂







*ကမ္ဘာ့ဘောလုံး အားကစားနည်းမှာ အသင်းတစ်သင်း မန်နေဂျာပြောင်းတိုင်း ကောင်းလာနိုင်သလားလို့မေးရင် ဘယ်လိုဖြေကြမလဲ။ အထူးသဖြင့် မန်နေဂျာတစ်ယောက်ဟာ အသင်းတစ်သင်းကို အောင်မြင်မှုလမ်းကြောင်းပေါ်ကို တွန်းပို့နိုင်ဖို့အတွက် အချိန်လိုတယ်။ ပြောရရင် မန်နေဂျာတစ်ယောက်နဲ့ တစ်ယောက်က မှုမတူဘူး။ အယူအဆမတူဘူး။ အကြိုက်၊ ဗျူဟာ၊ နည်းစနစ်တွေကအစ ကွဲပြားမှုတွေရှိတဲ့အခါ မန်နေဂျာတစ်ယောက်ဟာ အသင်းတစ်သင်းကို စတင်တာဝန်ယူပြီဆိုတာနဲ့ ရှေ့မန်နေဂျာရဲ့ အယူအဆ၊ ဗျူဟာ၊ နည်းစနစ်၊ မူတွေနဲ့အသားကျပြီးသား အဲဒီအသင်းကို သူ့မူ၊ သူ့ဟန်၊ သူ့အယူအဆ၊ သူ့ဗျူဟာ၊ သူ့နည်းစနစ်တွေနဲ့ အသားကျဖို့ပြန်ပြီး အထိုင်ချရတယ်။ အဲဒီအတွက် မန်နေဂျာတစ်ယောက်ကို အချိန်မပေးလို့ကို မရဘူး။*

ဝေမိုးဆက်

# ရာပုံတော်မှန်တိုင်းဆင်တော့မယ်

ပြောချင်တဲ့ အဓိပ္ပာယ်က မန်နေဂျာတစ်ယောက်ကို ခန့်။ အဲဒီမန်နေဂျာက အဲဒီအသင်းကို သူ့စိတ်တိုင်းကျ ပုံသွင်းလို့မရသေးတဲ့ကာလတို အတွင်းမှာ ရလဒ်ပိုင်းဆိုးရွားမှုကို သည်းမခံနိုင်ဘဲ ပြန်လည်ထုတ်ပယ်ပြီး နောက်ထပ် မန်နေဂျာတစ်ယောက်နဲ့ နယူးကာဆယ်တို့အဆုံး မန်နေဂျာတွေ အပြိုင်အဆိုင် ပြောင်းကြမယ့်အခြေအနေတွေရှိနေတယ်ဆိုတော့ မန်နေဂျာပြောင်းတိုင်းကောင်းမှာလားဆိုတဲ့ အတွေးတစ်ခုတည်းနဲ့ အဲဒီအသင်းတွေကို ဝေဖန်မလား။ အပြစ်ပြောလို့ ရမလား။ မှားတယ်လို့ ထောက်ပြကြမလား။

သဃနာကို အခြေခံတဲ့အရှုပ်အထွေး။ ဒါတွေဟာ အသင်းကို ထိခိုက်ကျဆင်းစေခဲ့တယ်ဆိုတာ မှန်ပေမယ့် ဒီရာသီမှာ ဘာစီလိုနာဟာ နိုင်သင့်နိုင်ထိုက်၊ နိုင်နေကျပွဲအချို့မှာပါ မနိုင်ဘူးဆိုတာကျတော့ မာတီနိုရဲ့ အားနည်းမှုနဲ့ဆိုင်တယ်။ ပြီးတော့မာတီနိုလက်ထက်မှာ တစ်ခုတည်းနဲ့ မန်ယူကို ဆုံးဖြတ်ချက်မြန်တယ်လို့ ပြောလို့မရဘူး။ ပြောရရင် မန်နေဂျာပြောင်းတိုင်း ကောင်းမှာလားဆိုတဲ့ အမေးဟာ အချိန်နဲ့အခြေအနေအပေါ်မှာ မူတည်တယ်။

အထူးသဖြင့် နယူးကာဆယ်ဆိုရင် အလန်ပါဂျူးရဲ့လက်အောက်မှာ သုံးရာ လိုကိုလိုတယ်။ ဒီအတွက်တင်ရှားဝုဒ်ကို အချိန်မပေးဘူးလို့လည်း ပြောလို့မရဘူး ပြန်ဘူး။ ဒီတော့ထပ်ပြောရရင် မန်နေဂျာပြောင်းတိုင်း ကောင်းမှာလားဆိုတဲ့ အမေးအတွက်အဖြေဟာ တိတိကျကျ မရှိဘူး။ အခြေအနေနဲ့ အချိန်အခါ အပေါ်မှာပဲ မူတည်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဂယက်တွေဟာ နွေရာသီအတွက်တော့ တစ်နည်းတစ်ဖုံစိတ်ဝင်စားဖို့ ကောင်းမှာသေချာတယ်။ ပြောရရင် မန်ယူ၊ ဘာစီလိုနာ၊ စပါး၊ ကာဆယ်တို့ရဲ့ မန်နေဂျာရှာဖွေမှုဟာ နွေရာသီကို လှုပ်လှုပ်ခတ်ခတ်ဖြစ်စေမှာ အမှန်ပဲ။ အခုတောင်မန်ယူက ဗန်ဟားလ်ကို လိုက်




အစားထိုးမယ်ဆိုရင်တော့ အဲဒီလိုလုပ်ဆောင်နေသမျှ ကာလပတ်လုံးအဲဒီအသင်းဟာလည်း ဘယ်တော့မှ အထိုင်မကျနိုင်သလို အောင်ပွဲလည်းမရနိုင်တဲ့အတွက် မန်နေဂျာပြောင်းတိုင်း ကောင်းမလာနိုင်ဘူးလို့ တချို့က ပြောကြတယ်။

ဒါပေမယ့် အဲဒီလိုသဘောတရားမျိုးမှာ မေးစရာရှိလာတာက ခန့်အပ်ခဲ့တဲ့ မန်နေဂျာဟာ ထိုင်သင့်တဲ့အချိန်အတိုင်းအတာတစ်ခုရတဲ့ကြားက အဲဒီအသင်းကို တည်ငြိမ်အောင်မထိန်းနိုင်ဘူးဆိုရင် အဲဒီမန်နေဂျာကို အသင်းတစ်သင်းလုံး အနစ်မွန်းခံပြီး ဆက်ထားမလား။ တစ်ရာသီနဲ့ အထိုင်မကျလို့နှစ်ရာသီအခွင့်အရေးပေးမလား။ နှစ်ရာသီနဲ့လည်းဖြစ်မလာသေးရင် သုံးရာသီအခွင့်အရေးပေးမလား။ အထူးသဖြင့် ဒီဘက်ခေတ်ဘောလုံးလောကမှာက တိုးတက်မှုကို အချိန်တိုတိုအတွင်း အပြိုင်အဆိုင်ရှာဖွေနေကြတာဆိုတော့ အဲဒီလိုခေတ်မှာ တစ်လှမ်းစာနောက်ကျကျန်ခြင်းကလည်း တစ်လှမ်းဆို ဆိုသလောက် သိသာတယ်။ ဒီတော့အရှင်းဆုံးပြောရရင် မန်နေဂျာပြောင်းတိုင်းကောင်းမှာလားဆိုတဲ့ စကားအတွက် သင့်တော်မှန်ကန်တဲ့ ပြုပြင်ပြောင်းလဲမှုဆိုရင် မလွဲမသွေလုပ်ဆောင်ဖို့လိုကို လိုတယ်ဆိုပြီးပဲ ပြောချင်တယ်။

အထူးသဖြင့် ဒီနှစ်ဘောလုံးရာသီမှာဖြစ်ခဲ့ပျက်ခဲ့၊ ဖြစ်နေပျက်နေတဲ့ အခြေအနေတွေကို အခြေခံပြီး ကြည့်ရင် နွေရာသီကာလဟာ မန်နေဂျာအပြောင်းအလဲတွေ တော်တော်များများဖြစ်လာနိုင်တဲ့သဘောဆောင်တယ်။ အဲဒီအထဲမှာ မန်ယူ၊ ဘာစီလိုနာတို့ကအစ စပါး၊

ပြောရရင် မန်ယူနဲ့ ဘာစီလိုနာဟာ ဒီရာသီမစခင်ကမှ မန်နေဂျာအပြောင်းအလဲတွေ လုပ်ဆောင်ခဲ့ကြတဲ့အသင်းတွေ။ မန်ယူက မိုယက်စ်ကို ဖာဂူဆန်နေရာမှာ အစားထိုးခဲ့သလို ဘာစီလိုနာကလည်း မာတီနိုကို ခန့်အပ်ခဲ့တာ။ ဒါပေမယ့် တစ်ရာသီတောင် မပြည့်တဲ့အချိန်မှာ မန်ယူက မိုယက်စ်ကို ပြန်ထုတ်ပြီး ဘာစီလိုနာမှာလည်း မာတီနိုရဲ့ အနာဂတ်က မငြိမ်ဘူးဆိုတော့ ဒါကိုဆုံးဖြတ်ချက်မြန်တယ်လို့ ပြောမလား။ အချိန်မပေးဘူးလို့ဆိုမလား။ ပြောခဲ့ပြီးသလို အခြေအနေတစ်ရပ်ဟာ ပြောင်းလဲသင့်တဲ့အချိန်နဲ့ အခြေအနေမှာပြောင်းလဲဖို့လိုကိုလိုတယ်။

ပြောကြစတမ်းဆိုရင် ဘာစီလိုနာဟာ ဒီရာသီမှာ ဆုဖလားလက်မဲ့ဖြစ်တယ်။ အဲဒီရဲ့အခြေခံအကြောင်းတရားမှာ မာတီနိုတစ်ယောက်တည်းအပေါ်မှာ အပြစ်ပြောလို့မရတာမှန်တယ်။ ဇာဗီနဲ့ အင်နီယေစတာရဲ့ကျရိပ်။ ပူယိုးလ်ရဲ့ အားမကိုးရတော့တဲ့အနေအထား။ မက်ဆီရဲ့ဒဏ်ရာပြဿနာ၊ နေမာရဲ့ ပြ

> **မန်နေဂျာတစ်ယောက်ဟာ အသင်းတစ်သင်းကို အောင်မြင်မှုလမ်းကြောင်းပေါ်ကို တွန်းပို့နိုင်ဖို့အတွက် အချိန်လိုတယ်။ ပြောရရင် မန်နေဂျာတစ်ယောက်နဲ့တစ်ယောက်က မှုမတူဘူး။ အယူအဆမတူဘူး။ အကြိုက်၊ ဗျူဟာ၊ နည်းစနစ်တွေကအစ ကွဲပြားမှုတွေရှိတဲ့အခါ မန်နေဂျာတစ်ယောက်ဟာ အသင်းတစ်သင်းကို စတင်တာဝန်ယူပြီဆိုတာနဲ့ .....**

ဘာစီလိုနာဟာ ထိမိတဲ့ ဖန်တီးမှုမျိုးရှိမလာဘူး။ ဂွာဒီယိုလာလက်ထက်က ကစားခဲ့တဲ့ပုံစံထဲမှာပဲမြုပ်နေတယ်။ ပြောချင်တဲ့အဓိပ္ပာယ်က ပြိုင်ဘက်တွေအတွက် ရိုးသွားပြီ။ ပိတ်ဖို့၊ ဟန့်ဖို့မခက် တော့တဲ့ ဘာစီလိုနာရဲ့ အနာဂတ် မတည်ငြိမ်တော့တာ ဆန်းသလား။ အသင်းကို မူအသစ်၊ ဟန်အသစ်နဲ့ပြန်ပြီး တည်ဆောက်နိုင်တဲ့ နည်းပြတစ်ဦးကို မာတီနိုရဲ့နေရာမှာ အစားထိုးခဲ့ရင်ရော ဘာစီလိုနာရဲ့ လုပ်ရပ်ကို အပြစ်မြင်ကြမလား။

ဒီလိုပဲ။ မိုယက်စ်ကို ထုတ်ပယ်ခဲ့မှုမှာလည်း မန်ယူမမှားဘူး။ မိုယက်စ်ဆိုတာက နဂိုကတည်းက ပထမတန်းစား မန်နေဂျာမဟုတ်ဘူး။ မိုယက်စ်မှာ မန်ယူလို ဝန်တာကြီးတဲ့ အသင်းကြီးတစ်သင်းကို တည်ငြိမ်အောင် ထိန်းနိုင်တဲ့ အရည်အသွေးမျိုးမရှိဘူး။ သူ့လက်ထက်မှာ မန်ယူရဲ့အခြေအနေအားလုံး ယိမ်းယိုင်ခဲ့တဲ့အနေအထားအရ မိုယက်စ်နေရာမှာ ထိပ်တန်းမန်နေဂျာတစ်ဦးနဲ့ အစားထိုးမှုကို ဖြစ်မှာထင်ရှားတော့တစ်ရာသီပြည့်အောင် အချိန်မပေးခဲ့တာ သိကျော်ပြီ။ ထူးထူးခြားခြားဖြစ်မလာဘူး။ ပထမဆုံးရာသီပြည့်တာဝန်ယူရတဲ့ ၂၀၁၁-၁၂ မှာ ပရီမီယာလိဂ်မှာ အဆင့် ၅ ရခဲ့ပြီးတဲ့နောက်မှာ အဆင့် ၁၀ ဝင်ဖို့တောင် မနည်းရုန်းရတဲ့ ဘဝရောက်နေတယ်။ ဒီရာသီရဲ့ ဒုတိယအကျော့မှာဆိုရင် ၁၈ ပွဲကစားခဲ့တဲ့အနက် ၅ ပွဲပဲနိုင်ခဲ့တယ်။ ဒီအခြေအနေကို ပရိသတ်က အစ လက်မခံတော့သလို ပြောင်းလဲမှုမလုပ်ရင်မဖြစ်တော့တဲ့ အခြေအနေမျိုးတောင် ဖြစ်နေပြီ။ ဒီတော့နယူးကာဆယ်သာ မန်နေဂျာ ပြောင်းခဲ့ရင်လည်း လုပ်သင့်လုပ်ထိုက်တဲ့ အပြောင်းအလဲကို လုပ်ဆောင်တယ်လို့ပဲ ပြောရမယ်။ အထူးသဖြင့် စပါးဆိုရင် အဆင့်မြင့်မြင့် မျှော်မှန်းတဲ့အသင်း။ အမှတ်ပေးချန်ပီယံဖြစ်ဖို့၊ ချန်ပီယံလိဂ်ကို နှစ်စဉ်ဝင်ခွင့်ရဖို့အထိမျှော်လင့်ချက်ထားတဲ့အသင်း။ ဒီလိုအသင်းမျိုးအတွက်လည်း ထိပ်တန်းမန်နေဂျာလိုတယ်။

ပြောရရင် စပါးရဲ့လက်ရှိမန်နေဂျာတင်ရှားဝုဒ်ဟာအသင်းကို အထိုက်အလျောက်တည်ငြိမ်အောင် ကိုင်တွယ်ပေးထားနိုင်တာမှန်တယ်။ ဒါပေမယ့် တင်ရှားဝုဒ်ဟာ မန်နေဂျာအတွေ့အကြုံသိပ်နုတယ်။ ဒီစပါးမန်နေဂျာဘဝဟာ သူ့ရဲ့မန်နေဂျာဘဝအစပဲ။ သူ့လက်ထက်မှာ မန်စီးတီးကို ၁-၅ နဲ့ရှုံးရမှု၊ ချဲလ်ဆီးနဲ့ လီဗာပူးတို့ကို ဝ-၄ တွေနဲ့ ရှုံးရမှု၊ ဝက်စ်ဟမ်း၊ နော့ဝှစ်ချ်တို့ကို ရှုံးရမှုတွေဟာ တင်ရှားဝုဒ်အနေနဲ့ စပါးကို အမြင့်ဆုံးရောက်အောင် ပို့ဆောင်ဖို့လုံလောက်တဲ့ ရင့်ကျက်မှုမျိုးမရှိဘူးဆိုတာ ထင်ရှားတယ်။ ဒီတော့စပါးအနေနဲ့လည်း မျှော်လင့်တဲ့အဆင့်မျိုးရောက်ချင်ရင် ထိပ်တန်းမန်နေဂျာတစ်ယောက်

တယ်။ ကာဆယ်က မိုယက်စ်ကို ပစ်မှတ်ထားတယ်။ စပါးက ပိုချက်တီနိုနဲ့ ဒီဘိုးဝါးကို ရည်ရွယ်နေသလို ဘာစီလိုနာကလည်း ရော်ဂျာကို မျက်စိကျနေတယ်။ အခန့်မသင့်ရင် ဒီအထဲမှာ ဘိုင်ယန်နဲ့ အေစီမီလန်တောင်ပါရင် ပါလာနိုင်တယ်။

အထူးသဖြင့် ဘိုင်ယန်ဟာ ချန်ပီယံလိဂ်ကနေ ရီးရဲကို ဂိုးပြတ်ရှုံးပြီးထွက်ရတယ်။ ဒီအကျိုးဆက်က ဂွာဒီယိုလာရဲ့တည်ငြိမ်မှုကို ပျက်ပြားစေတယ်။ သူ့ရဲ့နည်းဗျူဟာအပေါ် ဝေဖန်မှုတွေရှိလာသလို ပရိသတ်နဲ့ ဘုတ်အဖွဲ့ရဲ့ သူ့အပေါ်ယုံကြည်မှုကပါလျော့လာတယ်။ အခုဆိုရင် ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲက ဂွာဒီယိုလာရဲ့အနာဂတ်ကို အဆုံးအဖြတ်ပေးမယ့်ပွဲလို့တောင် သတင်းတွေထွက်လာတယ်။ ဂွာဒီယိုလာကိုယ်တိုင်ကလည်း အဲဒီဖလားမရရင် သူ့အနာဂတ်က ဆိုးရွားသွားနိုင်တယ်လို့ကို အတိအလင်းပြောတယ်။ ဒီလိုသာတကယ်ဖြစ်ခဲ့ရင် မန်နေဂျာရှာဖွေမယ့် အထဲမှာ ဘိုင်ယန်လည်း ပါလာမယ်။ တကယ်လို့ လက်ရှိဆီးဒေါ့ဖ်ရဲ့ ဦးဆောင်မှု အောက်မှာ မတည်ငြိမ်မှုတွေရှိနေတဲ့ အနေအထားအရ တကယ်လို့ ယူရိုပါလိဂ်သာဝင်ခွင့်မရခဲ့ရင် ဆီးဒေါ့ဖ်နေရာမှာ အစားထိုးဖို့အေစီမီလန်ပါ မန်နေဂျာရှာဖွေမှုထဲပါလာမယ်။

ဒီတော့ဘယ်လိုတွေဖြစ်လာမလဲ။ သေချာတာကတော့ နွေရာသီမှာ ရာပုံတော်မှန်တိုင်းဆင်တော့မယ်ဆိုတာပဲ။ တစ်ခုပဲပြောစရာရှိတာက အမှန်နဲ့အမှားဟာ အခြေအနေမှန်ကို တိတိကျကျ သုံးသပ်နိုင်စွမ်းရှိမရှိဆိုတဲ့ အပေါ်မှာ သာမူတည်တယ်ဆိုတာပဲဖြစ်တယ်။

# ဆယ်စုနှစ်တစ်ခုကျော် ဝေးကွာနေတဲ့ ချန်ပီယံလိဂ်ဆုဖလားအိပ်မက် ပြန်လည်အသက်ဆက်ဖို့ ရှိနေတဲ့ ရီးရဲ

အောင်က

ရီးရဲမက်ဒရစ်အသင်း နည်းပြ အန်ဆယ်လော့တီက ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဆီမီးဖိုင်နယ်ဒုတိယအကျော့ မကစားမီမှ "ကျွန်တော့်အသင်းဟာ ဘယ်တော့မှ မြူးနစ်မှာမရှုံးနိမ့်စေရဘူး"လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် ယခင်ရလဒ်တွေကိုကြည့်မယ်ဆိုရင် ရီးရဲမက်ဒရစ်အသင်းဟာ ဘိုင်ယန်အိမ်ကွင်းမြူးနစ်မှာကစားခဲ့တဲ့ ၁၀ ပွဲမှာ၉ ပွဲလုံးရှုံးခဲ့ပြီး တစ်ပွဲသာသရေကျခဲ့တဲ့ အစဉ်အလာရှိခဲ့တာကြောင့် အန်ဆယ်လော့တီရဲ့ အပြောကို လူတိုင်းကသံသယဝင်ခဲ့ကြပါတယ်။ ဒါပေမယ့် အန်ဆယ်လော့တီကတော့ သူပြောတဲ့အတိုင်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အဲဒီပွဲဟာရီးရဲမက်ဒရစ်အသင်း အတွက်တော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ပတ်သက်ရင် သမိုင်းသစ်ရေးထိုးနိုင်ခဲ့တဲ့နေ့လို့တောင် ပြောနိုင်ပါတယ်။ရီးရဲဟာ ဘိုင်ယန်မြူးနစ်အသင်းကို အိမ်ကွင်းမှာဂိုးပြတ်နဲ့ကစားနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ကို နှစ်ကျော့ပေါင်း ၅-၀နဲ့အနိုင်ယူပြီး ဗိုလ်လုပွဲကိုတက်နိုင်ခဲ့ပါတယ်။ ဒါတင်မကပါဘူး ရီးရဲမက်ဒရစ်အသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင် ရော်နယ်ဒိုကလည်း အသင်းအတွက် ချန်ပီယံလိဂ် သွင်းဂိုး ၁၅ဂိုးမြောက်နှင့် ၁၆ဂိုးမြောက်တို့အား သွင်းယူပေးခဲ့ပြီး တစ်ရာသီအတွင်း ချန်ပီယံလိဂ်သွင်းဂိုး ၁၄ဂိုးစံချိန်တင်ထားတဲ့ မက်ဆီရဲ့စံချိန်ကိုတောင် ဖြတ်ကျော်သွားနိုင်ခဲ့ပါတယ်။ ဒါ့အပြင်ရော်နယ်ဒိုဟာ နောက်ဆုံးဗိုလ်လုပွဲမှာသာ ဂိုးထပ်မံသွင်းယူနိုင်ခဲ့မယ်ဆိုရင် ယခုစံချိန်ထက်တောင် ပိုမိုသာသွားမှာဖြစ်ပါတယ်။

ဒါ့အပြင်၁၂နှစ်ကြာချန်ပီယံလိဂ်ဆုဖလားနဲ့ ဝေးကွာနေတဲ့ရီးရဲမက်ဒရစ်အသင်းအတွက်လည်း ဆုဖလားမျှော်လင့်ချက်ဟာ ပြန်လည်တောက်ပလာဦးမယ်လို့ ဆိုနိုင်ပါတယ်။ရီးရဲမက်ဒရစ်အသင်းဟာ နည်းပြဒဲလ်ဘော့စကေးကို ထုတ်ပယ်ခဲ့ပြီးတဲ့နောက်ပိုင်း ချန်ပီယံလိဂ်ဆုဖလားကို ပြန်လည်ရရှိဖို့အတွက် နည်းပြပေါင်း၁၁ယောက်ကျော် ပြောင်းပြီး ကြိုးစားခဲ့ပေမယ့် အထမြောက်ခြင်းမရှိခဲ့ပါဘူး။ အဲဒီနည်းပြတွေထဲမှာတော့ ကာပယ်လို၊ မော်ရင်ညို၊ လန်ဘူကို၊ ပယ်လီဂရီနီစတဲ့နာမည်ကြီး နည်းပြတွေလည်း ပါဝင်ခဲ့ပါတယ်။ သူတို့ဟာလည်း ရီးရဲမက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ဆုဖလားကိုရရှိနိုင်ဖို့ ကြိုးစားပေးခဲ့ကြပေမယ့် အခြားဆုဖလားတွေသာ ရယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ကိုတော့ ရယူနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ချန်ပီယံလိဂ်ဆုဖလားမရရှိခဲ့ခြင်းကြောင့်လည်း နည်းပြပေါင်းများစွာဟာ ရီးရဲမက်ဒရစ်အသင်းမှာ အခြေကျအောင်ကိုင်တွယ်နိုင်ခြင်းမရှိဘဲ ထွက်ခွာခဲ့ရပါတယ်။

ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းကနေ နည်းပြဒဲလ်ဘော့စကေး ထွက်ခွာခဲ့ရတာကတော့ အောင်မြင်မှုတွေခန်းခြောက်လို့မဟုတ်ဘဲ အသင်းဥက္ကဋ္ဌ ဖလိုရန်တီနိုပီရက်ဇ်ရဲ့အမြင်နဲ့ ကိုက်ညီခြင်းမရှိလို့ပါ။ ရီးရဲမက်ဒရစ်အသင်းဟာ နည်းပြဒဲလ်ဘော့စကေးကို ထုတ်ပယ်လိုက်တဲ့အတွက်ကြောင့်လည်း အသင်းဟာလေးရာသီလောက် ဘယ်လိုဆုဖလားမှမရရှိဘဲ အောင်မြင်မှုတွေခန်းခြောက်သွားခဲ့ရပါတယ်။ ဒါပေမယ့် အခုအခါမှာ ရီးရဲမက်ဒရစ်အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းကိုကျော်ဖြတ်ကာ ဗိုလ်လုပွဲကိုရောက်လာခဲ့ပြီးဖြစ်တာကြောင့် ရီးရဲမက်ဒရစ်အသင်းရဲ့ ချန်ပီယံလိဂ်ဖလား ၁၀ကြိမ်မြောက်ရရှိနိုင်ဖို့မျှော်လင့်ချက်ကတော့ တစ်ကျော့ပြန် တောက်ပလာပြန်ပြီလို့ ဆိုနိုင်ပါတယ်။ တကယ်တော့ ရီးရဲမက်ဒရစ်အသင်းကိုရောက်ရှိလာခဲ့တဲ့ နည်းပြတိုင်း၊ ကစားသမားတိုင်းကလည်း သူတို့ရဲ့စိတ်ထဲမှာ အသင်းကိုရောက်ရှိလာခဲ့စဉ်ကတည်းက ချန်ပီယံလိဂ် ရယူဖို့ဆိုတဲ့ မျှော်လင့်ချက်ကအစဉ်အမြဲရှိနေခဲ့တာပါ။

ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းဟာ ဒဲလ်ဘော့စကေးထွက်ခွာသွားကတည်းက အသင်းရဲ့တည်ငြိမ်မှုတွေဟာ ပျက်ပြားခဲ့ပြီး စိတ်ပျက်စရာအခြေအနေတွေအထိ ရောက်ရှိလာခဲ့ခြင်းလည်းဖြစ်ပါတယ်။ ၂၀၀၅နဲ့၂၀၁၀ ကြားရာသီကို ကြည့်မယ်ဆိုရင် ရီးရဲမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ကွာ



တားဖိုင်နယ်အဆင့်ကိုတောင် မတက်ရောက်နိုင်ခဲ့ပါဘူး။ အဲဒီအချိန်တွေဟာ ရီးရဲမက်ဒရစ်အသင်းအတွက်တော့ ဆိုးရွားတဲ့အချိန်တွေဖြစ်ပြီး အဓိကပြိုင်ဘက် ဘာစီလိုနာအသင်းရဲ့ အောင်မြင်မှုတွေကို ငေးမောနေရတဲ့အချိန်လို့တောင်ပြောရမှာပါ။

ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းအတွက် အောင်မြင်မှုတွေပြန်လည် ဦးမော့လာစေတာကတော့ နည်းပြ မော်ရင်ညိုကို နည်းပြအဖြစ် ခန့်အပ်လိုက်ခြင်းပါပဲ။ ဒါပေမယ့် ကမ္ဘာ့အကောင်းဆုံးလို့ပြောလို့ရတဲ့ မော်ရင်ညိုတောင် အသင်းကိုကိုင်တွယ်ခဲ့တဲ့ သုံးနှစ်တာအတွင်း အသင်းကိုချန်ပီယံလိဂ်မှာ ဆီမီးဖိုင်နယ်အဆင့်နဲ့သာ နှစ်သိမ့်ခဲ့ပြီး အသင်းရဲ့ အလွန်အမင်းလိုချင်နေတဲ့ ၁၀ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်လည်း မော်ရင်ညိုဟာနောက်ဆုံးမှာ ရီးရဲမက်ဒရစ်အသင်းနဲ့လမ်းခွဲခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် မော်ရင်ညို ထွက်သွားပြီး ရောက်ရှိလာခဲ့တဲ့ နည်းပြအန်ဆယ်လော့တီကတော့ ရီးရဲမက်ဒရစ်အသင်းကို အသားကျအောင် ကိုင်တွယ်နိုင်တာကို တွေ့ရပါတယ်။ ဒါကလည်း မော်ရင်ညို သုံးနှစ်ကြာ ကိုင်တွယ်ပြီး အခြေကျအောင်တည်ဆောက်ပေးခဲ့တဲ့ ကျေးဇူးတွေကြောင့်လို့လည်းပြောနိုင်ပါတယ်။ ဒါပေမယ့် မော်ရင်ညိုရဲ့ လက်အောက်မှာ အောင်မြင်မှု ရရှိဖို့အတွက် ဖိအားတွေနဲ့ကစားခဲ့တဲ့ကစားသမားတွေဟာ အန်ဆယ်လော့တီရဲ့ လက်အောက်မှာတော့ ဖိအားနည်းနည်းနဲ့အကောင်းဆုံး ပျော်ရွှင်စွာကစားနေကြရပါတယ်။ အဲဒါဟာ ဒီနှစ်ရာသီ ရီးရဲမက်ဒရစ် အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိခြင်းရဲ့ အကြောင်းတရားတွေထဲမှာတော့ အဓိကအကြောင်းတရားတစ်ခုလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းဟာ၁၀နှစ်ကျော်ကြာ လိုချင်တောင့်တနေခဲ့တဲ့ ချန်ပီယံလိဂ်ဆုဖလားကို ရယူနိုင်မလားဆိုတာကတော့ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ရဲ့ အီစတာဒီယို ဒါလူကွင်းရဲ့ မြက်ခင်းစိမ်းပေါ်မှာ အက်သလက်တီကိုအသင်းနဲ့ကစားမယ့် ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲရဲ့ အဖြေကိုပဲ စောင့်ကြည့်ရင်း ...... .....

# ကမ္ဘာ့ဖလားမိတ်ဆက် - ၅ ကမ္ဘာ့ဘောလုံးလောကကိုခြိမ်းခြောက်ဦးမည့် စပိန်

သစ်မင်းအိမ်

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းပေါင်း ၃၂ သင်းအား ပရိသတ်ကြီးတင်လေ့လာနိုင်ရန်အတွက် သုံးသပ်ဖော်ပြရန် ရည်ရွယ်ခဲ့ပြီး အဆိုပါရည်ရွယ်မှုအရ အုပ်စု A မှ အသင်းများအကြောင်းကို တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် အုပ်စု B မှပြိုင်ပွဲဝင်အသင်းတစ်သင်းဖြစ်သည့် စပိန်အသင်းအကြောင်းကို လေ့လာနိုင်ရန် ထပ်မံဖော်ပြလိုက်ပါသည်။

### အစဉ်အလာနှင့်အောင်မြင်မှု

စပိန်သည် ယနေ့အချိန်တွင်ကမ္ဘာ့ဘောလုံးလောက၌ အသင်းကြီးတစ်သင်းအဖြစ် ရပ်တည်နေသကဲ့သို့ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းလည်းဖြစ်သည်။ စပိန်သည် ကမ္ဘာ့အဆင့်နိုင်ငံတကာပွဲများတွင် ပြိုင်ဘက်များ၏ အလေးထားမှုကို အစဉ်အမြဲရရှိခဲ့သော အသင်းလည်းဖြစ်သည်။ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၉ ကြိမ်တွင် ၁၃ ကြိမ်တိုင်ပြိုင်ပွဲဝင်ခွင့်ရခဲ့သောအသင်းဖြစ်သည်။ ယခင်က မည်မျှပင် ခြေစွမ်းကောင်းနေစေကာမူ အသင်းအတွင်း ညီညွတ်မှုမျိုးမရှိသောကြောင့် စပိန်သည် ပြိုင်ပွဲကြီးများတွင် ဗိုလ်စွဲရန် အစဉ်အမြဲရုန်းကန်ခဲ့ရသော်လည်း ယခုနောက်ပိုင်း စပိန်တွင် ကစားသမားကောင်းပေါကြွယ်ဝမှုနှင့်အတူ ညီညွတ်မှုများလည်း တည်ရှိလာသောကြောင့် ၂၀၁၀ ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ကမ္ဘာ့ချန်ပီယံဖြစ်လာသကဲ့သို့ ယနေ့အချိန်အထိ ကမ္ဘာ့ဘောလုံးလောကတွင် အသင်းတိုင်း၏ ကြောက်ရွံ့မှုကို သိမ်းပိုက်ရရှိထားနိုင်သော အသင်းတစ်သင်းအဖြစ် ရပ်တည်လျက်ရှိသည်။



### ခြေစစ်ပွဲမှခြေစွမ်းများ

အထူးသဖြင့် စပိန်သည် ခြေစစ်ပွဲအတွင်း၌ အကောင်းဆုံး ခြေစွမ်းကို ပြသနိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။ ပြင်သစ်ကဲ့သို့သော အသင်းကြီးတစ်သင်း ပါဝင်နေသည့် အုပ်စုတွင်း၌ ရှစ်ပွဲကစားခဲ့ရာ အရှုံးမရှိဘဲ ပြင်သစ်ကိုပင် တစ်ပွဲနိုင်၊ တစ်ပွဲသရေကစားကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်ပြီး လက်ရှိချန်ပီယံဆိုသော ဂုဏ်ဒြပ်အား အကောင်းဆုံး သက်သေပြနိုင်ခဲ့သော အသင်းဖြစ်သည်။ အထူးသဖြင့် စပိန်တွင် ဇာဗီ၊ အင်နီယေစတာတို့ကဲ့သို့သော ကစားသမားများမှာ အကျဘက် ရောက်ရှိလာပြီဖြစ်သော်လည်း ဖာဘရီဂတ်စ် အပါအဝင် ဆေးလ်ဗားလ်၊ ဂျီးဆက်နာ ဗက်စ် စသည့်ကစားသမားများအပြင် ကိုကီတို့ကဲ့သို့သော လူငယ်ကစားသမားများလည်း ပေါ်ထွက်လာပေရာ စပိန်၏ အနေအထားသည် လျှော့တွက်၍ မရသေးပေ။ တိုက်စစ်ပိုင်းတွင်လည်း ဒေးဗစ်ဗီလာနှင့် တောရက်စ်တို့ ခြေစွမ်းကျဆင်းနေသော်လည်း နိုင်ငံသားခံယူခဲ့သော ကော်စတာ၏ ခြေစွမ်းပြမှုသည် စပိန်၏ မျှော်လင့်ချက်များကို အသက်သွင်းလျက်ရှိနေသည်။

### စပိန်၏လားရာ

စပိန်သည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စုကျပ်အတွင်း ကျရောက်သည်ဟုလည်း မဆိုနိုင်ပေ။ စပိန်ပါဝင်သော အုပ်စုတွင်း၌ ဟော်လန်၊ ချီလီတို့ပါဝင်ပေရာ ခက်ခဲသော အုပ်စုဟု ဆိုနိုင်သော်လည်း စပိန်၏ လက်ရှိအနေအထားအရ အုပ်စုကို ကျော်ဖြတ်ရန်မှာ မခက်ခဲနိုင်ပေ။ စပိန်အနေဖြင့် အုပ်စုအဖွင့်ပွဲတွင် အဓိကပြိုင်ဘက်ဟော်လန်နှင့် ရင်ဆိုင်ရမည်ဖြစ်ရာ အဆိုပါပွဲတွင် အမှားအယွင်းမဖြစ်ခဲ့ပါက ချီလီ၊ ဩစတြေးလျတို့နှင့် ရင်ဆိုင်ရမည့်ပွဲများတွင် ရလဒ်ကောင်းရရှိရန် အလားအလာရှိနေသကဲ့သို့ အုပ်စုမှကျော်ဖြတ်ရန်လည်း ထင်သလောက်ခက်ခဲမည်မဟုတ်ပေ။ ထို့အပြင် စပိန်အနေဖြင့် အုပ်စုတွင်း၌ ဗိုလ်စွဲခဲ့ပါမူ ရှုံးထွက်အဆင့်တွင်လည်း အိမ်ရှင် ဘရာဇီးကို ရှောင်နိုင်ဖွယ်ရှိနေသောကြောင့် ကွာတားဖိုင်နယ်အထိ လမ်းပွင့်လျက်ရှိနေသည်ဟု ဆိုရမည်။

### ဦးဆောင်မှုနှင့်ယုံကြည်မှု

ဆိုရလျှင် လက်ရှိအချိန်တွင်စပိန်အသင်းအား ကိုင်တွယ်နေသောနည်းပြ ဒဲလ်ဘော့စကေးမှာ ဝါရင့်နည်းပြတစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် စပိန်အား တာဝန်ယူခဲ့သူဖြစ်ပြီး ၂၀၁၀ ကမ္ဘာ့ဖလား၊ ယူရို ၂၀၁၂ ပြိုင်ပွဲများတွင်စပိန်အား ချန်ပီယံဆုများကို အရယူပေးနိုင်ခဲ့သူတစ်ဦး လည်းဖြစ် သည်။ ထို့ကြောင့် စပိန်အသင်း၏ ဦးဆောင်မှုအခန်းကဏ္ဍအပေါ် သံသယဟူ၍ တစ်စုံတစ်ရာမျှပင်မရှိဟု ဆိုရပေမည်။ ထို့အပြင် စပိန်ကစားသမားအများစု၏ ပင်ကိုအရည်အသွေးကို သိနေသော သူတစ်ယောက်အနေဖြင့် ဒဲလ်ဘော့စကေးသည် ယခုနှစ်ကမ္ဘာ့ဖလားတွင်လည်း အသင်းကောင်းစွာ ကိုင်တွယ်နိုင်စွမ်းရှိပေသည်။



### စပိန်၏အနေအထား

ဆိုရလျှင် ယူရို ၂၀၁၂ တွင် ဒဲလ်ဘော့စကေးသည် ဒေးဗစ်ဗီလာ၊ တောရက်စ်တို့ကဲ့သို့သော တိုက်စစ်ကစားသမားများ ခြေစွမ်းကျဆင်းနေချိန်၌ပင် အသင်းချန်ပီယံဖြစ်ရန် တိုက်စစ်မှူး စစ်စစ် မပါဝင်သော ကစားကွက်များဖြင့် ကိုင်တွယ်နိုင်ခဲ့သည်ဖြစ်ရာ ဒဲလ်ဘော့စကေး၏ ဦးဆောင်မှုသည် စပိန်အား ယခုတစ်ကြိမ်တွင်လည်း အဆင့်တစ်ခုသို့ ကောင်းစွာ ပို့ဆောင်နိုင်စွမ်းရှိနေသည်ဟု ဆိုရပေမည်။

| စပိန်၏ ကမ္ဘာ့ဖလားမှတ်တမ်း | | |
|---|---|---|
| ၁၉၃၀ | - | ပြိုင်ပွဲမဝင် |
| ၁၉၃၄ | - | ကွာတားဖိုင်နယ် |
| ၁၉၃၈ | - | နုတ်ထွက် |
| ၁၉၅၀ | - | ဆီမီးဖိုင်နယ် |
| ၁၉၅၄ | - | ခြေစစ်ပွဲမအောင် |
| ၁၉၅၈ | - | ခြေစစ်ပွဲမအောင် |
| ၁၉၆၂ | - | အုပ်စုအဆင့် |
| ၁၉၆၆ | - | အုပ်စုအဆင့် |
| ၁၉၇၀ | - | ခြေစစ်ပွဲမအောင် |
| ၁၉၇၄ | - | ခြေစစ်ပွဲမအောင် |
| ၁၉၇၈ | - | အုပ်စုအဆင့် |
| ၁၉၈၂ | - | ဒုတိယအဆင့် |
| ၁၉၈၆ | - | ကွာတားဖိုင်နယ် |
| ၁၉၉၀ | - | ၁၆ သင်းအဆင့် |
| ၁၉၉၄ | - | ကွာတားဖိုင်နယ် |
| ၁၉၉၈ | - | အုပ်စုအဆင့် |
| ၂၀၀၂ | - | ကွာတားဖိုင်နယ် |
| ၂၀၀၆ | - | ၁၆ သင်းအဆင့် |
| ၂၀၁၀ | - | ချန်ပီယံ |

» ကျောဖုံးမှ

တင်းနစ်ပြိုင်ပွဲမှ နုတ် ထွက်ခဲ့ရကာ ကမ္ဘာ့အဆင့် ၃ တင်းနစ် သမား ဝါရင်ကာသည် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်၌ ဩစတြီးယားနိုင်ငံသား ဒိုမီနစ်သီအမ်ကို ၆-၁၊ ၂-၆၊ ၄-၆ ဖြင့် အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဖက်ဒါရာသည် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲများ၌ ၂၀၀၆၊ ၂၀၀၉ နှင့် ၂၀၁၂ ခုနှစ်များတွင် ချန်ပီယံဆုများ ရရှိခဲ့သူဖြစ်ပြီး လက်ရှိ ချန်ပီယံမှာ စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်လ်ဖြစ်သည်။

# ပြင်ဦးလွင်ဒေသနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လက်ဖက်စိုက်ခင်းများ

**မန္တလေးတိုင်းဒေသကြီး**



အမည်နာမငါးမျိုးဖြင့် ထင်ပေါ်ကျော်ကြားသောပြင်ဦးလွင်မြို့၏ အသံကိုကြားရသူတိုင်း ဆောင်းတွင်းနှင်းဖွေးဖွေး သရုပ်သကန်ကို မြင်ယောင်မိပေမည်။ ထို့အတူ စတော်ဘယ်ရီ နီရဲရဲ၊ မေမြို့ပန်းလှလှ၊ ကော်ဖီခါးခါး၊ တိုးဟူးခြောက်ဝါဝါ၊ ခေါပုတ်ရနံ့သင်းသင်းတို့ကိုလည်း တစ်ပါတည်း သတိရမှတ်မိနေကြမည်ဖြစ်ပေသည်။ ရောက်ရှိလာသူတိုင်းပြင်ဦးလွင်ကို ချစ်ခင်ကြသလို ဒေသထွက်ကုန်ပစ္စည်းများကိုလည်း နှစ်သက်မြတ်နိုးကြသောကြောင့်ပင် ဖြစ်သည်။

ပြင်ဦးလွင်ဒေသတွင် ရှေးယခင်ကတည်းက နာမည်ကျော်ကြားလူကြိုက်များလှသော ဒေသထွက်ကုန်များအပြင် ယခုအခါမြန်မာလူမျိုးတိုင်း ခုံမင်နှစ်သက်သည့် လက်ဖက်စိုက်ခင်းကြီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည်ကို တစ်မျှော်တစ်ခေါ် တွေ့ရမည်ဖြစ်ပေသည်။ မြန်မာလူမျိုးများ အနှစ်သက်ဆုံးဟု ပြောလေ့ပြောထရှိခဲ့သော အာဟာရဝတ္ထုသုံးမျိုးဖြစ်သည့် "အသားတွင်ဝက်၊ အသီးတွင်သရက်၊ အရွက်တွင် လက်ဖက်"ဟူ၍ "လက်ဖက်"ကို မြန်မာတို့၏ အကောင်းဆုံး၊ အကြိုက်ဆုံးအစားအစာထဲတွင် ထည့်သွင်းသတ်မှတ်ဖော်ပြထားကြသည်။

လက်ဖက်ကို ရှေးဟောင်းဒဏ္ဍာရီများက ဤသို့ဆိုသည်။ ရှေးနှစ်ရာပေါင်းများစွာက တရုတ်နိုင်ငံတွင် ဘာသာရေး၌ လွန်စွာကိုင်းရှိုင်းလှသည့် ဗုဒ္ဓဘာသာဝင်တစ်ဦး ရှိလေသည်။ ထိုသူသည် ကိုးနှစ်တိုင်တိုင် မအိပ်မနေဘဲ တရားအားထုတ်မည်ဟု အဓိဋ္ဌာန်ပြုကာ ကျင့်ကြံနေထိုင်ပြုမူဆောင်ရွက်လာခဲ့ရာ သုံးနှစ်ကြာသောအခါ ရုတ်တရက် အိပ်ပျော်သွားမိလေသည်။ နိုးလာသောအခါ ဤမျှညံ့ဖျင်းရမည်လောဟု မိမိကိုယ်ကိုမိမိ အပြစ်တင်ကာဆုံးမသည့်အနေဖြင့် သူ၏မျက်ခွံများကို လှီးဖြတ်ပြီးလျှင် လွှင့်ပစ်လိုက်ရာ မျက်ခွံများကျရာနေရာ၌ မြေတွင် အမြစ်တွယ်၍ အပင်လေးတစ်ပင် ပေါက်ရောက်လာလေသည်။ ထိုအပင်သည် ကမ္ဘာပေါ်တွင် ပထမဦးဆုံး ပေါက်ရောက်လာသော လက်ဖက်ပင်ဖြစ်သည်ဟု တရုတ်လူမျိုးများက ဆိုစမှတ်ပြုကြသည်။ ထို့ကြောင့်လည်း လက်ဖက်ရွက်ကို နတ်သစ်ရွက်ဟု တစ်မျိုးတစ်ဖုံခေါ်ဆိုကြခြင်းဖြစ်ပေမည်။

လက်ဖက်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုတွင် အရေးပါလှသော စားဖွယ်တစ်ခုဖြစ်သည်သာမက ရှေးမြန်မာလွှတ်တော်ရုံးများ၏ အဆုံးအဖြတ်၌ပင် လက်ဖက်ကိုစား၍ အမှုပြေငြိမ်းခြင်း၊ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြလေသည်။ မြန်မာလူမျိုးတို့၏ သာရေး၊ နာရေး၊ အလှူမင်္ဂလာပွဲစသည့်အခမ်းအနားပွဲတွင် လက်ဖက်မပါလျှင် မပြီးသည်မှာ ယနေ့ထက်တိုင်အောင်ပင် ဖြစ်လေသည်။

မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ်မြောက်ပိုင်း၌ လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ကျော်ကာလကပင် စတင်စိုက်ပျိုးခဲ့ကြသည်။ မိုးမိတ်၊ မိုင်းလုံ၊ နမ့်ဆန်၊ မိုင်းငေါ့နှင့် ကိုးကန့်ဒေသတို့တွင် အများဆုံးစိုက်ပျိုးခဲ့ပြီး ချင်းပြည်နယ်တွင် အနည်းငယ်စိုက်ပျိုးခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်ဝမ်၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့တွင်လည်း စိုက်ပျိုးပြီး ကမ္ဘာ့လက်ဖက်အထွက်ဆုံးနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်သည်။

လက်ဖက်ပင်များသည် ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၃၀၀၀မှ ၄၅၀၀ ကုန်းပိုင်းဒေသများ၊ အပူချိန် ၅ ဒီဂရီစင်တီဂရိတ်မှ ၃၂ ဒီဂရီ စင်တီဂရိတ်အထိရရှိသော အအေးပိုင်းဒေသများ၊ ၃၀ ဒီဂရီ မတ်သော တောင်ကုန်း၊ တောင်စောင်းများ၊ ရေနှင့်နီးသော ချောင်း၊ မြောင်း၊ လျှိုများ ကိုကြိုက်နှစ်သက်သဖြင့် ၎င်းအချက်အလက်များနှင့် ကိုက်ညီသည့် ပြင်ဦးလွင်ဒေသတွင်လည်း ယခုအခါ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီ ဖြစ်ပေသည်။

ပြင်ဦးလွင်ဒေသရှိ လက်ဖက်ပင်များကို ၁၉၈၄ခုနှစ်မှစတင်၍ ဆင်လမ်းကျေးရွာတွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုရှိခဲ့ ပြီး ယခု ဆင်လမ်းကျေးရွာတွင်သာမက ကျီးလှိုင်၊ အင်းယား စသည့်ရွာများတွင်လည်း စိုက်ပျိုးလျက်ရှိနေသည်။

ဆင်လမ်းကျေးရွာတွင် ယခုလက်ရှိအချိန်ထိ လက်ဖက်ပင်ဧက ၁၀၀ကျော်စိုက်ပျိုးထားရှိပြီး ဧက ၆၀ မှာ ခူးယူထုတ်လုပ်ရောင်းချနေပြီဖြစ်လေသည်။ လက်ဖက်ရွက်နုများ ခူးပြီးသော် ရှေးအခါက (၁)လက်ဖက်ရည်အဖန်ခြောက်၊ (၂)လက်ဖက်ရည် အချိုခြောက်၊ (၃) လက်ဖက်အစို၊ (၄) လက်ဖက်အဆီဟူ၍ လေးမျိုးခွဲထုတ်လုပ်သော်လည်း၊ ယခုအခါ (၁) အကောင်းဆုံး ရွှေဖီမိုးလွတ်လက်ဖက်ခြောက်၊ (၂) ကြမ်းချော အခါးခြောက်၊ (၃) အချိုခြောက် (အမှုန့်)၊ (၄) လက်ဖက်စိုက်(ပေါင်း/အချဉ်တည်) စသည်ဖြင့် သတ်မှတ်၍ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် တစ်နှစ်အတွင်း ခူးယူရရှိသော လက်ဖက်ရွက်များအလိုက် (၁)ရွှေဖီအိုင့်နမ့် (နှင်းတက်ခြောက် သို့မဟုတ် ရေချိုခြောက်)၊ (၂)ရွှေဖီဦး(သို့)ရွှေဖီမိုးလွတ်(သင်္ကြန်မကျမီထွက်သောအရွက်)၊(၃)ရိုးရိုးရွှေဖီ (သင်္ကြန်ကျပြီး ခါစထွက်သော အရွက်)၊ (၄)ခါးကန်(မိုးဦးကျခါနီးခူးသောအရွက်)၊ (၅)ခါးဝှပ်(မိုးဦးကျပြီးမှခူးသောအရွက်)၊ (၆)ခါးနှိုင်း(မိုးတွင်းခူးသောအရွက်) စသည်ဖြင့် ခွဲခြားထားရှိပြီး အနံ့အရသာ၊ အရောင် အသွေးကွာခြားမှုတို့အပေါ်မူတည်၍ ရောင်းဈေးနှုန်းများမှာလည်း ကွဲပြားလျက်ရှိနေသည်။ သို့သော် အရောင်အဆင်းနက်မှောင်ပြီး အစအနသေးသွယ်၍ လက်နှင့်ဆုပ်ကိုင်လိုက်လျှင် ဆူးချွန်များကဲ့သို့စူးသော ရွှေဖီမိုးလွတ်လက်ဖက်ခြောက်မှာ အကောင်းဆုံးနှင့် ဈေးအကြီးဆုံးဖြစ်လေသည်။

ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးလျက်ရှိသော လက်ဖက်ပင်များသည် အများအားဖြင့် တစ် နှစ်သားအရွယ်တွင် စတင်အရွက်ခူးယူနိုင်ပြီး သုံးနှစ်သားအရွယ်တွင် အရွက်ကောင်းစွာခူးယူရရှိ နိုင်ကြောင်းသိရသည်။ လက်ဖက်ခြံများတွင် အဓိကအားဖြင့် ပေါင်းမြက်များ မရှိအောင် ရှင်းလင်းပြုစုပေးရပြီး သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည်တို့သုံးစွဲရန် မလိုအပ်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို သုံးစွဲလျှင် အထွက်နှုန်းကောင်းသော်လည်း အရသာပေါ့သွားသောကြောင့် စိုက်ပျိုးသူများ သုံးစွဲခြင်းမပြုသည်ကိုလည်းသိရသည်။

လက်ဖက်ပင်မှ လက်ဖက်ရွက်များကို စိုက် ပျိုးပြီးအချိန်တိုအတွင်း တစ်နှစ်ပတ်လုံးခူးယူရရှိသဖြင့် စီးပွားရေးအရတွက်ခြေကိုက်သောကြောင့် လက်ဖက်ပင်များကို အများအပြား ဒေသအနှံ့စိုက်ပျိုးသင့်ပေသည်။ ဆင်လမ်း ကျေးရွာတွင်စိုက်ပျိုးထားသော ဧက ၆၀ မှ ခူးယူရရှိနေသည့် လက်ဖက်များကို ဒေသတွင်းရောင်းချနိုင်ရုံမျှမက တရုတ်၊ ထိုင်ဝမ်စသည့်များသို့ပင် တင်ပို့ရောင်းချနေရကြောင်းသိရသည်။ ယခုအခါ ပြင်ဦးလွင်ဒေသတွင်း ကော်ဖီပင်အများအပြား စိုက်ပျိုးထုတ်လုပ်လျက်ရှိလေရာ ကော်ဖီနှင့် လက်ဖက်မည်သည့်အပင်မှာ စီးပွားရေးအရ အဆင်ပြေနိုင်ကြောင်း လက်ဖက်စိုက်ပျိုးထုတ်လုပ်သူတောင်သူတစ်ဦးအား မေးမြန်းစုံစမ်းကြည့်ရာ "ဆင်းရဲလိုလျှင် ကော်ဖီစိုက်၊ ချမ်းသာလိုလျှင် လက်ဖက်စိုက်"ဟု ရယ်ရယ်မောမောဖြေဆိုသွားလေသည်။

မည်သို့ပင်ဖြစ်စေ ယခုစိုက်ပျိုးထားဆဲ သီးနှံပင်များသာမက ရာသီဥတု၊ ရေမြေသဘာဝ ကိုက်ညီသော လက်ဖက်ပင်များကို တိုးချဲ့စိုက်ပျိုးသွားပါက ဒေသတွင်းအလုပ်အကိုင် ဒေသဖွံ့ဖြိုးမှုတို့ကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။ ။

**သက်နိုင်(ပြင်ဦးလွင်)**

---

# လယ်ယာသားငါးသစ်တောကဏ္ဍဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

*(ယခင်အပတ်မှအဆက်)*

**လယ်ယာမြေအငြင်းပွားမှုနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ချက်များ**

- လယ်ယာမြေအငြင်းပွားမှုများသည် အချိန်ယူဖြေရှင်းရသဖြင့် သီးနှံများစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း စသည့်ကိစ္စများ ရှုပ်ထွေးလာနိုင်သောကြောင့် မြေယာမှုခင်းများကို ပြီးပြတ်အောင်ဆောင်ရွက်ရမည့် အချိန်ကာလများ ပြဋ္ဌာန်းပေးထားခြင်းဖြစ်ပါသည်။
- တောင်သူလယ်သမားထုအတွင်း မြေယာအငြင်းပွားမှု များပြားနေရခြင်းမှာ မြေယာမူဝါဒအပြောင်းအလဲကြောင့်ဖြစ်ပါသည်။
- လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးပြီး မြေယာမှုခင်းများ ဖြေရှင်းပြီးပါက လုပ်ကိုင်မှု၊ ပိုင်ဆိုင်မှုများ တဖြည်းဖြည်းတည်ငြိမ်လာမည်ဖြစ်ပါသည်။
- ကန့်သတ်ကာလများကို ပယ်ဖျက်ရန်မှာ ၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေပါ ပြဋ္ဌာန်းချက်များဖြစ်၍ မေးမြန်းချက်များအား ပြင်ဆင်ရန်မှာ ပြည်ထောင်စုလွှတ်တော်တွင် အဆင့်ဆင့်အတည်ပြုပြီးမှသာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်။

**ရေနုတ်မြောင်းတူးဖော်ခြင်း၊ မြောင်းများတည်ဆောက်ခြင်းနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ချက်များ**

- ရေနုတ်မြောင်းတူးဖော်ခြင်း၊ မြောင်းများတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဟသ်ာတမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု သဇင်အင်းမှ ဒါးကချောင်းထိ ရေနုတ်မြောင်း၊ အင်းကြီးကျေးရွာအုပ်စု သရက်အုပ်မှ ယုန်တလင်းထိ၊ ပိန်းအင်းဝမှ ယုန်တလင်းထိ၊ အင်းကြီးဝမှ လိတ္တူအင်းထိ ရေနုတ်မြောင်းတို့ကို ၂၀၁၄-၂၀၁၅ ခုနှစ် ဦးစားပေးလုပ်ငန်းတွင် ထည့်သွင်း၍ ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။
- **ကျန်လုပ်ငန်း ၁၀ ခုမှာ** လုပ်ငန်းအသစ်ဖြစ်သည့်အတွက် ကွင်းဆင်းစိစစ်၍ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ချောင်းကော၊ မြောင်းကောများတူးဖော်ရေးလုပ်ငန်း၊ ၂၀၁၅-၂၀၁၆ လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- အင်္ဂပူမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသော ချောင်းများမှာ ဝန်မြစ်အတွင်း စီးဝင်ရာ မိုးရာသီဝန်မြစ်ရေများချိန်တွင် ချောင်းရေများ လွယ်ကူစွာ မထုတ်နုတ်နိုင်သဖြင့် မြို့နယ်အတွင်း ရေလွှမ်းနစ်မြုပ်လေ့ရှိပါသည်။ ဝန်မြစ်ရေကျချိန်တွင် ကွင်းရေများအလျင်အမြန် ထုတ်နုတ်နိုင်ရေးအတွက် မြို့နယ်အတွင်းတိမ်ကောနေသော ရိုးချောင်းများကို ပြုပြင်တူးဖော်ရန်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရေနုတ်မြောင်း လေးမြောင်း တူးဖော်ခဲ့ပြီး ဒေသခံပြည်သူများအနေဖြင့် အကျိုးများစွာ ဖြစ်ထွန်းခဲ့ကြောင်း သိရှိရပါသည်။ ဆက်လက်၍ ၂၀၁၄-၂၀၁၅ ခုနှစ် အင်္ဂပူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုလျော့နည်းစေရေးအတွက် လုပ်ငန်း ၅၆ ခု ဆောင်ရွက်နိုင်ရန်လျာထားပြီးဖြစ်ပါသည်။
- အင်္ဂပူမြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစသော ရည်ရွယ်ချက်များဖြင့် ကညင်ရေလှောင်တမံ စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ဆည်ရေပေးဝေမည့် လယ်မြေအသီးသီးသို့ ရေပေးမြောင်းမကြီး၊ လက်တံမြောင်းများ၊ လက်တံခွဲမြောင်းများ တည်ဆောက်လျက် ဆည်ရေပေးဝေသွားမည်ဖြစ်ပါသည်။ ဤကဲ့သို့ တူးမြောင်းစနစ်များ တည်ဆောက်လျက်ရှိရာ တည်ဆဲဥပဒေအရ ၂၀၁၂-၂၀၁၃ ခုနှစ် နောက်ပိုင်းဆုံးရှုံးသည့် လယ်မြေများအတွက် ကျေးရွာအလိုက်ဧရိယာစာရင်းများကောက်ယူ၍ မြို့နယ်၊ ခရိုင်၊ တိုင်းလယ်မြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်၏ ညှိနှိုင်းဆုံးဖြတ်ချက်များ နှင့်သတ်မှတ်ပေးလျော်လျက်ရှိပါသည်။
- လေးမျက်နှာမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုလျော့ပါးရေးအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းတွင် ရေနုတ်မြောင်းကိုးမြောင်းတူးဖော်ပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိသော ရေနုတ်မြောင်းကိုးမြောင်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ရန်အတွက် အစီအစဉ်ရေးဆွဲထားရှိပြီး ရန်ပုံငွေရရှိရေးဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။ ရန်ပုံငွေရရှိပါက အမြန်ဆုံးတူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာ



ရှမ်းပြည်နယ် လားရှိုးဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ခွင့်ပြုပေးအပ်ခဲ့ရာ ယခုအခါ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်နေရပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းသည် ဧပြီ ၃၀ ရက်မှ မေ ၄ ရက်အထိ အဆိုပါ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယခုအခါ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဖောက်လုပ်နေသော ကုန်းကြမ်း-မုံဟောင်မြေသားလမ်း မိုင် ၂၀ တွင် ၁၀ မိုင်ခန့်ကို ကျောက်ခင်းထားပြီးဖြစ်သည်။ ရေအလွန်ရှားပါးသော မော်ထိုက်မြို့တွင် သောက်သုံးရေရရှိရေးကို ဆောင်ရွက်လျက်ရှိပြီး သာသနာရေး ထွန်းကားစေရန် မော်ထိုက်ဘုန်းကြီးကျောင်းနှင့် သိမ်ကျောင်းတို့ကိုလည်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

သောက်သုံးရေရှားပါးလှသော လောက်ကိုင်မြို့နယ် လော်တုံဖူး ၊ နမ့်တင်းပါ၊ ကိုကိုက်ထန် အပိုင်းများတွင် ရေရှိရေးလုပ်ငန်းကို သက်ဆိုင်ရာနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပညာရေးဖွံ့ဖြိုးမှုအတွက်လည်း ပါးဝေ အပိုင်းတွင် အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းကို ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် လောက်ကိုင်မြို့နယ်တွင်ပင် တာဖျင်ကျန်းအပိုင်း၌ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းကို ဆောက်လုပ်နေပြီး ရှောက်ကိုင်အပိုင်း လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်နေကာ သာရှန်အပိုင်းတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကိုလည်း ဆောက်လုပ်ပေးနေပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲလှသော တာရွှေထန်-လုံထန်အပိုင်းတွင်လည်း လမ်းမိုင် ၂၀ ခန့်ကို ဖောက်လုပ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့သလောက် ယခုအခါ နယ်စပ်ဒေသ တိုးတက်လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဌာနက ကုန်းကြမ်းနယ်လှည့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဖွင့်လှစ်ကာ အနီးကပ်ကွပ်ကဲမှု၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် မပြတ် ဆက်သွယ်ဆွေးနွေးညှိနှိုင်းမှုတို့ကြောင့် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လျှပ်စစ်မီး၊ သောက်သုံးရေ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအားလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေပြီဖြစ်ကြောင်း သိရသည်။

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် အချက်အချာကျသော ဟိုပန်မြို့တွင် ရေရရှိရေးကို ဆောင်ရွက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ပန်လုံချောင်းကူးတံတား အရှည်ပေ ၂၀ ကို တည်ဆောက်ပြီးစီးကာ တုံပကာ-နားမခေါ်မြေလမ်း(၉/၇)မိုင်ကို ဖောက်လုပ်ထားပြီး ပန်လုံ-ရွှေကျင်ထု-ကွန်ခေါ်ကျိုင်း-ကျယ်ပန်ကျိုင်း မြေလမ်း(၇/၃)မိုင်အားလည်း ဆက်လက်ဖောက်လုပ်နေကာ လူမှုစီးပွားဘဝများ လုံခြုံတိုးတက်ရေးအတွက် ပန်ကောက်ရပ်မြင်သံကြိုးထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ခြင်း၊ ဖာကျွတ်တွင် အခြေခံပညာ မူလတန်းကျောင်း တစ်ကျောင်းတည်ဆောက်ခြင်း၊ ပန်လုံတွင် ဆိတ်မွေးမြူရေးခြံဆောင်ရွက်ခြင်း၊ ရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သို့ဖြင့် တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှုမရှိသလောက်နည်းပါးခဲ့ပြီး ကားလမ်းဟူ၍ မည်မည်ရရမရှိသော နယ်စွန်နယ်ဖျားများဖြစ်သည့် ကိုးကန့်နှင့် “ဝ”ဒေသများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီးနောက် နယ်စပ်ဒေသ တိုးတက်လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဌာန၏ အဘက်ဘက်မှ ပံ့ပိုးကူညီမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသနေ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ တက်ကြွစွာ ပါဝင်လုပ်ကိုင်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုအပေါင်းဖြင့် ဝေဆာပွင့်ဖြိုး အလှတိုးနေပြီဖြစ်ကြောင်း သိရသည်။



ဆောင်းပါး - သမန်းကျား

ရန်ကုန်တိုင်းဒေသကြီး

# အမျိုးပေါင်း ၁၀၀ ကျော်ပါဝင်ပြသမည့် ပထမအကြိမ် မြန်မာ့သရက်သီးပွဲတော်

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ရွှေပုစွန်သစ်သီးထုတ်လုပ်မှုနှင့် G.I.Z (ဂျာမနီ)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာ့သရက်သီးပွဲတော်ကို မေ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ရွှေပုစွန်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အသင်းဥက္ကဋ္ဌဦးစိုးသန်းမင်းဒင်က “ဒီပွဲက မြန်မာနိုင်ငံအနေနဲ့ ပထမဦးဆုံးကျင်းပတဲ့ပွဲပါ။ ပြပွဲ၊ ပြိုင်ပွဲအပြင် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲလည်းပါပါတယ်။ သရက်စိုက်တောင်သူတွေအတွက် အလွန်အကျိုးရှိပါတယ်”ဟု ဆိုခဲ့သည်။

ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ သရက်မျိုးကောင်းမျိုးသန့်များကို ပြန်လည်ဖော်ထုတ်ရန်၊ ပြည်တွင်း၊ ပြည်ပဈေးကွက်မြှင့်တင်ရန်၊ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တော်ဝင်သီးနှံအဖြစ်အောင်မြင်မှုရစေရန်၊ သရက်စိုက်တောင်သူများ၏ ဘဝမြှင့်တင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ဒေသအလိုက်ထွက်ရှိသော သရက်သီးမျိုးပေါင်း ၁၀၀ ကို ခင်းကျင်းပြသထားမည်ဖြစ်ပြီး သရက်နှင့် ဆက်စပ်သောပစ္စည်းများ ထွက်ကုန်များကို တွဲဖက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် စီးပွားဖြစ်စိုက်ပျိုးကြသူများအတွက် ---နှင့် ---ဝါသနာအလျောက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသူများအတွက် သရက်သီးဆေးကုခန်း”ဟု အမည်ပေးထားသော အခန်းတွင် သရက်နှင့်ပတ်သက်သည့် အခက်အခဲများ၊ ပိုးကျမှု၊ အထွက်နှုန်းနည်းမှု၊ အခြားရောဂါလက္ခဏာဖြစ်ပွားမှုများကို ဖြေရှင်းပေးမည့် သရက်ပဟေဠိအဖြေညှိအစီအစဉ်များလည်းပါရှိမည်ဟု သိရသည်။

ပြိုင်ပွဲအနေဖြင့် နာမည်ကြီးမျိုးများဖြစ်သည့် စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ မြကျောက်နှင့် အခြားသရက်အမျိုးအစားများပါပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်သရက်သီးများကို အရေအတွက်အားဖြင့် အနည်းဆုံး ဆယ်လုံးထက်မနည်း၊ မေ ၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲပြိုင်ပွဲတွင် သရက်သီးများအားလုံးကို ပြိုင်ပွဲနောက်ဆုံးရက်ဖြစ်သော မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် လေလံတင်ရောင်းချသွားမည်ဟု ဆိုသည်။

ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က “အခုလိုပြပွဲ၊ ပြိုင်ပွဲပြုလုပ်ပြီးလေလံတင်ရောင်းချပစ်တာ ကမ္ဘာပေါ်မှာ အမေရိကန်နိုင်ငံတစ်နိုင်ငံပဲရှိပါတယ်။ အခုဆို မြန်မာနိုင်ငံက ကမ္ဘာမှာ ဒုတိယအဖြစ် မှတ်တမ်းဝင်သွားတော့မှာပါ”ဟု ဆိုသည်။

လေလံတင်၍ ရရှိသော ငွေအားလုံးကို ဆင်းရဲနွမ်းပါး မိဘမဲ့ကလေးများ ကျောင်းနှင့် မျက်မမြင်ကျောင်းများ စုစုပေါင်း ၁၀ ကျောင်းသို့ လှူမည်ဖြစ်သည့်အတွက် ဥစ္စာလည်းရ၊ ပညာလည်းရ၊ ကုသိုလ်လည်းရမည့်ပြပွဲ၊ ပြိုင်ပွဲ တစ်ပွဲဖြစ်ပေသည်။

ပွဲတော်ပြုလုပ်စဉ် သုံးရက်အတွင်း စာတမ်းပေါင်း ၂၀ ဖတ်ကြားမည်ဖြစ်ပြီး ထိုအထဲတွင် နိုင်ငံခြားသားပညာရှင်ရှစ်ဦးက ပါဝင်ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆိုသည်။ ထို့အပြင် သရက်နှင့်ပတ်သက်၍ စိုက်ပျိုးသည်မှ ဈေးကွက်ရရှိသည်အထိ နည်းလမ်းကောင်းများ၊ အသိပညာများ ရရှိသွားမည် ဖြစ်သည်။

ပြပွဲရက်များအတွင်း ကိုင်းကူး၊ ကိုင်းဆက်နည်းပညာသင်တန်းများကို တစ်နေ့လျှင် သုံးကြိမ်တိုင်တိုင်ပြသပေးသွားမည်ဖြစ်သည့်အပြင် ပွဲတော်လာပရိသတ်များကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ အနုပညာရှင်များက ဖျော်ဖြေမှုများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)



ဥတုရာသီတောကိုမှီ၏။

မန္တလေးတိုင်းဒေသကြီး



# ရမည်းသင်းမြို့နယ်တွင် မိုးပဲတီစိမ်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဧပြီလဆန်းမှစတင်ကာမိုးများ ရွာသွန်းလျက်ရှိရာ ဧပြီလတွင် မိုးရွာရက်၇ရက်က (၄ဒသမ ၀၉) လက်မရွာသွန်းခဲ့ရာ နှစ်ပေါင်း ၅၀ အတွင်း ထူးခြားစွာရွာသွန်းခဲ့ခြင်းဖြစ် ကြောင်းသိရသည်။ ၄င်းရွာသွန်းခဲ့သော မိုးရေနှင့်အတူ တောင်သူများက နွေထယ်ရေး ပြင်ဆင်ခြင်းတို့ လုပ်ဆောင်လျက်ရှိကြသည်။

စံပြ-သိမ်ကုန်းကျေးရွာ၊မြင်းနားကျေးရွာများတွင် ဧပြီ ၂၉ရက်က စိုက်ပျိုးပညာပေးရေးဝန်ထမ်းများက မိုးပဲတီစိမ်းစံပြကွက် စိုက်ပျိုးပြသလျက်ရှိရာ တောင်သူများကို မျိုးကောင်းမျိုးသန့်ဖြစ်သော (ရေဆင်း-၉၊ ရေဆင်း-၁၁၊ ရေဆင်း-၁၄)မျိုးများစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ အသုံးပြုစိုက်ပျိုးရေး၊ ဈေးကွက်အခြေအနေတို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ တောင်သူများ ယခုနှစ်တွင် စိုက်ချိန်ကာလစောစောစိုက်ပျိုးနိုင်၍ ဈေးကောင်းရရှိရန် အားခဲစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ယာမြေများတွင် မိုးဦးကာလ ပဲတီစိမ်းသီးနှံ စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် စပ်မျိုးနေကြ၊ ချည်မျှင်ရှည်ဝါနှင့် သီးနှံများကို သီးထပ်အဖြစ် ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ရာ တောင်သူများအတွက် သင့်တော်သော သီးနှံပုံစံဖြစ်သည်နှင့်အညီ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မိုးပဲတီစိမ်းဧက ၅၀၀၀၀ကျော် စိုက်ပျိုးနိုင်ရေးလျာထား ဆောင်ရွက်လျက်ရှိရာ လိုအပ်သောမျိုးများကို ဖြန့်ဖြူးခြင်း၊ စိုက်နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းပညာပေးကူညီလျက်ရှိကြောင်းသိရသည်။

ယခုနှစ်တွင် မိုးဦးကျမိုးကောင်းသောကြောင့် စိုက်ချိန်စောစော စိုက်ပျိုးနိုင်၍ တောင်သူများ ဈေးကောင်းပြီး အထွက်နှုန်းတိုး၊ ဝင်ငွေတိုး အိပ်မက်များ မက်လျက် စိတ်ကူးယဉ်ဝမ်းသာပီတိဖြစ်နေကြောင်း သိမ်ကုန်းရွာတောင်သူတစ်ဦးထံမှ ကြားသိရသည်။

တင်ဦး (ရမည်းသင်း)




မကွေးတိုင်းဒေသကြီး

# ဂန့်ဂေါ ဇာဟောကျေးရွာတွင် ၂၄ နာရီ မီးလင်းရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ဇာဟောကျေးရွာအုပ်စု ဇာဟောကျေးရွာတွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့်ကိုယ့်အားကိုယ်ကိုး မီးလင်းရေးအတွက် လုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

ဇာဟောကျေးရွာတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီများကို ဇန်နဝါရီလမှစတင်၍ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြပြီး ၁၁ ကေဗွီဓာတ်အားလိုင်းနှစ်မိုင်နှင့် ၄၀၀ / ၂၃၀ ဗို့ ဓာတ်အားလိုင်းနှစ်မိုင်တည်ဆောက်ခြင်း၊ ၁၁ /၀ ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းတို့ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေကြပြီဖြစ်သည်။ ယင်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်စုစုပေါင်း ကျပ်သိန်း ၁၀၈၉ ကျော်ခန့် ကုန်ကျမည်ဟု ခန့်မှန်းတွက်ချက်ထားပြီး ယခုနှစ် မေလကုန်တွင် လျှပ်စစ်ကြိုးသွယ်တန်းခြင်းလုပ်ငန်းကိုအပြီးသတ်ဆောင်ရွက်နိုင်ရန် ကြိုးစားလုပ်ကိုင်ကြလျက်ရှိသည်။ ဓာတ်အားလိုင်းနှင့်ထရန်စဖော်မာတည်ဆောက်တပ်ဆင်ပြီးစီးပါက ကျေးရွာအတွင်း လမ်းမီး၊ အိမ်မီး၊ ရေတင်ကွန်ပရက်ဆာ၊ တီဗွီအပေါ်စက်၊ အောက်စက်၊ မီးပူ၊ ပန်ကာများအတွက် လျှပ်စစ်ဓာတ်အား စုစုပေါင်း ၁၁၂ ဒသမ ၉၀ ကီလိုဝပ်ကို သုံးစွဲနိုင်ကြမည်ဖြစ်သည်။ ဇာဟောကျေးရွာသည် အိမ်ထောင်စုပေါင်း ၆၃၂ စုရှိပြီး ကနဦးအနေဖြင့် အိမ်ထောင်စု ၂၂၈ စုနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ ၊ စာကြည့်တိုက်များမှ လျှပ်စစ် ဓာတ်အားကို စတင်ရယူသုံးစွဲကြမည်ဖြစ်ကာ နောင်ကာလများ၌ ရွာလုံးကျွတ်မီးလင်းရေးကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ယခင်က ဂန့်ဂေါမြို့နယ်တွင် လျှပ်စစ်ဌာနနှင့်ပုဂ္ဂလိက ဒီဇယ်အင်ဂျင်မီးစက်များမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲခဲ့ကြရရာတွင် တစ်ညလျှင် နှစ်နာရီခန့်သာ မီးလင်းခဲ့သော်လည်း ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၄ ရက် ညနေ ၆ နာရီခန့်မှ စတင်၍ မဟာဓာတ်အားလိုင်းသွယ်တန်းပြီးစီးသော နေရာများသို့ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးလျက်ရှိရာ အကြောင်းတစ်စုံတစ်ရာကြောင့် လျှပ်စစ်ဓာတ်အားရုံဖန်ရံခါ ခေတ္တပြတ်တောက်ချိန်များမှလွဲ၍ လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်သုံးစွဲခွင့် ရရှိနေကြပြီ ဖြစ်သည်။ ယခုအခါ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားရယူသုံးစွဲနိုင်ရေးအတွက် ဇာဟောကျေးရွာသာမက စိုင်ဒူး၊ လာပို့၊ ပျား စသည့်ကျေးရွာများတွင်လည်း စီစဉ်ဆောင်ရွက်နေ ကြပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

ကြီးမြင့်နိုင် (လှိုင်ကော်)

မြန်မာ့အလင်း
၉-၅-၂၀၁၄ (သောကြာနေ့)

# ရခိုင်ပြည်နယ်အတွင်းရေကန် ၁၀၀ ၊ ရေတွင်း၂၀၀



နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ်အသီးသီး၌ နွေရာသီသောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးထောက်ပံ့ရန်ပုံငွေမှ ၁၄၁ ဒသမ ၈၉ သန်း ကျခံသုံးစွဲလျက် အဝီစိတွင်းများ တူးဖော်ခြင်း၊ ရေတွင်းများတူးဖော်ခြင်း၊ ရေကန်များ တည်ဆောက်ပေးခြင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်တွေမြို့နယ်အတွင်း၌ မြို့ပေါ်ရပ်ကွက် ၂၁ ခုနှင့်ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဇောဘုဂျာ၊ သင်ပုန်းတန်း၊သဲချောင်း၊မောင်နီပြင်၊ နာရီကန်၊ ကြို့တဲ၊ရေချမ်းပြင်၊ ကံကော်ကျွန်း၊ အောင်မင်္ဂလာ၊ရွာသစ်ကေ၊ကျက်တောပြင်၊ သင်္ဂနက်၊ကျားမသောက်၊ အမြင်ကျွန်း၊ ချီလည်ပင်၊ကျေးတော၊ အောင်တိုင်း၊ ညိုရောင်၊ မိုင်နား၊ တောကန်စသည့်ကျေးရွာ ၂၀ တို့တွင် အဝီစိတွင်း ၉၀ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်သည်။

ထို့အတူ ရသေ့တောင်မြို့နယ်အတွင်း၌ ကိုးတန်ကောက်ကျေးရွာတွင် ရေကန်သုံးကန်၊ ချိန်ခါလီကျေးရွာတွင် ရေကန်သုံးကန်စီကို ပေ ၁၀၀ ပတ်လည်၊ အနက် ၁၀ ပေစီဖြင့် တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ပေါက်တောမြို့နယ်၌လည်း ရေကန်ရှစ်ကန်ကို ကြိမ်နီပြင်၊ ငှက်ချောင်း၊ အနောက်ရုံ၊ ဆင်တက်မော်ကျေးရွာများတွင် တူးဖော်ပေးလျက်ရှိသည်။ မြောက်ဦးမြို့နယ်၌ ရေတွင်းသုံးတွင်း၊ ရေကန်ငါးကန်၊ ကျောက်တော်မြို့နယ်၌ ရေကန် ၁၂ ကန်၊ မြေပုံမြို့နယ်၌ နှစ်ကန်၊ကျောက်ဖြူမြို့နယ်၌ ရေတွင်းနှစ်တွင်း၊ ရေကန်တစ်ကန်၊ အဝီစိတွင်းတစ်တွင်း၊ မောင်တောမြို့နယ်၌ ရေတွင်း ၁၂ တွင်း၊ ရေကန်ခုနစ်ကန် တူးဖော်ပေးလျက်ရှိရာ စုစုပေါင်းအားလုံး ရေတွင်း ၁၇ တွင်း၊ ရေကန် ၄၁ ကန်၊ အဝီစိတွင်း ၉၂ တွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မောင်တောမြို့နယ်အတွင်း၌ နန်းရာကိုင်း၊ ကျောက်ပန္ဒူ၊ ခရေမြိုင်၊ အောင်ဇေယျ၊ သုခမြိုင်၊ ထရိန်၊ ကိုင်းကြီး၊ ကန်သာယာ၊ ကန်ပြင်သာစည်၊ သဘော်လှ၊ လောင်းဒုံးကျေးရွာများ၌ တူးဖော်ဆောင်ရွက်ပေးနေသော ရေတွင်းရေကန်များမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

**စစ်တွေမြို့အပါအဝင် မြို့နယ်အသီးသီး၌ နွေရာသီသောက်သုံးရေလုံလောက်စွာ ရရှိရေး ရေတွင်းများတူးဖော်ခြင်း၊ ရေကန်များ တည်ဆောက်ပေးခြင်း ဖော်ဆောင်လျက်ရှိ**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၃ ရက်က စစ်တွေမြို့ မင်းဂံရပ်ကွက်အတွင်း အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်တွေမြို့နယ် လူထုသောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေးမူလရန်ပုံငွေမှ ငွေကျပ် ၂၈၅ သန်း သုံးစွဲလျက် စစ်တွေ၊ ရသေ့တောင်၊ မောင်တော၊ ပေါက်တော၊ ကျောက်တော်၊မြောက်ဦး၊မင်းပြား၊မြေပုံ၊ကျောက်ဖြူ၊မာန်အောင်နှင့် တောင်ကုတ်မြို့နယ်တို့တွင် ရေကန် ၃၄ ကန်၊ ရေတွင်းတစ်တွင်း၊ သောက်သုံးရေသွယ်ယူခြင်းလုပ်ငန်းရှစ်ခု ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ နွေရာသီတွင် သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စုစုပေါင်းငွေကျပ် ၄၂၆ ဒသမ ၈၉ သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ပေးသည့် ရပ်ကွက်နှင့် ကျေးရွာအချို့သည် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသောနေရာများဖြစ်၍ သောက်သုံးရေရရှိရေးအတွက်သာမက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုပါ များစွာအထောက်အပံ့ဖြစ်စေခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နွေရာသီရေလုံလောက်စွာရရှိရန် ကန် ၁၀၀၊ တွင်း ၂၀၀ ပြည့်မီရေးအတွက် ရေတွင်း၊ ရေကန်များ ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**မြင့်စိုး(နတလ)**

ပဲခူးတိုင်းဒေသကြီး

# စကောကရင်တိုင်းရင်းသားရိုးရာစာပေ သင်ကြားရေးမွမ်းမံသင်တန်းဖွင့်

**ပဲခူးတိုင်းဒေသကြီးအဆင့် စကောကရင်တိုင်းရင်းသားရိုးရာစာပေ သင်ကြားရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီက ညောင်လေးပင်မြို့ အမကအာဇာနည်လမ်းကျောင်း၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်နှင့်မြို့နယ်ပညာရေးမှူး ဒေါ်နော်ချစ်မေတို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသားများအား မိတ်ဆက်ပေးသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်က အလှူငွေကျပ် တစ်သိန်း၊ ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင်က အလှူငွေ ကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်နော်ချစ်မေက လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ခဲ့ကြပြီး သင်တန်းကို ညောင်လေးပင်၊ ထန်းတပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ကဝမြို့နယ်များမှ သင်တန်းသား ၅၆ ဦး တက်ရောက်ကာ သင်တန်းဆရာ ငါးဦးဖြင့် မေ ၆ ရက်မှ ၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စကောကရင်စာပေဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**






**နိုင်ငံ့ဘက်စုံတည်ဆောက်ရေး
မှန်မှန်ကန်ကန် အခွန်ပေး**

မြန်မာ့အလင်း
၉-၅-၂၀၁၄ (သောကြာနေ့)

# မေဝဲလ်သာနှင့် မိုင်ဒါနာတို့ စိတ်မကျေပွဲ ထိုးသတ်ဖြစ်ရန် အလားအလာရှိနေ




ရှုံးပွဲမရှိသေးသူ အမေရိကန် လက်ဝှေ့သမား ဖလွိုက်မေဝဲလ်သာနှင့် အာဂျင်တီးနား လက်ဝှေ့သမား မိုင်ဒါနာတို့သည် စိတ်မကျေပွဲ ထိုးသတ်ဖြစ်ရန် အလားအလာရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ မေဝဲလ်သာနှင့် မိုင်ဒါနာတို့သည် ပြီးခဲ့သည့် မေ ၃ ရက်တွင် ထိုးသတ်ခဲ့ရာ မေဝဲလ်သာက အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲတွင် မေဝဲလ်သာက ၁၁၇-၁၁၁၊ ၁၁၆-၁၁၂၊၁၁၄-၁၁၄ မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး WBC မစ်ဒယ်ဝိတ်ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ကာ WBC စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ရယူနိုင်ခဲ့သည်။ သို့သော်လည်း အဆိုပါပွဲတွင် မိုင်ဒါနာသည် မေဝဲလ်သာအား သူ၏ ယခင်ပြိုင်ဘက်များထက် လက်သီးချက်များ ပိုမိုထိုးသတ်နိုင်ခဲ့ကာ မိုင်ဒါနာ၏ ထိုးသတ်ချက်ကြောင့် မေဝဲလ်သာ၏ ညာဘက်မျက်ခုံး ကွဲသွားခဲ့ရသည်။

မေဝဲလ်သာ (၃၇နှစ်) အား အကောင်းဆုံး ထိုးသတ်နိုင်ခဲ့သော်လည်း အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည့် မိုင်ဒါနာက အဆိုပါပွဲအပြီးတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ "တကယ်လို့သာ ပရိသတ်တွေက ကျွန်တော်နဲ့ မေဝဲလ်သာတို့ ထိုးသတ်တာကို နောက်ထပ်တစ်ကြိမ် မြင်တွေ့ချင်တယ်ဆိုရင် ကျွန်တော်တို့ စိတ်မကျေပွဲ ပြန်လည်ထိုးသတ်ဖြစ်ပါလိမ့်မယ်"ဟု ပြောသွားသည်။

အကယ်၍ မေဝဲလ်သာနှင့် မိုင်ဒါနာတို့ စိတ်မကျေပွဲ ပြန်လည်ထိုးသတ် ဖြစ်ခဲ့ပါက အဆိုပါပွဲသည် မေဝဲလ်သာ အတွက် ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးထိုးသတ်သည့် စိတ်မကျေပွဲ ဖြစ်လာမည်ဖြစ်သည်။ မေဝဲလ်သာသည် ၂၀၀၂ခုနှစ် ဧပြီ ၂၀ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် မက္ကဆီကိုနိုင်ငံသား ဟိုဆေးလူးဝစ်ကက်စတီလိုနှင့် စိတ်မကျေပွဲအဖြစ် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး နှစ်ပွဲစလုံး၌ မေဝဲလ်သာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် မေ ၃ ရက်၌ပင် အမေရိကန်နိုင်ငံသား လူးဝစ်ကိုလာဇိုကို ၁၁၉-၁၀၄၊ ၁၁၉-၁၀၄၊ ၁၁၇-၁၀၆ ဖြင့် အနိုင်ရရှိခဲ့သူ ဗြိတိန်လက်ဝှေ့သမား အမီယာခန်းက သူသည် မေဝဲလ်သာအားအနိုင်ယူနိုင်မည့် တစ်ဦးတည်းသော ပြိုင်ဘက်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

စုစုပေါင်း ၃၂ ပွဲထိုးသတ်ခဲ့ရာတွင် ၂၉ ပွဲအနိုင်ရကာ ၁၉ ပွဲ အလဲထိုးနိုင်ခဲ့ပြီး သုံးပွဲ ရှုံးနိမ့်ခဲ့သူ အမီယာခန်းက "မေဝဲလ်သာက အသက်အရွယ်ရလာပါပြီ။ ဒါကြောင့်လည်း ပရိသတ်တွေက အသက်အရွယ်ငယ်ရွယ်သူ လက်ဝှေ့သမားတစ်ဦးက မေဝဲလ်သာကို အနိုင်ယူတဲ့ မြင်ကွင်းမျိုးမြင်တွေ့ချင်တဲ့ဆန္ဒရှိနေကြတယ်။ မေဝဲလ်သာကို အနိုင်ယူမယ့် အခွင့်အရေးရယူနိုင်တဲ့ လက်ဝှေ့သမားကတော့ကျွန်တော်ပါပဲ။ ကျွန်တော်က သူ့ထက် လျင်မြန်မှုရှိတယ်။ ဒါကိုလည်း သက်သေပြခဲ့ပြီးပါပြီ"ဟု ပြောသွားသည်။

**အောင်က**

# မိသားစုကိစ္စကြောင့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲမှ ဖက်ဒါရာ နုတ်ထွက်

ပြီးခဲ့သည့် မေ ၃ ရက်မှစတင်ကာ စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပခဲ့ပြီး မေ ၁၁ ရက်တွင် ပြီးဆုံးမည့် ၂၀၁၄ ခုနှစ် **Mutua Madrid Open** တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ကမ္ဘာ့အဆင့် ၄ တင်းနစ်သမား ရော်ဂျာဖက်ဒါရာက သတင်းထုတ်ပြန်ကြေညာလိုက်သည်။ ဆွစ်ဇာလန်နိုင်ငံသား ဖက်ဒါရာ၏ ဇနီးဖြစ်သူ မီယာကာဗာဗရင်းသည် ပြီးခဲ့သည့် မေ ၆ ရက်တွင် အမြွှာပူး သားနှစ်ဦးကို မွေးဖွားခဲ့ပြီးနောက် ဖက်ဒါရာက **Mutua Madrid Open** တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။





ဖက်ဒါရာသည် ဆွစ်ဇာလန်နိုင်ငံ သူ တင်းနစ်မယ်ဟောင်း မီယာကာနှင့် ၂၀၀၀ ပြည့်နှစ်အတွင်း စတင်ဆုံတွေ့ခဲ့ကာ ၂၀၀၉ ခုနှစ် ဧပြီလအတွင်းတွင် လက်ထပ်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် မီယာကာသည် ပထမဆုံးရင်သွေးအဖြစ် အမြွှာပူးသမီးနှစ်ဦးကို မွေးဖွားခဲ့သည်။ မီယာကာသည် ခြေထောက်ဒဏ်ရာကြောင့် ၂၀၀၂ ခုနှစ်တွင် တင်းနစ်ကစားခြင်းမှ အနားယူခဲ့သူဖြစ်သည်။

ဖက်ဒါရာနှင့် မီယာကာတို့သည် အမြွှာပူးသားငယ်နှစ်ဦးအား လီယိုနှင့် လန်နီဟု အမည်ပေးထားသည်။

အသက် ၃၂ နှစ်အရွယ်ရှိ ဖက်ဒါရာက "ကျွန်တော့် မိသားစုအတွက် စိတ်လှုပ်ရှားဖွယ်ရက်တွေအတွင်း ဇနီး နဲ့အတူ နေနိုင်ဖို့ Mutua Madrid Open တင်းနစ်ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့တာပါ။ ဒီလိုနုတ်ထွက်ခဲ့ရတဲ့ အတွက် ကျွန်တော့်ရဲ့ ပရိသတ်တွေကို တောင်းပန်ပါတယ်။ လာမယ့်နှစ် ပြိုင်ပွဲမှာတော့ ပြန်လည်ပါဝင်ယှဉ်ပြိုင်ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားတယ်။ ဒီရက်ပိုင်းအတွင်းမှာတော့ ကျွန်တော့်ရဲ့ အိမ်အနီးအနားမှာပဲ လေ့ကျင့်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

ကမ္ဘာ့အဆင့် ၂ တင်းနစ်သမား နိုဗက်ဂျိုကိုဗစ်သည်လည်း ညာဘက် လက်မောင်းဒဏ်ရာကြောင့် Mutua Madrid Open

စာမျက်နှာ ၇သို့ »